www.burmeseclassic.com

# ရီရီဒွေး

## နဂါးနက်ရေအိုင်

နှင့်

အခြားဝတ္ထုတိုများ




www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ နဂါးနက်ရေအိုင် ၇

၂။ ဘီလူးပန်းဆွဲ ၁၉

၃။ မဒရပ်မှဖြစ်ရပ်ဆန်း ၃၁

၄။ အံ့ဖွယ်ဖြစ်စဉ် ပုခက်တင်မင်္ဂလာရှင် ၃၇

၅။ ခွင့်လွှတ်ပါ မေမေ ၄၃

၆။ အဖန်ငါးရာ ငါးကမ္ဘာလော ၅၇

၇။ နတ်သစ်စေ့ ၇၁

၈။ ဝိညာဉ်မြင် နတ်ဆေးရှင် ၈၁

၉။ လပြည့်ည၏ ထူးဆန်းသောညှော်သည် ၉၃

၁၀။ ထူးဆန်းသော မိုးကျကျောက်ဖြူတုံးကြီး ၁၀၃

၁၁။ ရိုးမတောကြီးထဲမှ ထူးဆန်းသောရေတွင်းပျက်ကြီး ၁၁၅

၁၂။ အံ့ဖွယ်ထွင့်ခေါင် ရှင်သူငယ်တောင် ၁၂၅


# ရီရီမြေး

# နဂါးနက်ရေအိုင်

နှင့်

အခြားဝတ္ထုတိုများ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





# နဂါးနက်ရေအိုင်

BURMESE CLASSIC .com

နဂါးနက်ရေအိုင်တဲ့ . . . ။

နဂါးနက်ရေအိုင်ဟု အမည်ပေးထားသည့် ရေအိုင်ကျယ်တစ်ခုမှာ အလယ်ရိုးမတောကြီးအတွင်း ရှိသည်ဟု ရိုးမမုဆိုးများ ပြောကြပါသည်။ 'သေချင်ရင် စိန်မစားနဲ့၊ နဂါးနက်ရေအိုင်သွား' ဟူသော စကားသည် ရိုးမမုဆိုးများ၏ လက်သုံးစကားအဖြစ် ပြောစမှတ်တွင်အောင် အန္တရာယ်ကြီးလှပါသည်။ ရိုးမမုဆိုးများ ရှောင်ကျဉ်သည့် နေရာတွင် နဂါးနက်ရေအိုင်သည် ထိပ်ဆုံးမှ ပါဝင်ခဲ့ပါသည်။ ဤသို့ ဖြစ်ရခြင်းအကြောင်းကား . . . ။

ရိုးမမုဆိုးကျော်တစ်သိုက်သည် ရှေးယခင်က နဂါးနက်ရေအိုင်ဟူ၍ မကြားဖူးခဲ့ပေ။ အလယ်ရိုးမအတွင်း တောလိုက်ရာမှ ကျယ်ဝန်းလှသော ရေအိုင်တစ်အိုင်ကို တွေ့ရှိခဲ့ပါသည်။ ရေအိုင်[illegible] ဆိုသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပေတစ်ရာကန်ထက် ကျယ်ဝန်းပါသည်။ ထိုရေအိုင်သည် ကြည်လင်ခြင်းမရှိ။ အမြဲတစေ နောက်ကျိနေပါသည်။ ရေအိုင်အလယ်တွင် မကြာခဏ ပူပေါင်းများ တက်လာတတ်ပါသည်။ ထိုပူပေါင်းများကို နဂါးအနိုးမှုတ်သည်ဟု ဆိုပါသည်။

မုဆိုးကျော် ဦးပေသီးတို့လူသိုက်မှာ တောလိုက်ရင်း မိုးချုပ်သွားသည့်အတွက် ထိုနေရာ၌ စခန်းချခဲ့ကြပါသည်။ တောကောင်များ မလာစေရန်မလာစေရန် ထိုနေရာ၌ မီးပုံကြီးဖိုကာ စခန်းချစဉ် ညဥ့်သန်းကောင်ကျော်အချိန်လောက်၌ အားလုံး အိပ်မောကျသွားခဲ့ပါသည်။ အစောင့်ထားသည့် ကိုမဲလုံးတစ်ဦးသာ ကင်းစောင့်နေခဲ့ပါသည်။

ညဥ့်နှစ်ချက်တီးခန့်အချိန်တွင် ထိုရေအိုင်ထဲမှ မည်းပြောင်ပြီး အလွန်ရှည်သော မြွေကြီးတစ်ကောင်ထွက်လာပြီး ကိုမဲလုံးကို ရစ်ပတ်ရာ ကိုမဲလုံးမှာ ကြောက်အားလန့်အားဖြင့် အော်ဟစ်လိုက်ပါသည်။

'အမလေး··· လုပ်ကြပါဦး၊ မြွေနက်ကြီး'

ကိုမဲလုံး၏ ကြောက်လန့်တကြား အော်ဟစ်သံသည့်အသံကြောင့် ထိုအနီးတစ်ဝိုက်တွင် ဆူညံသွားပြီး အိပ်နေသော ဦးပေသီးတို့အုပ်စု လန့်နိုးလာခဲ့ပါသည်။ မီးပုံအနီးရှိ ကိုမဲလုံးကို လှမ်းကြည့်လိုက်ရာ မြွေနက်ကြီး ရစ်ပတ်မှုကြောင့် ကိုမဲလုံးတစ်ကိုယ်လုံးမှာ အမည်းရောင်အလုံးကြီးကဲ့သို့ ဖြစ်နေပြီး လူအများ နိုးလာစဉ် ထိုမြွေနက်ကြီးမှာ လျှပ်တစ်ပြက်အဟုန်ဖြင့် ရေအိုင်တွင်းသို့ ပြေးဝင်ငုပ်လျှိုးသွားသည်မှာ လပြည့်ညအလင်းရောင်အောက်တွင် ရပ်ရှင်ပြသည့်အလား မြင်တွေ့ခဲ့ကြရပါသည်။ တောတောင်များတွင် ဤသို့သော မြွေကြီးမျိုးကို တွေ့ရတတ်ပါသည်။ ထို့နောက် ကိုမဲလုံးအား သွားကြည့်ရာ တုံးလုံးလဲကျပြီး တစ်ကိုယ်လုံးပြာနှမ်းနေပါသည်။





'ကိုမဲလုံး··· ကိုမဲလုံး'

ငှင်းကို လှုပ်နှိုးရာ ပါးစပ်မှ အမြှုပ်တစီစီထွက်လာပြီး-

'နဂါးနက်ရေအိုင်··· နဂါးနက်ရေအိုင်···'

ဟု ကြောက်လန့်တကြား အော်ဟစ်ကာ ဇက်ကျိုးပြီး သေဆုံးသွားပါသည်။ မုဆိုးကြီးဦးပေသီးမှာ ငှင်း၏လက်နှင့် ကိုမဲလုံး၏ နှာခေါင်းရှေ့သို့ ခံလိုက်ပြီး-

'မဲလုံးတော့ ဆုံးရှာပြီ'

ထိုသို့ပြောလိုက်ရာ အဖွဲ့သားအားလုံး ကြောက်လန့်သွားပါသည်။

'မဲလုံး··· ဘယ်လိုကြောင့် ဒီလိုဖြစ်သွားရပါလိမ့်'

'အေးလေ··· အသံနက်ကြီးနဲ့ နဂါးနက်ရေအိုင်လို့အော်ပြီး သေသွားတာပဲ'

'ငါ့အထင်ပြောရရင် ညနေက ဒီကောင် အပေါ့စွန့်တာ ဒီရေအိုင်နံဘေးမှာ စွန့်တယ်၊ ငါက ဒီနားမစွန့်နဲ့လို့ပြောတော့ ဆီးမထိန်းနိုင်တော့ဘူးလို့ ပြောတယ်'

'အင်းလေ··· တောမှာလည်း တောအကြောင်း၊ တောင်မှာလည်း တောင်အကြောင်းရှိတယ်၊ ဒီကောင်သေပြီဆိုတော့ ရွာထဲလည်း ယူသွားလို့ မရတော့ဘူး၊ ဒီနားမှာပဲ မြှုပ်မှပဲ'

ထိုနေ့ညအဖို့ မုဆိုးအုပ်စုမှာ ဆက်၍မအိပ်ရဲတော့ဘဲ ထိုနေရာနှင့် မနီးမဝေးတွင် မြေတွင်းတူးကာ မြှုပ်နှံလိုက်ပါတော့သည်။

ထိုအချိန်မှစ၍ ဤရေအိုင်အား 'နဂါးနက်ရေအိုင်' ဟူ၍ ခေါ်တွင်ခဲ့ပါသည်။ ရှေးမှီနောက်မှီ လူကြီးများအား မေးသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျကျ မသိပေ။ အလယ်ရိုးမအတွင်း နဂါးနက်ရေအိုင်ရှိသည်ဟု ကြားဖူးပြီး ထိုရေအိုင်အတွင်း ရေသောက်ဆင်းသည့် သမင်၊ ဒရယ်၊ ချေငယ်၊ ဆိုင်၊ ဆတ်များသည်ပင် ရေအောက်မှ သတ္တဝါတစ်ကောင် ဆွဲသကဲ့သို့ နစ်မြုပ်သွားကြောင်း ကြားဖူးနားဝရှိကြောင်း ပြောကြပါသည်။

ရှေးလူကြီးအချို့ကလည်း မျက်စေ့လည်၍ ရောက်သွားသူ တစ်ဦး၏အကြောင်း ပြောပြပါသည်။ ၎င်းသည် စိတ်ထားဖြူစင်ပြီး ထင်းခုတ်သည့်အလုပ်ဖြင့် အသက်မွေးရာမှ မိုးချုပ်သွား၍ ထိုရေအိုင် အနီး အိပ်စက်ခဲ့ပါသည်။ ထိုသို့အိပ်နေစဉ် အိပ်မက်လိုလို နိုးတစ်ဝက် အိပ်မက် မက်ကာ ထိုရေအိုင်အတွင်းမှ မည်းနက်နေသော မြွေနဂါး များ တစ်ကောင်ပြီးတစ်ကောင် ထွက်လာသည်မှာ အကောင်တစ်ရာ ကျော်ခန့် ရှိပါသည်။

မြွေနဂါးကြီးများ၏ အရွယ်အစားမှာ အလွန်ကြီးပြီး ပါးပြင်း ထောင်ထားသည်မှာ ပေ(၂၀)ကျော်ခန့် မြင့်မားပါသည်။ ထိုမြွေနဂါး များသည် တန်းစီပြီး ထင်းခုတ်သမားရှေ့သို့ ရောက်လာကာ-

"မင်းလက်ထဲက ဓားနဲ့ ငါတို့ကိုခုတ်ပါ"

ထိုသို့ပြောသဖြင့် ၎င်း၏ဓားကို တစ်လှည့်၊ မြွေနဂါးကြီးများ ကို တစ်လှည့် ကြည့်ကာ မခုတ်ရဲဘဲ ကြောက်လန့်နေပါသည်။ ထိုသို့ ကြောက်လန့်စဉ် မြွေနဂါးကြီးမှာ ပါးစပ်မှ အငွေ့တထောင်းထောင်း ထကာ "တဟဲဟဲ..." မြည်သံနှင့်အတူ ၎င်း၏ရှေ့မှ ဖြတ်သွားပါသည်။ ၎င်းနောက်မှ ပထမနဂါးထက် အနည်းငယ်သေးသော နဂါးတစ်ကောင် ဖြတ်သွားပြန်သည်။ ထိုနဂါးမှလည်း-

"မင်းလက်ထဲကဓားနဲ့ ငါတို့ကိုခုတ်ပါ"





ထိုသို့ ပြောပြန်ပါသည်။ ထိုထင်းခုတ်သမားမှာ ဓားနှင့်ခုတ် ရန် ဝေးစွ။ မိမိကိုပင် အခိုးနှင့်မှုတ်မသွားသည်ကို ကျေးဇူးတင်မိ သည်။ ထိုသို့ဖြင့် ၎င်း၏ရှေ့မှ နဂါးများ တစ်ကောင်ပြီးတစ်ကောင် ဖြတ်သွားပြီး ထိုရေအိုင်ထဲသို့ ပြန်ဝင်သွားကြပါသည်။

မြွေနဂါးများသည် ၎င်းရှေ့မှ ဖြတ်သွားတိုင်း ၎င်းတို့ကို ဓား ဖြင့်ခုတ်ရန် အကြိမ်ကြိမ် ပြောသဖြင့် ထင်းခုတ်သမားမှာ ဓားကိုင် ရင်း ကြောက်သည့်စိတ်ကတစ်ဖက်၊ ဓားဖြင့်ခုတ်လိုသည့်စိတ်က တစ်ဖက်ဖြင့် ဒွိဟဖြစ်နေပါသည်။

ထိုသို့ ဖြတ်သွားရင်း ရေမြွေသာသာ နောက်ဆုံး မြွေနဂါး ကလေးသာ ကျန်ပါတော့သည်။ ထိုမြွေနဂါးကလေးမှာ ရှေ့နဂါးများ နည်းတူ ၎င်းအား ဓားနှင့်ခုတ်ရန် ပြောပြန်ပါသည်။ ဤတွင် ထင်း ခုတ်သမားစိတ်၌...

"ငါ့ကို ဓားနဲ့ခုတ်ခိုင်းတာ အကြောင်းတစ်ခုခုတော့ ရှိမယ် ထင်တယ်၊ ဒီနဂါးလေးဟာ မြွေသေးသေးကလေးလောက်ပဲ ရှိတယ်၊ ဒီတော့ ဒီနဂါးကလေးရဲ့အမြီးကို ခုတ်ကြည့်မှပဲ"

ထင်းခုတ်သမားလေးလည်း ကြောက်ကြောက်ဖြင့် ထိုနဂါး နက်ကလေး၏ အမြီးကလေးအား ဓားဖြင့် ဆတ်ခနဲ ခုတ်ကြည့်ရာ မြွေအမြီးကလေးကျန်ခဲ့ပြီး ထိုနဂါးနက်ကလေးမှာ ရေအိုင်ထဲသို့ ငုပ် လျှိုးသွားပါသည်။

၎င်းသည် ချက်ချင်းပင် အိပ်မက်မှလန့်နိုးလာပြီး မြွေနဂါး ကလေးအား ဓားဖြင့်ခုတ်သည့်နေရာသို့ သွားကြည့်ရာ လက်ညှိုးနှစ် ဆစ်ခန့်ရှိသော မြွေအမြီးပုံ ရွှေတောင့်ကလေးတစ်တောင့်ကို တွေ့ရှိရပါ သည်။



www.burmeseclassic.com

www.burmeseclassic.com

'ဟင်… ရွှေအတောင့်ကလေးပါလား'

ဤသို့ဆိုကာ ထိုရွှေအတောင့်လေးကိုယူပြီး ရွာသို့ ပြန်ခဲ့ပါသည်။ ဤသည်မှာ စိတ်ကောင်းရှိသူအား နဂါးနက်ရေအိုင်မှရွှေတောင့်များပေးသည်ဟူသည် ဒဏ္ဍာရီလိုလိုပုံပြင်လိုလို ရေးလွန်ခဲ့သော နှစ်ပေါင်းများစွာက ဖြစ်ပျက်ခဲ့သည်ဟု ရှေးလူကြီးများ ပြောပြပါသည်။

နဂါးနက်ရေအိုင်နှင့် ပတ်သက်ပြီး ယခုခေတ်၌ တွေ့ကြုံခဲ့သည့် ဖြစ်ရပ်ဆန်းတစ်ခု ဖြစ်ပွားခဲ့ပါသည်။ ပျဉ်းမရွာ၌ ဦးဘဖေတည်းဟူသော တရားအားထုတ်ကျင့်ကြံသည့် လူသူတော်တစ်ဦး ရှိပါသည်။ တစ်နေ့သောအခါတွင် ထူးခြားသော အိပ်မက်တစ်ခု မက်ပါသည်။ ၎င်းအိပ်မက်ထဲတွင် -

'နဂါးနက်ရေအိုင်မှာ တရားကျင့်ပါ' ဟူသည့်အသံကို ကြားလိုက်ရပါသည်။

ဦးဘဖေသည် နဂါးနက်ရေအိုင်မှာ မည်သည့်နေရာတွင် ရှိမှန်းမသိ၍ မုဆိုးကျော် ဦးပေသီးအား မေးမြန်းကာ ထိုနေရာ၌ တရားကျင့်ရန် ထွက်ခွာသွားလိုကြောင်း ပြောပြပါသည်။

မုဆိုးကျော်ဦးပေသီးမှာလည်း ၎င်း၏တပည့်ဖြစ်သူမောင်မဲလုံး သေဆုံးခဲ့သည့်နေရာဖြစ်၍ ဦးဘဖေအား မသွားရန် အတန်တန် တားခဲ့ပါသည်။

'ဦးဘဖေရယ်၊ ဒီနေရာက အန္တရာယ်များတယ်၊ မသွားပါနဲ့၊ ကျုပ်က ကိုယ်တွေ့မို့ ပြောတာပါ'

'ကျွန်တော့ဆန္ဒနဲ့ ကျွန်တော် သွားမှာဖြစ်လို့ မတားပါနဲ့ ကိုပေသီးရယ်'

'အေးလေ… တားမရတော့လည်း ခင်ဗျားကံပါပဲ'





နံနက်စောစောထကာ အလယ်ရိုးမအတွင်းသို့ ဦးဘဖေတစ်ယောက် သွားရောက်ခဲ့ပါသည်။ ညနေစောင်းအချိန်လောက်မှ ထိုနဂါးနက်ရေအိုင်အနီးသို့ ရောက်ရှိခဲ့ပါသည်။

ထိုနေရာသို့ ရောက်စဉ်ကပင် မေတ္တာသုတ်ရွတ်ဖတ်ခြင်း၊ ခန္ဓသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခြင်းပြုကာ ဝိရူပက္ခနဂါးမျိုး၊ ဧရာပထနနဂါးမျိုး၊ ဆဗျာပုတ္တနဂါးမျိုးနှင့် ဂဏှာဂေါတမ နဂါးမျိုးတို့အား ချမ်းသာကိုယ်စိတ် မြဲပါစေကြောင်း ဆုတောင်းခဲ့ပါသည်။

ထိုနေ့ညဉ့် တရားထိုင်စဉ် ညဉ့်တစ်ချက်တီးကျော်အချိန်ခန့်တွင်….။

တစ်စုံတစ်ခုသော သတ္တဝါတစ်ကောင်သည် သစ်ရွက်ခြောက်များကို တိုးပြီးလာသည့်အသံကို ကြားရပါသည်။

ဦးဘဖေလည်း မည်သည့်သတ္တဝါဖြစ်စေ တရားကျင့်၍ မပြီးသမျှ မျက်စေ့ဖွင့်မကြည့်ဟူသော အဓိဋ္ဌာန်ဖြင့် တရားကျင့်ခဲ့ပါသည်။ ထိုသတ္တဝါမှာ မိမိအနားသို့ ရောက်လာသည်ဟု ခံစားရပါသည်။ ထို့နောက် ဦးဘဖေ၏ခန္ဓာကိုယ်ကို တစ်ရစ်ချင်း တရစ်ရစ်ပတ်ပါတော့သည်။

'အင်း… တောကြီးမြွေဟောက်လား၊ နဂါးနက်လား မသိဘူး၊ ငါ့ကို ရစ်ပတ်နေပြီ'

ထိုသို့သော အသိအာရုံ ရလိုက်ပါသည်။

'ဟယ်… သေတစ်နေ့ မွေးတစ်နေ့ပဲ၊ သေလိုက သေပါစေတော့၊ ငါ့တရားကိုတော့ မဖြုတ်ပြီ'

ဟူသည့်အတွေးဖြင့် တရားဆက်ကျင့်ခဲ့ပါသည်။ ထိုသတ္တဝါကြီးမှာ တစ်စတစ်စ ပိုမိုတင်းကြပ်စွာ ရစ်ပတ်ခဲ့ပါသည်။ ဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း အသက်ရှူများပါ ရပ်တော့မတတ် ခံစားရပါသည်။ တရား ဆက်ကျင့်ရန်ပင် အာရုံမခံစားနိုင်သဖြင့် -

'အသင်မြွေကြီး··· သင်နှင့်ငါ ရန်ငြိုးမရှိဘဲနဲ့ ဘာကြောင့် တရားမကျင့်နိုင်အောင် နှိပ်စက်ရသလဲ၊ ငါသည် ဝိရူပက္ခ၊ ဧရာပထ၊ ဆဗျာပုတ္တ၊ ဂဏှာဂေါတမ နဂါးမျိုးများအား အမျှဝေ မေတ္တာပို့ခဲ့သည်မှာ မှန်ပါ၏။ ဤမှန်ကန်သော စကားကြောင့် အသင်သည် ငါ့အား မနှိပ်စက်လင့်'

ထိုသို့ စိတ်ဖြင့်ပြောလိုက်ရာ တစ်ခဏအတွင်း တင်းရာမှ တဖြည်းဖြည်း လျော့ကျကာ သစ်ရွက်ခြောက်များဆီသို့ လျှောခနဲ ထွက်ခွာသည့်အသံကို ကြားရပါသည်။ ထိုသို့ဖြင့် နံနက် မိုးသောက် အလင်းရောက်သည့်တိုင် တရားထိုင်ခဲ့ပါသည်။

ထို့နောက် မည်သည့် အနှောက်အယှက်မှ မတွေ့ရတော့ပေ။

ထိုသို့ဖြင့် ဦးဘဖေသည် ပါလာသည့် အစားအစာများကို စားကာ တရားဆက်၍ ထိုင်ခဲ့ပါသည်။ ညနေ(၆)နာရီခန့်အချိန်တွင် ခေတ္တ တရားဖြုတ်ကာ ဤရေအိုင်အနီး လမ်းလျှောက်နေစဉ် အပေါ် အင်္ကျီမပါဘဲ ပုဆိုးနံပိုင်းငယ်လေးသာ ဝတ်ဆင်ထားသော အလွန် အသားမည်းနက်သည့် လူတစ်ဦးသည် တောရိုးတန်းဖက်မှ ထွက်လာ ပြီး ဦးဘဖေဆီသို့ တည့်တည့်လျှောက်လာပါသည်။

တရားထိုင်ရာတွင် စိတ်သန့်ရှင်းစေရန် ဝတ်ဖြူစင်ကြယ်ဝတ် လျက် လမ်းလျှောက်နေသော ဦးဘဖေအား လက်အုပ်ချီကာ ကန်တော့ ပြီးနောက် -

'အသင်လူသူတော်··· ဘယ်အရပ်က လာပါသလဲ'

'ပျဉ်းမနားက လာခဲ့တာပါ'





'ပျဉ်းမနားကနေ ဒီလောက်အဝေးကြီးကို ဘာကြောင့် လာရ သလဲ'

'အိပ်မက်အရ တရားကျင့်ဖို့ ရောက်လာတာပါ'

'ဒီနေရာဟာ အန္တရာယ်အလွန်ကြီးတဲ့နေရာပဲ၊ အခြားနေရာမှာ တရားကျင့်လို့ မရဘူးလား'

'အန္တရာယ်ကြီးလည်း မတတ်နိုင်ပါ၊ ဒီနေရာမှာပဲ တရားကျင့် မယ်'

'ညက တစ်စုံတစ်ခု ထူးခြားမှု ဖြစ်ပါသလား'

'ညက တရားကျင့်စဉ်မှာ မြွေကြီးတစ်ကောင် ရစ်ပတ်တယ် လို့ ခံစားရပါတယ်'

'ကျုပ်က ဒီနားကရွာကပါ၊ နဂါးနက်ရေအိုင်မှာ ညအိပ်တဲ့ လူတွေဟာ မနက်မိုးလင်းရင် အနည်းဆုံး တစ်ယောက် သေတတ် တယ်၊ မနေ့ညကတည်းက လူသူတော် ဒီနားမှာရှိနေတာကို တွေ့ရလို့ စိတ်ပူကြီး လာကြည့်တာပါ'

'ကျုပ်အတွက် မစိုးရိမ်ပါနဲ့၊ တရားကျင့်ရင်း သေမယ်ဆိုရင် လည်း သေပေါ့ဗျာ၊ သေမင်းနဲ့ တစ်နေ့ တွေ့ရမှာပဲ၊ မဆန်းပါဘူး'

'ဒါပေမဲ့ ကျုပ် သိသလောက်တော့ ဒီနဂါးနက်တွေဟာ သူတော်ကောင်းတွေကိုတော့ ဒုက္ခမပေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကိုယ်တိုင်ဟာ မတရားမှုခံရလို့ မတရားတာဆိုရင် မကြိုက်ဘူး'

'ခင်ဗျားက နဂါးနက်တွေအကြောင်း ဘာဖြစ်လို့ ဒီလောက် သိတာလဲ'

'နဂါးနက်တွေအကြောင်း သိဆိုရင် ကျုပ်တို့ဟာ ဒီနားမှာ နေတဲ့လူတွေပဲ၊ နဂါးနက်တွေအကြောင်းကို ရှေးလူကြီးတွေ ပြောပြ



www.burmeseclassic.com

www.burmeseclassic.com

လို့ သိတာပါ'

'ကျုပ်တို့ရွာက လူတွေကတော့ ဒီရေအိုင်ဟာ နဂါးနက်ရေအိုင်ဆိုတာပဲ သိတယ်၊ ဘာကြောင့် နဂါးနက်ရေအိုင်လို့ခေါ်မှန်း မသိဘူး'

'ကျုပ်သိသလောက် ပြောရရင် ဟိုးအရင်တုန်းက ဒီနားမှာ ရွာကြီးတစ်ရွာရှိတယ်၊ ဒီရေအိုင်ကြီးက မရှိသေးဘူး၊ အဲဒီရွာကြီးဟာ ကောင်းရောင်းကောင်းဝယ်လုပ်တဲ့သူနဲ့ လယ်ယာစိုက်ပျိုးလုပ်ကိုင်တဲ့ လူနဲ့ အလွန်စည်ကားပြီး စီးပွားဖြစ်တဲ့ရွာကြီးတစ်ရွာပေါ့'

'တစ်နေ့မှာ အဲဒီရွာကြီးမှာ ဘုရားပွဲလုပ်နေတုန်း တစ်ဖက်ရွာက လူဆိုးတွေဟာ အုပ်ဖွဲ့ပြီး ဒီဘက်ရွာကလူတွေဆီက ပစ္စည်းယူ၊ လူသတ် လုပ်ကြတဲ့အတွက် ဒီဘက်ရွာသားတွေဟာ သွေးအလိမ်းလိမ်းနဲ့ သေကြေပျက်စီးခဲ့ကြတယ်၊ တချို့ကလည်း ထွက်ပြေးလွတ်မြောက်ခဲ့ကြတယ်'

'ထွက်ပြေးလွတ်မြောက်တဲ့သူတွေထဲမှာ မိမိရွာသားတွေ မတရား အသတ်ခံရတဲ့အတွက် အလွန်မကျေမချမ်းဖြစ်ပြီး လူဆိုးတွေကို အမြန်ဆုံး လက်စားချေနိုင်ပါစေလို့ ဆုတောင်းခဲ့တယ်။ ဒီမှာတင် တောင်ပေါ်က တောင်ကျရေတွေ ဒလဟောစီးလာပြီး အဲဒီရွာကို ဖုံးသွားတယ်။ အဲဒီရွာသားတွေဟာ သေဆုံးသွားတဲ့ ရွာသားတွေရဲ့သွေးတွေနဲ့ထိပြီး နဂါးနက်တွေဖြစ်ကုန်တယ်။ အသက်မသေဘဲ ရေထဲမှာ မျောနေတဲ့ တစ်ဖက်ရွာက လူဆိုးတွေကို ကိုက်သတ်ကာ အကုန်သေကုန်တယ်။ နောက်တော့ ဒီအိုင်ကြီးကို နဂါးနက်ရေအိုင်လို့ လူတွေက အမည်ပေးခဲ့တယ်။ နဂါးနက်တွေဟာ ကောင်းမှုပြုတဲ့လူကို ချစ်ခင်ပေမယ့် စိတ်ထားမကောင်းတဲ့လူ၊ စိတ်ပုပ်တဲ့သူတွေ အဲဒီအိုင်နားကို





ရောက်လာရင် အန္တရာယ်ပေးတော့တာပဲ'

'ဘယ်လိုအန္တရာယ်ပေးတာလဲ၊ ပြောပြစမ်းပါဦး'

'လူသူတော် ညကတွေ့ကြုံခဲ့သလို မြွေအကြီးကြီးတစ်ကောင် ရောက်လာပြီး အဲဒီလူကို ရစ်ပတ်ပြီး ကိုက်သတ်တော့တာပဲ။ တကယ်လို့သာ လူသူတော်ဟာ ဖြူစင်တဲ့စိတ်ရင်းမရှိရင် ညကတည်းက သေပြီပေါ့'

'ကျုပ်ကတော့ ကျုပ်ရဲ့ကျင့်စဉ်တော်တွေ မကျင့်မီ မေတ္တာပို့ပါတယ်၊ နဂါးမျိုးလေးမျိုးကိုလည်း အေးချမ်းပါစေကြောင်း မေတ္တာပို့သပါတယ်'

'လူသူတော်ရဲ့မေတ္တာဓာတ်ကို နဂါးတွေ၊ မြွေတွေကလည်း ရရှိမှာပါ။ မေတ္တာလည်း ဆက်ပို့ပါ၊ တရားကျင့်တဲ့ကိစ္စကိုလည်း ဆက်ပြီးကျင့်ပါ၊ ဘာအနှောက်အယှက်မှ မရှိတော့ပါဘူး'

'ကောင်းပါပြီ'

'လူသူတော်ကို ကန်တော့ခဲ့ပါတယ်'

ထိုသို့ပြောဆိုပြီး ဦးဘဖေကို ကန်တော့ကာ ၄င်း၏ရှေ့တူရူရှိ ရေအိုင်ထဲသို့ အလွန်အသားမည်းသော ထိုလူကြီး ဆင်းချသွားပါတော့သည်။ ပထမတွင် ဦးဘဖေလည်း ထိုလူကြီးကို အလွန်ပင် အံ့သြသွားပါသည်။ နောက်တော့ တဖြည်းဖြည်း စဉ်းစားမိခဲ့ပါသည်။

'ဒီလူနဲ့ နဂါးနက်ရေအိုင် ဆက်စပ်မှုတစ်ခုခုတော့ ရှိမှာပဲ'

သည်လူသည် ရှေးကျသော လူကြီးသူမများပင် မသိခဲ့သော နဂါးနက်ရေအိုင်အကြောင်းကို သိနေသူ။ မကောင်းမှုပြုသူကိုအန္တရာယ်ပေးသည့် မြွေကြီးအကြောင်းကိုလည်း ကောင်းစွာသိနေသူ။ ထို့အပြင် သူတော်ကောင်းစိတ်ဓာတ်ရှိ၊ မရှိကိုလည်း သူ သိနေခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ထူးဆန်းသော လူတစ်ဦးနှင့် နဂါးနက်ရေအိုင်အနီးတွင် လူသူတော်ဦးဘဖေတစ်ယောက် အမှန်တကယ်ပင် ကြုံတွေ့ခဲ့ပါသည်။ ဤနဂါးနက်ရေအိုင်သည် ထူးခြားဆန်းကြယ်မှုအမျိုးမျိုးနှင့် ပြည့်နှက်နေပါသည်။ လူသူတော်ဦးဘဖေ၏ စိတ်အာရုံတွင် ထိုလူထူးလူဆန်းကြီး၏ ဇာတိရုပ်အမှန်ကို သိကောင်းသိပေလိမ့်မည်။ လူသူတော်ဦးဘဖေသည် ထိုလူကြီးဆင်းသွားရာ ရေအိုင်အနီးသို့သွားကာ ချက်ချင်းပင် ဆုတောင်းလိုက်ပါသည်။

'ဝိရူပက္ခနဂါးမျိုး၊ ဧရာပထနဂါးမျိုး၊ ဆဗျာပုတ္တနဂါးမျိုးနဲ့ ဂဏ္ဍာဂေါတမ နဂါးမျိုး လေးမျိုး အပါအဝင် နဂါးနက်ရေအိုင်အတွင်းမှ နဂါးနက်များ ချမ်းသာကိုယ်စိတ်မြဲကြပါစေ' ဟူ၍ ဖြစ်ပါတော့သတည်း။

■

# ဘီလူးပန်းအွဲ

www.burmeseclassic.com

www.burmeseclassic.com



# ဘီလူးပန်းအဲ့

လွန်ခဲ့သော နှစ်ပေါင်း (၃၀)ခန့်က…

စာရေးသူသည် ခင်ပွန်းသည်နှင့်အတူ ပဲခူးမြို့ရှိ ကိုးသိန်းကိုးသန်းဘုန်းကြီးကျောင်းသို့ စတင်ရောက်ခဲ့ပါသည်။ ကိုးသိန်းကိုးသန်းဘုန်းတော်ကြီးကျောင်း၏ ကျောင်းထိုင်ဆရာတော်မှာ ခင်ပွန်းသည်၏ ဦးလေးတော်စပ်သဖြင့် လှူဖွယ်ဝတ္ထုများ ကပ်လှူရန်ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်က လမ်းမှာ မကောင်းလှချေ။ တောလမ်း မြေနီလူသွားလမ်းမှတဆင့် သွားရောက်ခဲ့ပါသည်။

ဆရာတော်အား ဆွမ်းကပ်လှူပူဇော်ပြီးနောက် ကိုးသိန်းကိုးသန်းစေတီတော်ကြီးအား လှည့်ပတ်ဖူးမြော်ခဲ့ပါသည်။ ထိုစဉ် ဘုန်းကြီးကျောင်းမှ ကပ္ပိယကြီးဦးကံလည်း စာရေးသူတို့နှင့်အတူ အဖော်အဖြစ် လိုက်ပါလာခဲ့ပါသည်။ စာရေးသူလည်း ဘုရားဖူးပြီး ဟိုဟိုသည်သည်



www.burmeseclassic.com

www.burmeseclassic.com

လျှောက်ကြည့်ရာ ထိုစဉ်က အနီးအနားတစ်ဝိုက်သည် တောများ၊ ချုံပုတ်ပင်များနှင့် ဖုံးလွှမ်းနေပါသည်။ စာရေးသူတို့သည် တောစပ်အနီးသို့ လျှောက်ကြည့်ရင်း အဆောက်အဦပျက်ကြီးတစ်ခုအနားသို့ ရောက်ရှိခဲ့ပါသည်။ ၎င်းမှာ ပြိုပျက်နေပြီး လင်းနို့တောင်ပန်းဆွဲများပင် မြေကြီးပေါ်သို့ ပြုတ်ကျနေပါသည်။

စာရေးသူလည်း ရှေးခေတ်အနုပညာလက်ရာဖြစ်သည့် ပန်းဆွဲအပျက်အစီးများကို ကောက်ယူကြည့်ရင်း အတွေးအိမ်ထဲတွင် အတွေးပေါင်းများစွာ ဝင်လာခဲ့ပါသည်။

'သြော်… တစ်ခေတ်တစ်ခါ ကောင်းစားစဉ်က ဆောက်ထားတဲ့ အဆောက်အဦဖြစ်မှာ။ အခုတော့ အနုပညာလက်ရာများပစ္စည်းများကို လွန်စွာတန်ဖိုးထားသူဖြစ်၍ ဤပျက်စီးနေသော လင်းနို့တောင်များ၊ ပန်းဆွဲများကို ပျက်စီးနေသည်ကို မြင်ရသောအခါ စိတ်ဝယ် မချမ်းမြေ့ဖြစ်ခဲ့ရပါသည်။

စာရေးသူက ထိုပန်းဆွဲအကျိုးအပဲ့ကလေးကို ကိုင်ကြည့်ရင်း အတွေးမည်မျှ တွေးနေမိသည်မသိ။ ပြင်ပမှ အသံတစ်သံကြောင့် သတိပြန်ဝင်လာပါသည်။

'ဆရာမ ဘာကြည့်နေတာလဲ'

'သြော်… အနုပညာလက်ရာမြောက်လွန်းလို့ ကြည့်နေတာပါ'

'လက်ရာမြောက်မှာပေါ့ ဆရာမရယ်၊ ဒါဟာ ဘီလူးပန်းဆွဲကိုး'

'ဘီလူးပန်းဆွဲ… ဟုတ်လား'

'ဟုတ်ပါတယ် ဆရာမရယ်၊ ဘီလူးပန်းဆွဲဆိုတာကတော့ အခု ဆရာမ တွေ့မြင်ရတဲ့ ဘီလူးရုပ်ပုံပါတဲ့ ပန်းဆွဲပေါ့'





စာရေးသူလည်း ထိုပန်းဆွဲကလေးကို သေသေချာချာကြည့်လိုက်ရာ အစွယ်ပြူးပြူးနှင့် ဘီလူးသည် လက်နှစ်ဖက်ကို ကွေး၍ လက်ပါးနှစ်ခုမှာ ရင်ဘတ်ပေါ်တွင် ကိုင်ထားဟန် ထုထားပါသည်။ ထိုဘီလူးရုပ်မှာ ကိုယ်တစ်ပိုင်းသာ ပါပါသည်။

၎င်းအရုပ်၏ ဘေးနားတွင် ခြူးပန်းခြူးနွယ်၊ ကနုတ်ပန်းအကျိုးအပဲ့များကို တွေ့ရှိရပါသည်။

'ဆရာမ… ဒါဟာ ဘီလူးပန်းဆွဲအကျိုးအပဲ့တွေပဲ'

'သြော်…'

'ဒီဘီလူးပန်းဆွဲတွေ တွေ့ရတယ်ဆိုတော့ ဒီနေရာဟာ အရင်က ဇရပ်တစ်ဆောင်ဖြစ်ပုံရတယ်'

'အဘကံရယ်…ဘီလူးပန်းဆွဲတွေ့တာနဲ့ ဇရပ်လို့ ဘာကြောင့်ပြောနိုင်တာလဲ'

'ဘီလူးပန်းဆွဲဆိုတာ ဇရပ်တွေမှာပဲ တပ်ရတာ'

'ရိုးရိုးအိမ်တွေမှာရော မတပ်ရဘူးလား'

'ရိုးရိုးအိမ်တွေမှာ မတပ်ရဘူးလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ တိုက်ဆိုင်မှုလား၊ ဒါမှမဟုတ်ရင် တကယ်နိုက်သလားဆိုတာတော့ မသိပါဘူး။ ရှေးလူကြီးတွေ အယူအဆက နိုက်တယ်လို့ ပြောသံကြားဖူးတယ်'

'သြော်…'

'ဒါကလည်း အကြောင်းရှိပါတယ်။ ရှေးလူကြီးတွေက အကြောင်းမဲ့ပြောတာတော့ မဟုတ်ပါဘူး'

'ဒါဖြင့် အဲဒီအကြောင်းက ဘာမို့လို့လဲ'

'ဟိုးအရင် ကျွန်တော်တို့ အဘိုးအဘွားခေတ်ကပေါ့။ ဘီလူးပန်းဆွဲနဲ့ ထူးဆန်းတဲ့အိမ်ကြီးတစ်ဆောင်အကြောင်း သိခဲ့ရတယ်'


www.burmeseclassic.com

www.burmeseclassic.com


စာရေးသူအား ပြောပြနေသော ဦးကံ၏အသက်မှာ (၆၀)နှစ်ခန့်ရှိပြီဖြစ်၍ ၎င်း၏အဘိုးအဘွားခေတ်ကဆိုလျှင် နောက်ထပ် နှစ်(၅၀)ခန့်ပဲထားပါဦး။ လွန်ခဲ့သော နှစ် (၁၀၀)ကျော်ခန့်အချိန်က ဖြစ်ပေမည်။

၎င်းတို့၏ အဘိုးအဘွားတို့ နေထိုင်ရာရွာမှာ လင္ဂန်းရွာပင် ဖြစ်ပါသည်။ ထိုရွာကလေး၏ အဓိကစီးပွားရေးမှာ လယ်ယာလုပ်ကိုင်စားသောက်ခြင်းပင် ဖြစ်ပါသည်။ ထိုရွာကလေးမှာ ပဲခူးရိုးမတောစပ်အနီး၌ ရှိပါသည်။ ထိုရွာသားများမှာ ပဲခူးရိုးမကြီးအတွင်း ဝါးခုတ်ခြင်း၊ မျှစ်တူးခြင်း စသည်တို့ကိုလည်း လုပ်ဆောင်ခဲ့ကြပါသည်။

တစ်နေ့တွင် ဦးဖိုးမြဆိုသူ ဝါးခုတ်သမားတစ်ဦးသည် ရိုးမတောကြီးထဲဝင်ပြီး ဝါးခုတ်ရာမှ ညနေစောင်းတွင် ဝါးများထမ်းပြီး ပြန်အလာ-

ရုတ်တရက် မိုးကြီးလေကြီးကျကာ တစ်တောလုံး မှောင်သွားပါသည်။

'တစ်တောလုံးမှောင်သွားပြီ၊ ရှေ့ဆက်ပြီး ဘယ်လိုသွားရပါ့'

ဦးဖိုးမြလည်း အမှောင်တောထဲတွင် တစ်ကိုယ်တည်းငြိုးတွားမိပါသည်။ ထို့ကြောင့် ထမ်းလာသော ဝါးများကို အောက်သို့ပစ်ချကာ မိုးခိုရန်အတွက် သစ်ပင်ကြီးများတွေ့လျှင် ကောင်းမည်ဟု စိတ်ကူးခဲ့မိပါသည်။

ထိုသို့ဖြင့် စမ်းတဝါးဝါး လျှောက်လာစဉ် ကောင်းကင်မှ မိုးခြိမ်းကာ လျှပ်စီးများလက်သွားပါသည်။ ထိုလျှပ်စီးလက်ရာတွင် ဝါးပင်များကြား၌ ခပ်မည်းမည်းအရာတစ်ခုကို တွေ့လိုက်ရပါသည်။

'ခုနကတွေ့လိုက်တာ အဆောက်အဦပျက်တစ်ခုလိုပဲ။ အဲဒီနားကို ရောက်အောင်သွားမှပဲ'

ဦးဖိုးမြလည်း အမှောင်ကြားမှ မှန်းဆကာသွားခဲ့ပါသည်။

မိုးကောင်းကင်တွင် အဆက်မပြတ်ရွာသည့်မိုးကြောင့် အနက်ရောင်ကောင်းကင်ကဗွလာ၌ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းတို့က ဒလစပ် အဆက်မပြတ်။

သည့်အလင်းရောင်က ဦးဖိုးမြကို လမ်းပြပေးခဲ့သကဲ့သို့ပင် လျှပ်စီးအလင်းကို အားပြုသွားရင်း ထိုအဆောက်အဦပျက်အနီးသို့ ရောက်ခဲ့ပါတော့သည်။ ဦးဖိုးမြ၏စိတ်တွင် ဤတော ဤတောင်ကို သွားလာခဲ့သည်မှာ နှစ်ပေါင်းများစွာရှိခဲ့သော်လည်း ဤအဆောက်အဦပျက်ကြီးကို တစ်ခါဖူးမျှ မမြင်ဖူးခဲ့ပေ။

ယခုအခါတွင် မိုးမှောင်ကြီးကျကာ မျက်စိလည်လမ်းမှားပြီး ဤနေရာသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ ထိုနေရာသို့ရောက်သည့်တိုင်ပင် မိုးကသည်းတုန်း။ ဦးဖိုးမြလည်း ဘာမှစဉ်းစားမနေနိုင်ပါ။ လောလောဆယ် မိုးခိုရလျှင် ပြီးရောဟူ၍သာ သဘောထားရပါသည်။ ထို့ကြောင့် ထိုအဆောက်အဦပျက်ကြီးအတွင်း ခိုဝင်ကာ မိုးခိုခဲ့ပါတော့သည်။

'အင်း… ဒီနေရာမှာ ခဏမိုးခိုဦးမှပဲ။ မိုးစဲရင်တော့ တောင်အောက်ပြန်ဆင်းမယ်'

ထိုသို့တွေးရင်း အဆောက်အဦပျက်ကြီးထဲသို့ ဝင်လာခဲ့ပါသည်။ အပြင်၌ မိုးကား သည်းထန်စွာရွာနေတုန်းပင်။ ရိုးမ၏မိုးအကြောင်းကို ဦးဖိုးမြ သိပါသည်။ တောင်ပေါ်ဒေသဖြစ်၍ မိုးများစွာရွာသွန်းသကဲ့သို့ မိုးရွာသည်ဆိုသည်နှင့် တစ်နေ့လုံး တစ်ညလုံးလည်း ရွာနေတတ်ပါသည်။

'အင်း… ဒီတစ်ညလုံး ရွာနေဦးမယ်ထင်တယ်'

ထိုသို့စဉ်းစားကာ အသင့်ပါလာသော လွယ်အိတ်စုတ်မှ ကြေး



www.burmeseclassic.com

www.burmeseclassic.com

မီးခြစ်နှင့် ဖယောင်းတိုင်ကိုထုတ်ကာ မီးထွန်းလိုက်ပါသည်။

ထိုအခိုက် လေတစ်ချက်အဝှေ့တွင် ဖယောင်းတိုင်မီးမှာ 'ဝုတ်ခနဲ' ငြိမ်းသွားခဲ့ပါသည်။ ထို့ကြောင့် ပြန်ထွန်းရင်း လေအကွယ်၌ ထားခဲ့ပါသည်။ ဦးဖိုးမြသည် ဝါးခုတ်ရာတွင် အသုံးပြုသည့် ဓားမကို လွယ်အိတ်အတွင်းထည့်ထားကာ ထိုလွယ်အိတ်ကို ဘေးတွင်ချထားလိုက်ပါသည်။

အတန်ကြာအောင် ထိုင်နေစဉ် တစ်နေ့လုံး ဝါးခုတ်ထားသည့်အတွက် လွန်စွာအိပ်ချင်ကာ ဖယောင်းတိုင်ရှေ့တွင် ငုတ်တုတ်ငိုက်မြည်းနေပါသည်။ ၎င်း မည်မျှကြာအောင် ငိုက်မြည်းနေမှန်းမသိ။ ၎င်း၏နားထဲတွင် ပြင်းထန်စွာ ခြေသောင့်နင်းသည့်အသံကြောင့် ငိုက်ရာမှ လန့်နိုးလာပါသည်။

'ဒုန်း…'

'ဒုန်း…'

ထိုအသံအား မည်သည့်နေရာမှ အသံနည်းဟုရှာရာ မကြာမီ မျက်နှာကြက်မှအသံဖြစ်ကြောင်း သိလိုက်ရပါသည်။

'အင်း… မိုးရွာလို့ တစ်ခုခုပြုတ်ကျလို့လား၊ ငါနားကြားမလွဲဘူးဆိုရင် ခြေသောင့်နင်းတဲ့အသံပဲ'

'ဒါဆိုရင် လူများရှိနေလို့လား'

စသည့် အတွေးများဖြင့် မျက်နှာကြက်ပေါ်သို့ မော့ကြည့်စဉ် အလွန်မှိန်သော အလင်းရောင်အောက်တွင် ဘီလူးနှစ်ကောင် အပေါ်ထပ်မှ အောက်သို့ခုန်ဆင်းလာသည်ကို တွေ့လိုက်ရပါသည်။ ထိုဘီလူးနှစ်ကောင်၏ အဝတ်အစားများမှာ ဇာတ်ပွဲတွင်ကြည့်ရသည့် အဝတ်အစားအတိုင်းပင် ဖြစ်ပါသည်။

၎င်းတို့နှစ်ဦးသည် ဖယောင်းတိုင်မီးကြောင့် ဦးဖိုးမြကိုမြင်





သွားပြီး ၎င်းတို့သည် ပြင်းထန်သော ခြေစောင့်နင်းသံဖြင့် ဦးဖိုးမြဆီကို ဟန်ပန်အပြည့်နှင့် လျှောက်လာခဲ့ပါသည်။

ဦးဖိုးမြလည်း မမျှော်လင့်ဘဲ ဘီလူးနှစ်ကောင်ကို တွေ့ရသဖြင့် လွန်စွာကြောက်လန့်သွားပါသည်။ ထို့ကြောင့် လွယ်အိတ်ကိုကောက်ယူကာ နောက်ဆုတ် နောက်ဆုတ် ဖြစ်သွားရာ နံရံအနားသို့ ရောက်ရှိသွားခဲ့ပါသည်။ နံရံခံနေသည့်အတွက် နောက်ဆုတ်စရာနေရာ မရှိတော့ပါ။

ထိုစဉ် ဘီလူးနှစ်ကောင်မှာလည်း တဖြည်းဖြည်း ဦးဖိုးမြနှင့် လွန်စွာနီးကပ်လာခဲ့ပါသည်။ ဦးဖိုးမြလည်း အချည်းနှီးဖြင့် အသက်အသေမခံနိုင်ပါ။ တမဟုတ်ချင်း ဉာဏ်ထုတ်ကာ စဉ်းစားလိုက်သောအခါ လွယ်အိတ်ထဲမှဓားကို သတိရ၍ ဓားမကိုထုတ်ကာ ခုခံခဲ့ရပါသည်။

'ငါ့အနားကို မကပ်နဲ့နော်၊ ခြေကျူးရင် ခြေဖြတ်၊ လက်ကျူးရင် လက်ဖြတ်ပဲ'

ထိုသို့ အော်ဟစ်ပြောရင်း ၎င်းအား ဖမ်းရန် ဘီလူးတစ်ကောင်က လက်ထုတ်လာရာ ဓားမဖြင့် လှမ်းခုတ်လိုက်ပါသည်။ ထိုသို့ဖြင့် ဘီလူးနှစ်ကောင် အနားသို့မလာရန် ကြောက်ကြောက်ရွံ့ရွံ့နှင့် ဓားမဖြင့် ဟိုယမ်း သည်ယမ်းလုပ်ရင်း ထိုအိမ်ပျက်ကြီးထဲမှ ထွက်ပြေးခဲ့ပါသည်။ ၎င်းမှာ လွန်စွာကြောက်လန့်လွန်း၍ အသက်ပင် ပြင်းပြင်း မရှူရဲချေ။

ထိုသို့ထွက်ပြေးရင် မှောင်ကြီးမည်းမည်း မည်သည့်အရာမျှ မမြင်ရသဖြင့် တောင်စောင်းတစ်ခုမှ လိမ့်ကျပြီး ဦးခေါင်းနှင့် ကျောက်တုံးရိုက်မိကာ သတိလစ်သွားပါတော့သည်။

ဦးဖိုးမြသည် မည်မျှကြာအောင် သတိလစ်နေသည်မသိချေ။ နံနက်မိုးသောက် အလင်းရောက်ချိန်တွင် ထိုရွာမှလူများ တောင်ပေါ်သို့


www.burmeseclassic.com

www.burmeseclassic.com

တက်လာသောအခါမှ ဦးဖိုးမြကို တွေ့ရှိခဲ့ပါသည်။

'ဟာ… ဦးဖိုးမြတစ်ယောက် အသက်မှရှိသေးရဲ့လား မသိဘူး'

ထိုသို့ပြောဆိုကာ လှုပ်နှိုးရာ ဦးဖိုးမြတစ်ယောက် သတိပြန်ရလာပါတော့သည်။ ဦးဖိုးမြအား ရွာသားများက မေးမြန်းရာ ၎င်းမှ ညက ဖြစ်ပျက်ပုံအလုံးစုံကို ပြန်ပြောပြခဲ့ပါသည်။

'ဦးဖိုးမြရယ်… တကယ်ရောဟုတ်ကဲ့လား၊ အိပ်ငိုက်ပြီး အိပ်မက်မက်တာကို တကယ်ထင်ပြီး ကြောက်လန့်ပြေးလာတာလား'

'အိပ်မက်လား၊ တကယ်လားလို့ မေးရင်တော့ ဘယ်လိုဖြေရမှန်းတောင် မသိဘူး။ ဒါပေမဲ့ တကယ်တွေ့ခဲ့တာပဲ'

အချို့ကလည်း တောခြောက်သည်ဟု ဆိုကြပါသည်။ အချို့ကလည်း အိပ်မက်မက်ကာ ကယောင်ချောက်ချားဖြစ်သည်ဟု ပြောကြပါသည်။ ထိုသို့ဖြင့် ဦးဖိုးမြအား လဥ္ဇန်းရွာသို့ ပြန်ခေါ်လာခဲ့ကြပါသည်။

ဦးဖိုးမြမှာ မိုးရွာထဲတွင် တစ်ညတာသတိလစ်နေ၍ အဖျားရောဂါရကာ အတော်ပင် ကုခဲ့ရပါသည်။ ဦးဖိုးမြ၏သတင်းမှာ တစ်ရွာလုံးပျံ့နှံ့သွားပါတော့သည်။ ဤအကြောင်းနှင့်ပတ်သက်ပြီး ငြင်းကြခုံကြ ဆွေးနွေးကြနှင့် တစ်ရွာလုံးအလုပ်ရှုပ်သွားပါတော့သည်။

ဤတွင် လဥ္ဇန်းရွာသူကြီး ဦးတာပေါမှ ဤသို့ရှင်းပြပါသည်။

'ကိုဖိုးမြကို ကယောင်ချောက်ချားဖြစ်ပြီး ပြောချင်တာပြောတို့၊ တကယ်ဖြစ်တာတို့၊ အိပ်မက်တို့ ဘာမှမဝေဖန်ကြပါနဲ့။ ဒီတောကြီးအတွင်းမှာ ရွာပျက်ကြီးတစ်ခု ရှိခဲ့ဖူးတယ်။ ကျုပ်ပြောမယ့် အကြောင်းအရာကလည်း ကိုဖိုးမြရဲ့ အဖြစ်အပျက်နဲ့ တော်တော်တူနေတယ်။ အဲဒါကတော့…'





တစ်ခါက -

ဤနေရာ၌ တောင်ပေါ်ရွာကလေးတစ်ရွာ ရှိခဲ့ပါသည်။ ထိုရွာကလေးမှာ ချမ်းသာကြွယ်ဝသော လင်မယားနှစ်ယောက်ရှိပါသည်။ ၎င်းတို့သည် ချမ်းသာကြွယ်ဝသည်နှင့်အမျှ ယခင်က အိုဟောင်းနေသော အိမ်ကိုဖျက်ကာ အလွန်ကြီးကျယ်ခမ်းနားသည့် အိမ်ကြီးတစ်ဆောင် ဆောက်လုပ်ခဲ့ပါသည်။

ထိုအိမ်ကြီးမှာ အလွန်ကြီးပြီး အခန်းပေါင်းများစွာ ပါဝင်ပါသည်။ ထိုအိမ်ကြီးကိုလည်း ခြူးပန်းခြူးနွယ်များဖြင့် လှသထက်လှပစွာ တန်ဆာဆင်ပြီး ဆောက်ထားခဲ့ပါသည်။ ၎င်းအိမ်ကြီးကို ဆောက်လုပ်ရာတွင် လက်သမားဆရာကြီးမှာ ဦးအဲမွန်ဖြစ်ပါသည်။ ၎င်းသည် အိမ်ကြီးဆောက်လုပ်ပြီးစီးသွားပြီး အလှအပဆင်ရန်သာ ကျန်ပါတော့သည်။ ထိုအလှအပအတွက် ခြူးပန်းခြူးနွယ်များ ပြုလုပ်နေစဉ် ထိုထက်ပိုမိုလှပဆန်းကြယ်သည့် လက်ရာတစ်ခု ပြုလုပ်လိုသည့်စိတ်များ တဖွားဖွားပေါ်လာခဲ့ပါသည်။

ထို့ကြောင့် အဆန်းတကြယ်ဖြစ်စေရန် ခြူးပန်းခြူးနွယ်များကြားတွင် ဘီလူးတစ်ကောင် ကနေဟန် 'ဘီလူးပန်းဆွဲ'နှစ်ခုကို ထုလုပ်ခဲ့ပါသည်။ ထိုအရုပ်ကို စတင်ထုလုပ်စဉ်တွင် မိုးကောင်းကင်တစ်ခုလုံး မိုးသားများ အုံ့မှိုင်းလာပြီး မိုးထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်းအပြင် မိုးသည်းထန်စွာ ရွာခဲ့ပါသည်။

ဦးအဲမွန်မှာ မိုးအုံ့သည်၊ နေပူသည်ဟု ဂရုမစိုက်ဘဲ ထိုရုပ်တုနှစ်ခုပြီးအောင် ဆက်၍ထုခဲ့ပါသည်။ ထိုရုပ်တုနှစ်ခု ပြီးစီးသွားသောအခါ အိမ်ကြီး၏အလှအပအဖြစ် ထိုပန်းဆွဲကို တပ်ခဲ့ပါသည်။ ထို့နောက် အိမ်ကြီးဆောက်ပြီးသွားသည့်အတွက် အိမ်ရှင်၏လက်သို့ အပ်ခဲ့ပါသည်။ သူဌေးဇနီးမောင်နှံမှာလည်း ကြီးကျယ်ခမ်းနားလှပသည့်အိမ်


www.burmeseclassic.com

www.burmeseclassic.com

ကြီးကို တည်ဆောက်ပြီးစီးသွားသည့်အတွက် အိမ်တက်ပွဲ အကြီးအကျယ်လုပ်ကာ ထိုအိမ်ကြီးပေါ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။

တစ်ညတွင် ၎င်းတို့အိပ်နေခိုက် ခြေသံပြင်းပြင်းနှင့်လာနေသည့်အသံကြောင့် ထ၍ကြည့်လိုက်ရာ ဘီလူးနှစ်ကောင်သည် မျက်နှာကျက်မှ ဆင်းလာသည်ကို တွေ့လိုက်ရပါသည်။ ထို့နောက် ၎င်းတို့အနီးသို့ ရောက်လာပြီး ခြောက်လှန့်ကြသဖြင့် ၎င်းတို့လည်း လွန်စွာလန့်ဖျပ်ကြပါသည်။

ထိုကြောင့် အန္တရာယ်ကင်းအမျိုးမျိုးလုပ်ကာ ကာကွယ်ကြပါသည်။ သို့သော်လည်း ပြုလုပ်စဉ် တစ်ခဏသာငြိမ်သွားပြီး အိပ်မက်လိုလို တကယ်လိုလို အထက်ပါအဖြစ်အပျက်များနှင့် ကြုံတွေ့ကြရပါသည်။ ဤသို့ဖြစ်ခြင်းမှာလည်း ညတိုင်းဖြစ်သည်မဟုတ်။ ဖြစ်ချင်သည့်အချိန်၌ ဖြစ်လာတတ်ပြီး မဖြစ်ချင်လျှင်လည်း မဖြစ်တတ်ပေ။

မကြာမီ သူဌေးကတော်ကြီးနှင့် သူဌေးကြီးတို့မှာ ညအခါ စိုးရွံ့ကြောက်လန့်ခြင်းတို့ကြောင့် အိပ်ကောင်းခြင်းမအိပ်ရဘဲ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်ခဲ့ပါသည်။ ထိုအိမ်ကြီးကို ၎င်းသူဌေးလင်မယား၏အမျိုးများ အမွေရကာ ထိုသူများ သွားရောက်နေထိုင်ခဲ့ရာ ထိုသူများလည်း အထက်ကကဲ့သို့ အဖြစ်အပျက်နှင့် ကြုံတွေ့ကြပြီး ရူးသည့်လူများရူးပြီး သေသည့်လူများ သေဆုံးခဲ့ပါသည်။

ကြာသောအခါ ထိုအိမ်ကြီးမှာ လူမနေဝံ့သည့် အခြေအနေသို့ရောက်ရှိသွားပြီး အခြားရွာသူရွာသားများကပါ ထိုရွာတွင် မနေတော့ဘဲ ပြောင်းပြေးသဖြင့် ရွာပျက်ကြီးဖြစ်သွားခဲ့ပါသည်။

ထိုအကြောင်းကို နက္ခတ်ဗေဒကျွမ်းကျင်သော ပညာရှိကြီးက ကြားသိသောအခါ ထိုအရပ်ထုစဉ်ကအချိန်၊ ခုနှစ်၊ နေ့၊ လ၊ ရက်စသည်တို့ကို အတိအကျမေး၍ တွက်ချက်ကြည့်သောအခါ -





'ရှေးနက္ခတ်ပညာရှင်တွေရဲ့ အလိုအရ ပြောရမယ်ဆိုရင် ကောင်းကင်နက္ခတ်မှာ ဘီလူးနက္ခတ်နဲ့ ကြုံကြိုက်တဲ့အချိန်မှာ ဘီလူးရုပ်ကိုထုရင် အဲဒီနက္ခတ်ကြုံတဲ့အချိန်မှာ အိပ်မက်လိုလို တကယ်လိုလိုနဲ့ ဘီလူးများ အသက်ရှင်လာတဲ့အတိုင်း ခြောက်လှန့်တတ်တယ်လို့ အဆိုရှိသကွဲ့'

'ကျုပ်တွက်ကြည့်ရတာကတော့ ထုတဲ့အချိန်ဟာ ကောင်းကင်နက္ခတ်မှာ တကယ်ပဲ ဘီလူးနက္ခတ်နဲ့ ကြုံနေတယ်။ ဒါကြောင့် ခြောက်လှန့်တာဖြစ်နိုင်တယ်'

နက္ခတ်ပညာရှိကြီးက ဤသို့ပြောသော်လည်း ဤရွာကလေးမှာ ပျက်စီးသွားပြီဖြစ်၍ ဤအိမ်ကြီးသို့ မည်သူမျှမသွားတော့ပေ။ ဦးဖိုးမြမှာ မျက်စိလည် လမ်းမှားကာ ထိုအိမ်ပျက်ကြီးသို့သွားစဉ် ခြောက်လှန့်ခံရခြင်း ဖြစ်ပေမည်ဟု နက္ခတ်ပညာရှင် ဆရာကြီးက ကောက်ချက်ချပါသည်။ ဦးဖိုးမြကြုံခဲ့ရသည့် ထိုကိစ္စကိုအကြောင်းပြု၍ နောက်နောင် ဤနယ်တဝိုက်ရှိ အိမ်ဆောက်သူများသည် ဘီလူးရုပ်ပုံအပြည့်ပါသည့် ဘီလူးပန်းဆွဲကို အိမ်၏အလှဆင်ပစ္စည်းအဖြစ် မပြုကြတော့ပေ။ နက္ခတ်ဆရာကြီးပြောသကဲ့သို့ ဟုတ်ချင်လည်းဟုတ်ပေမည်။ သို့သော် သံသယကင်းစွာ အိမ်ဆောက်လိုကြပါသည်။

'ဆရာမရယ်… အခု လူတွေက ဘီလူးနက္ခတ်တို့ ဘာတို့လည်း မတွက်တတ်ကြတော့ ဒီလိုဘီလူးပန်းဆွဲ မလုပ်ကြတော့ဘူး။ သံသယကင်းကင်းနဲ့ အလှဆင်တဲ့ ခြူးပန်းခြူးနွယ်တွေနဲ့ပဲ ပန်းဆွဲလုပ်တော့တယ်'

'ဒါကြောင့် ဘီလူးပန်းဆွဲကို အိမ်မှာမဆွဲဘဲ ဇရပ်လောက်မှာသာ ပန်းဆွဲအဖြစ် လုပ်ကြတော့တယ်။ ဒါတောင် တစ်ကိုယ်လုံးအပြည့်မဟုတ်ဘူး။ ကိုယ်တစ်ပိုင်းနဲ့ ကနုတ်ပန်းရောပြီး အလှဆင်ကြတာ


www.burmeseclassic.com

www.burmeseclassic.com

'ဪ… ဟုတ်လား'

'ဘီလူးရုပ်လုံး အပြည့်မထားတာလည်း အကြောင်းရှိပါတယ်။ နက္ခတ်ဆရာများရဲ့အလိုအရ အင်္ဂါမပြည့်စုံရင် ခြောက်လှန့်ခြင်း မပြုနိုင်ဘူးလို့ အဆိုရှိတယ်'

'အင်းလေ… ဘာပဲဖြစ်ဖြစ် သံသယကင်းတာ အကောင်းဆုံးပါပဲ။ အိပ်မက်ဆိုတာ သွေးလေချောက်ချားရင်လည်း မက်တတ်တာပဲ။ အိပ်မက်ဟာ အရမ်းဆန်းရင် တကယ်လို့ထင်ရတယ်'

'ဟုတ်ပါတယ် ဆရာမရယ်၊ ဒါကြောင့် လူနေအိမ်မှာ ဘီလူးပန်းဆွဲကို ဒီနယ်တဝိုက်မှာ အသုံးမပြုကြတော့ဘူး။ တန်ဆောင်းတွေလောက်သာ အသုံးပြုတာမို့ ဒီပန်းဆွဲကို မြင်ကတည်းက ဇရပ်ဖြစ်နိုင်တယ်လို့ပြောတာပါ'

'ဟုတ်ကဲ့ပါ'

အမှန်တော့ အသက်ကြီးရင့်သူများ၏ အတွေ့အကြုံရင့်ကျက်မှုကို စာရေးသူတို့ တစ်ဆင့်စကား တစ်ဆင့်နားသို့ဆိုသလို ကြားခဲ့ရပါသည်။

စာရေးသူသည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်က အဘကံပြောသဖြင့် ကြားသိခဲ့ရသော ထူးဆန်းသည့် ဘီလူးပန်းဆွဲအကြောင်းကို တစ်ဆင့်စကားဆိုသကဲ့သို့ ရေးဖွဲ့မိပါတော့သည်။

■

# မဒရပ်မှ ဖြစ်ရပ်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



# မဒရပ်မှ ဖြစ်ရပ်ဆန်း

လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်ခန့်က…။

အင်းစိန်မြို့၊ ဟိုက်ပတ်လမ်းရှိ ခြံကျယ်ကြီးတစ်ခုတွင် အငြိမ်းစားဆရာဝန်ကြီး ဒေါက်တာဖရက်ဒီ (ခေါ်) ဒေါက်တာကျော်စိုး နေထိုင်ခဲ့ပါသည်။ ၎င်းသည် အင်္ဂလိုဘာမင်းမျိုးနွယ်ဖြစ်ပြီး ၎င်း၏ဖခင်မှာ ဗြိတိသျှတပ်မတော်မှ ဗိုလ်ကြီးအဆင့်ရှိ ဗိုလ်ကြီးသော်မဆင် ဖြစ်ပါသည်။ ၎င်း၏မိခင်ကြီးမှာ မော်လမြိုင်သူ ဒေါ်စိန်သုံဖြစ်ပြီး မြန်မာပြည်၌ အင်္ဂလိပ် အုပ်စိုးစဉ် ထိုဗိုလ်ကြီးသော်မဆင်နှင့်အကြောင်းပါကာ သားလေးတစ်ဦး ထွန်းကားခဲ့ပါသည်။

ဗိုလ်ကြီးသော်မဆင်မှာ မြန်မာနိုင်ငံ၌ အမှုထမ်းဆောင်နေသော်လည်း ၎င်း၏သားကလေးကျော်စိုးအား အိန္ဒိယနိုင်ငံရှိ ကာလကတ္တား ဆေးသိပ္ပံတွင် ပညာသင်ကြားစေခဲ့ပါသည်။ ထိုသို့ မောင်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

ကလေးသည် ၄င်းဆေးသိပ္ပံမှ ဘွဲ့ရကာ အိန္ဒိယနိုင်ငံရှိ မြို့နယ်အသီးသီးသို့ သွားရောက်အမှုထမ်းခဲ့ပါသည်။ ကမ္ဘာစစ်ကြီး ပြီးဆုံးပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါမှ မြန်မာပြည်သို့ ပြန်လာခဲ့ပါသည်။ ထို့နောက် အငြိမ်းစားဆရာဝန်ကြီးအဖြစ် အင်းစိန် ဟိုက်ပတ်တွင်နေထိုင်စဉ် စာရေးသူနှင့် ခင်မင်ရင်းနှီးခဲ့ပါသည်။

၄င်းသည် ဆေးရုံလောက၌ အမှုထမ်းစဉ် အတော်အတွင်း ပရလောကသားများနှင့် ထူးဆန်းစွာ တွေ့ကြုံခဲ့ပါသည်။ ထိုအကြောင်းများကို စာရေးသူအား ပြောပြရာ ဒေါက်တာကျော်စိုး၏ ပရလောကသားများနှင့် ထူးဆန်းစွာ တွေ့ကြုံရသော ဖြစ်ရပ်များအနက် 'မဒရပ်က ဖြစ်ရပ်ဆန်း'ကို တင်ပြလိုက်ရပါသည်။

ဒေါက်တာဖရက်ဒီတစ်ယောက် အိန္ဒိယနိုင်ငံ မဒရပ်မြို့ရှိ ရှေးဟောင်းဗြိတိသျှ ဆေးရုံတစ်ရုံ၌ တာဝန်ကျခဲ့ပါသည်။ မဒရပ်မြို့သည် လူဦးရေ များပြားသော ကုန်သွယ်မြို့ဖြစ်ပြီး စီးပွားရေးကောင်းသဖြင့် လူလတ်တန်းအလွှာများ ပါသည်။ ထိုဆေးရုံမှာ ရှေးဟောင်းအဆောက်အဦဖြစ်ပြီး သစ်ပင်အုပ်များအလယ်၌ တည်ထားပါသည်။ အိန္ဒိယနိုင်ငံအတွင်း တာဝန်ထမ်းဆောင်နေသည့်အတွက် ဒေါက်တာကျော်စိုးဟူသော မြန်မာအမည်ကို မသုံးစွဲဘဲ ဒေါက်တာဖရက်ဒီအဖြစ်သာ လူသိများပါသည်။ ဒေါက်တာဖရက်ဒီမှာ အင်္ဂလိပ်ကပြားဖြစ်၍ မျက်နှာအချိုးအစားမှာ အင်္ဂလိပ်လူမျိုးနှင့် ပိုတူပါသည်။

ထိုဆေးရုံ၌ ဒေါက်တာဖရက်ဒီ တာဝန်ကျသည့် အဆောင်မှာ အထွေထွေရောဂါကုသရာ အဆောင်အမှတ်(၁)၌ ဖြစ်ပါသည်။ အခြားတစ်ဖက်တွင် အထွေထွေရောဂါကုသရာ အဆောင်အမှတ်(၂) ရှိပါသည်။ အဆောင်အမှတ်(၁) နှင့် (၂)တို့သည် လေးထပ်အဆောက်





အဦဖြစ်ပြီး ထိုနှစ်ဆောင်ကို ထောင့်ချိုးပုံသဏ္ဍာန် ဆက်ထားပါသည်။ ထိုနှစ်ခုအကြား၌ အခန်းတစ်ခန်း ရှိပါသည်။ ထိုအခန်းမှာ ဤဆေးရုံစတင်ဆောက်စဉ်အခါကတည်းက သံကြိုးစက်သီးကို အသုံးပြုသောဓာတ်လှေကားအခန်း ဖြစ်ပါသည်။

ဒေါက်တာဖရက်ဒီ ရောက်စအချိန်ကပင် ဤအခန်းမှာ သော့ခလောက်များ ခပ်ထားကာ အသေပိတ်ထားပါသည်။ ၄င်းက ဤအခန်းအကြောင်း မေးကြည့်ရာ ဓာတ်လှေကားပျက်အခန်းဟူ၍သာ ပြောသဖြင့် အမှတ်တမဲ့ နေခဲ့ပါသည်။ ထိုသို့ဖြင့် ထိုဆေးရုံ၌ တစ်နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုအချိန်အထိ ထူးခြားမှု မရှိသေးပေ။

ထိုနေ့ည ည၉ (၁၀)နာရီကျော်အချိန်ခန့်တွင် အူရောင်ငန်းဖျားကာ ကယောင်ကတမ်းပြောဆိုနေသည့် လူနာတစ်ဦး ရောက်ရှိလာခဲ့ပါသည်။

'ဒေါက်တာ… အင်မာဂျင်စီပေးရှင့် ရောက်နေပါတယ်'

တာဝန်ကျဆရာမလေးက လာခေါ်သဖြင့် လူနာစမ်းသပ်ခန်းသို့ လိုက်လာခဲ့ပါသည်။ လူနာမှာ အဖျားအလွန်တက်ကာ အော်ဟစ်နေသဖြင့် ထိုလူနာကို ကောင်းစွာစမ်းသပ်ပြီး လိုအပ်သောဆေးထိုးခြင်းပြုလုပ်ပေးခဲ့ပါသည်။ အရေးကြီးလူနာဖြစ်၍ တာဝန်ကျဆရာမကလေးများလည်း ပြုစုရင်း အလုပ်ရှုပ်နေပါသည်။ ဤတွင် ဤလူနာနှင့်မနီးအဝေး ဟောလ်ခန်းကျယ်ကြီး၌ ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမ အပါအဝင် လူအင်အား (၁၀)ယောက်ခန့်သည် ခုတင်ပေါ်မှ လူနာများ၏ လူနာမှတ်တမ်းများကို ကြည့်ရှုစစ်ဆေးနေသည်ကို တွေ့လိုက်ရပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုအုပ်စုမှာ မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ လူနာများကို ကြည့်လိုက်၊ လူနာမှတ်တမ်းကိုကြည့်လိုက်နှင့် အလုပ်ရှုပ်နေပါသည်။

ထိုအခါ ဒေါက်တာဖရက်ဒီလည်း အချိန်မတော် လူနာကို လှည့်လည်စစ်မေးနေသော ဆရာဝန် ဆရာမအုပ်စုကိုကြည့်ရင်း အံ့သြနေမိပါသည်။

ထိုစဉ် သူနာပြုဆရာမလေးတစ်ယောက်က အံ့သြစွာ ဒေါက်တာဖရက်ဒီအား လှမ်းမေးလိုက်ပါသည်။

'ဒေါက်တာ… ဒီဆရာဝန်နဲ့အဖွဲ့က ဘယ်သူတွေပါလဲ'

'ကျုပ်လည်း မသိဘူး၊ ဒီအဖွဲ့တွေကို တွေ့ဖူးသလိုပဲ၊ ဆေးရုံစစ်ဆေးရေးအဖွဲ့တွေလား မသိဘူး'

ထိုသို့ပြောနေစဉ် ထိုဆရာဝန်အဖွဲ့မှာ လူနာများအား စစ်ဆေးပြီးနောက် နောက်တစ်ခန်းဘက်သို့ ကူးသွားသည်ကို တွေ့ရှိရပါသည်။ ထိုအချိန်က ထိုဆေးရုံများသို့ ဆေးရုံစစ်ဆေးရေးအဖွဲ့များ ရှောင်တခင် စစ်ဆေးတတ်သည့်အတွက် စစ်ဆေးရေးအဖွဲ့ဟုသာ ထင်လိုက်ပါသည်။ ၎င်းအပြင် ထိုအဖွဲ့အား မေးမည်အပြုတွင် အခြားအခန်းသို့ ထွက်သွားသဖြင့် ၎င်းတို့၏ ထုံးစံအရ မိမိအခန်း၌သာ တာဝန်ကျချိန်တွင် အခြားအခန်းသို့ ကူးသွားခွင့်မရှိသဖြင့် ဒေါက်တာဖရက်ဒီလည်း ၎င်းအဖွဲ့အား မမေးဖြစ်ခဲ့ပေ။

'အင်း… မနက်ကျမှပဲ ဆေးရုံအုပ်ကို မေးကြည့်တော့မယ်၊ တကယ်ဆိုရင် စစ်ဆေးရေးအဖွဲ့လာမယ်ဆိုလည်း ကြိုတင်အကြောင်းကြားသင့်တာပေါ့'

ဒေါက်တာဖရက်ဒီလည်း တစ်ယောက်တည်း မကျေမချမ်း ပြောခဲ့ပါသည်။





နံနက်လင်းသောအခါ ၎င်းသည် ဆေးရုံအုပ်ကြီးရုံးခန်းသို့ သွားကာ–

'ဆရာကြီး… ညက စစ်ဆေးရေးအဖွဲ့တွေ လာသွားပါတယ်၊ သူတို့ လာမယ်ဆိုတာ ကျွန်ုပ်ကို ကြိုပြီး အသိပေးသင့်ပါတယ်။ သူတို့လာမှန်းမသိတော့ သူတို့ကို မကြိုဆိုနိုင်ခဲ့ပါဘူး။ အရောင်ဝန်းဖျား လူနာနဲ့ အလုပ်ရှုပ်နေတုန်း လူနာတွေကို စစ်ဆေးသွားပါတယ်။ ဒါကို ရီပို့ လာလုပ်တာပါ'

'ဟင်… ဒေါက်တာ ဖရက်ဒီ၊ ဘာတွေလာပြောနေတာလဲ၊ ကျုပ်လည်း ဘယ်စစ်ဆေးရေးအဖွဲ့ကိုမှ ညက မလွှတ်ပါဘူး'

'ညက စစ်ဆေးရေးအဖွဲ့တွေ လာပါတယ်၊ သူနာပြုဆရာမများလည်း မြင်ပါတယ်'

'နိုး… နိုး… မဖြစ်နိုင်ဘူး၊ ကျုပ်ကို အကြောင်းမကြားဘဲ ဘယ်အဖွဲ့မှ လာခွင့်မရှိဘူး'

ထိုသို့ဖြင့် ဆေးရုံအုပ်ကြီးနှင့် ဒေါက်တာဖရက်ဒီတို့ နှစ်ယောက်သား အပြင်းအထန် ငြင်းခုန်နေစဉ် ဒေါက်တာဖရက်ဒီသည် ဆေးရုံအုပ်ကြီးရုံးခန်း၌ ချိတ်ဆွဲထားသည့် အုပ်စုလိုက်ရိုက်ထားသည့် ဓာတ်ပုံဆီသို့ မျက်စိရောက်သွားခဲ့ပါသည်။ ထိုဓာတ်ပုံထဲတွင် ပါဝင်သော အုပ်စုမှာ ညက စစ်ဆေးရေးလှည့်သွားသည့်သူများဖြစ်ကြောင်း ကောင်းစွာ သိလိုက်ပါသည်။

'ဆေးရုံအုပ်ကြီးခင်ဗျား… ညက လှည့်လည်တဲ့ စစ်ဆေးရေး အုပ်စုဟာ ဒီဓာတ်ပုံထဲက အုပ်စုပါ ခင်ဗျာ'

'ဟင်… ဒေါက်တာဖရက်ဒီ… ခင်ဗျား ဘာပြောလိုက်တာလဲ တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ညက ဆေးရုံမှာ စစ်ဆေးသွားတာ ဒီဓာတ်ပုံထဲက အုပ်စုလို့ ပြောတာပါ'

'ဒါဆိုရင် ဗိုငြိုးမဖြစ်နိုင်ပါဘူး၊ ဒီဓာတ်ပုံထဲကအုပ်စုဟာ ဒီဆေးရုံ စတည်ကတည်းက အလုပ်လုပ်ခဲ့တဲ့ ဆရာဝန်တွေနဲ့ သူနာပြုတွေပဲ၊ သူတို့ဟာ လွန်ခဲ့တဲ့ ၃-နှစ်ခန့်က ညဘက်မှာ လူနာတွေကို စစ်ဆေးရင်း ဓာတ်လှေခါးပျက်ကြပြီး အားလုံး အသက်ဆုံးရှုံးသွားတဲ့ အုပ်စုပေါ့၊ အဲဒီအုပ်စုပုံကိုလည်း မသေမီတစ်ပတ်အလိုက ရိုက်ခဲ့ကြတယ်၊ ခင်ဗျားက အခုမှ အသစ်ပြောင်းလာတာဆိုတော့ ဒီအကြောင်း မသိသေးဘူးနဲ့ တူတယ်'

'ဟုတ်ကဲ့၊ ဆေးရုံအုပ်ကြီးခင်ဗျာ ကျွန်တော် ဒီအကြောင်း မသိသေးဘူး၊ ဆေးရုံအုပ်ကြီးရုံးခန်းက ဒီအုပ်စုဓာတ်ပုံကို မြင်ဖူးထားတော့ သူတို့ကိုတွေ့စဉ်မှာ မြင်ဖူးသလို ခံစားရပါတယ်။ ဒါဆို သူတို့ အုပ်စုကို ကျွန်ုပ်က ဘာဖြစ်လို့ မြင်တွေ့ရတာလဲ'

'ကျုပ် ဆေးရုံအုပ်လုပ်တာ ၄၅နှစ်ရှိပြီ၊ ခင်ဗျားလို အသစ်ပြောင်းလာပြီး လူနာရှုပ်ထွေးတဲ့အချိန်မှာ အုပ်စုလှည့်လည်စစ်ဆေးနေတာကိုတွေ့တယ်လို့ ပြောတဲ့လူပေါင်း လေးငါးယောက် ရှိပြီ။ ကျုပ်အထင်ပြောရရင်တော့ ဆေးရုံကို စိတ်စွဲလမ်းပြီး မကျွတ်မလွတ်တဲ့ ပရလောကသားတွေကို လျှပ်တစ်ပြက် မြင်တွေ့လိုက်တယ်လို့ ထင်တာပဲ'

ထိုဆေးရုံကြီး မပျက်စီးမီအထိ ဒေါက်တာဖရက်ဒီကဲ့သို့ လူနာစစ်ဆေးနေသော ပရလောကသားအုပ်စုကို ဆေးရုံအမှုထမ်းအချို့ မကြာခဏ တွေ့မြင်ခဲ့ရသည်ဟု ဆိုပါသည်။

■

# အံ့ဖွယ်ဖြစ်စဉ်
# ပုဒကက်တင် မက်လာရှင်

www.burmeseclassic.com

www.burmeseclassic.com



# အံ့ဖွယ်ဖြစ်စဉ် ပုခက်တင်မင်္ဂလာရှင်

ဒေါက်တာ ဖရက်ဒီ၏ ပရလောကသားများနှင့် ထူးဆန်းစွာ တွေ့ကြုံရသော ဖြစ်ရပ်ဆန်းများအနက် 'ဟောင်ရာမှ ပုခက်တင် မင်္ဂလာရှင်' ဖြစ်ရပ်ဆန်းမှာ အံ့ဖွယ်အကြောင်းတစ်ရပ်ပင် ဖြစ်ပါသည်။

ထိုစဉ်က ဒေါက်တာဖရက်ဒီသည် ဟောင်ရာမြို့ရှိ ဆေးရုံ တစ်ရုံတွင် တာဝန်ကျခဲ့ပါသည်။ ဟောင်ရာမြို့ကလေးအား ဟူဂလီ မြစ်ကမ်း၏ တစ်ဖက်ကမ်း၌ တည်ရှိပါသည်။

ဟောင်ရာမြို့ကား အခြားမြို့များနှင့် မတူသော ထူးခြားသည့် မြို့ကလေးတစ်မြို့ ဖြစ်ပါသည်။ ထူးခြားသည့် အကြောင်းရပ်ကား ပုခက်တင်မင်္ဂလာရှင် မုဆိုးမကလေးများအား စွန့်ပစ်ရာမြို့ကလေး တစ်မြို့လည်း ဖြစ်ပါသည်။ ပုခက်တင်မင်္ဂလာရှင်ဆိုသည်မှာ မိန်း



www.burmeseclassic.com

www.burmeseclassic.com

ကလေးနှင့် ယောကျ်ားကလေးများကို ငယ်ရွယ်စဉ် ပုခက်တွင်းမှာပင် နှစ်ဖက်သောမိဘများမှ စေ့စပ်ကြောင်းလမ်းကာ အရွယ်ရောက်ချိန်တွင် ထိမ်းမြားမင်္ဂလာပြုရန် စီစဉ်ထားသည့် မင်္ဂလာတစ်ရပ်ပင်ဖြစ်ပါသည်။

ထိုသို့ ပုခက်တင်မင်္ဂလာပြုပြီးနောက် မိမိ၏ သမီးမိန်းကလေးအား ယောကျ်ားလေးရှင်မိဘများက သမီးအရင်းသဖွယ် မွေးမြူခဲ့ကြရပါသည်။ ထိုသို့သောသူများကို ယောကျ်ားလေးမိဘထံသို့ အပ်နှင်းခဲ့ရပါသည်။ ထိုမိန်းကလေးအား ပုခက်တင်မင်္ဂလာရှင်ဟု ခေါ်ကြပါသည်။ ထိုပုခက်တင်မင်္ဂလာရှင်မိန်းကလေးများသည် ယောက္ခမအိမ်၌နေရင်း ၎င်း၏သားအရင်း သေဆုံးသွားပါက ထိုမိန်းကလေးများသည် အလိုအလျောက် မုဆိုးမ ဖြစ်သွားပါသည်။ ထိုမုဆိုးမလေးများမှာ ကံဆိုးသူဟုသမုတ်ကာ ဟောင်ရာမြို့ကလေး၌ လာရောက်စွန့်ပစ်ကြသည့် အလေ့အထ ရှိခဲ့ဖူးပါသည်။

ဒေါက်တာဖရက်ဒီသည် ဟောင်ရာမြို့၌ရှိစဉ်က ထိုအလေ့အထမှာ မပျောက်သေးပေ။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရသွားသည့်နောက်ပိုင်းတွင် ၎င်းအစိုးရမှ ထိုအလေ့အထကို ပပျောက်စေခဲ့ပါသည်။

တစ်နေ့သော ညနေခင်းတွင်-

'ဒေါက်တာ ဟောင်ရာမြို့စွန်မှာ အမျိုးသမီးတစ်ယောက် အသတ်ခံရလို့ ဒေါက်တာလိုက်ပေးပါ'

ဒေါက်တာဖရက်ဒီမှာ သေမှုသေခင်းဆိုင်ရာ မှုခင်းဆရာဝန်အဖြစ် လိုက်ပါခဲ့ရပါသည်။ ၎င်းရောက်ချိန်တွင် အမျိုးသမီး၏ရင်ဘတ်တွင် ဓားဒဏ်ရာအချက်ပေါင်းများစွာ ထိုးထားပြီး ဆာရီတစ်ခုလုံး သွေးများ မြင်မကောင်းအောင် စွန်းထင်းပေကျံနေပါသည်။ ထိုမိန်းကလေး ၏အမည်မှာ 'ဘာပရာ'ဖြစ်ပြီး (၁၃)နှစ်ခန့်သာ ရှိပါသေးသည်။





ဘာပရာ၏နောက်ကြောင်းရာဇဝင် စစ်မေးရာတွင်-

'ဘာပရာဟာ ကာလကတ္တားမြို့က ကုန်သည် မစ္စတာရာဂျူးရဲ့သားနဲ့ ပုခက်တင်မင်္ဂလာပြုထားတဲ့ မိန်းကလေးပါ။ လွန်ခဲ့တဲ့ သုံးလလောက်က ရာဂျူးသား ဆာမိဟာ အပြင်းဖျားပြီး သေဆုံးသွားတဲ့အတွက် မုဆိုးမဖြစ်သွားပြီး ဟောင်ရာမှာ စွန့်ပစ်ခံခဲ့ရပါတယ်။ ဟောင်ရာရောက်ပြီး (၃)ရက်မြောက်တဲ့နေ့မှာ အသတ်ခံရတာ ဖြစ်ပါတယ်'

'ဒီမိန်းကလေးကို ဘယ်သူသတ်သလဲဆိုတာ ကျွန်တော် တို့အမြန်ဆုံးစစ်ဆေးပါ့မယ်'

ဒေါက်တာဖရက်ဒီအား ရဲမှူးဖြစ်သူမှ မှုခင်းဖော်ထုတ်ရေးအတွက် ဤသို့ ပြောခဲ့ပါသည်။ ဒေါက်တာဖရက်ဒီလည်း လိုအပ်သော စစ်ဆေးမှုပြုပြီးနောက် လူသတ်မှုဖြစ်ကြောင်း ထောက်ခံပေးခဲ့ပါသည်။

ထိုအမျိုးသမီးအလောင်းအား စစ်ဆေးပြီး တစ်လခန့်အကြာတွင် ဒေါက်တာဖရက်ဒီ အိပ်မက်တစ်ခု မက်ပါသည်။ ထိုအိပ်မက်ထဲတွင် ဘာပရာကို အသက်ရှင်လျက်တွေ့မြင်ရပြီး ဒေါက်တာဖရက်ဒီဆီသို့ အပြေးကလေး ရောက်လာခဲ့ပါသည်။

'ကျွန်မနာမည် ဘာပရာပါ။ ကျွန်မကို ကျွန်မယောကျ်ားရဲ့အစ်ကို အာနန်က သတ်တာပါ။ သူ့ကို အရေးယူပေးပါ'

'အာနန်ဆိုတာ ငါမှမသိဘဲ'

'အာနန်ဆိုတာ သူပါပဲ။ သူဟာ လူသတ်သမားအစစ်ပါ။ ကျွန်မကို ကူညီပါ'

ထိုသို့ ပြောဆိုပြီး လူတစ်ယောက်ကို လှမ်းပြပါသည်။ ဒေါက်တာဖရက်ဒီ လှမ်းကြည့်လိုက်သောအခါ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ နှုတ်ခမ်းမွေးအနည်းငယ်ရှိပြီး မီးခိုးရောင်ရှပ်အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ထားပြီး စီးကရက်သောက်နေသည်ကို တွေ့လိုက်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုသို့မက်ပြီး မကြာမီ ဒေါက်တာဖရက်ဒီ လန့်နိုးလာပါသည်။

'ဩော်... ငါ့နှယ် စိတ်စွဲလို့မက်တာနဲ့တူပါတယ်'

ဟုသို့တွေးမိကာ ရေချိုးပြီး ဆေးရုံသို့ ဂျူတီဝင်ခဲ့ပါသည်။ ဆေးရုံရောက်သောအခါ ဆေးရုံအုပ်မှ-

'ဒေါက်တာဖရက်ဒီ... ဒီနေ့ ဘာပရာရဲ့အမှုမှာ ဆေးဘက်ဆိုင်ရာ စစ်မေးချက်အတွက် ခင်ဗျား တရားရုံးမှာ သက်သေထွက်ပေးရမယ်။ ဒီတော့ ခင်ဗျား တရားရုံးကိုသွားပါ'

'ဟုတ်ကဲ့ပါခင်ဗျာ'

ထိုသို့ဖြင့် ဆေးဘက်ဆိုင်ရာ စစ်မေးချက်အတွက် သက်သေထွက်ရန် တရားရုံးသို့ ရောက်ခဲ့ပါသည်။ တရားရုံးသို့ ရောက်သောအခါ အမှုတစ်ခုစစ်နေသဖြင့် ဒေါက်တာဖရက်ဒီမှာ ရုံးအတွင်း ခုံရှည်ကလေးတစ်ခု၌ စောင့်ဆိုင်းနေရပါသည်။

ဤတွင် ဘာပရာ၏ယောက္ခမအုပ်စုမှာ တရားရုံးသို့ ရောက်ရှိလာခဲ့ပါသည်။ ၎င်းအုပ်စုတွင် အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ နှုတ်ခမ်းမွေးစစနှင့် မီးခိုးရောင်ရှပ်အင်္ကျီနှင့် ဘောင်းဘီဝတ်ထားသည့် လူတစ်ယောက်ကို တွေ့လိုက်ရပါသည်။ ထိုလူကို မြင်လျှင်မြင်ချင်း အိပ်မက်ထဲကလူမှန်း သိလိုက်ပါသည်။ ဒေါက်တာဖရက်ဒီသည် ၎င်း၏ဘေး၌ရှိသော ရဲမှူးအား မေးလိုက်ပါသည်။

'ရဲမှူး... မီးခိုးရောင်အင်္ကျီ ဝတ်ထားတဲ့သူကို သိပါသလား'

'သိပါတယ်၊ သူဟာ ဆာမိရဲ့အစ်ကို အာနန်ပဲ'

'ဟင်... အာနန် ဟုတ်လား'

'ဘာဖြစ်လို့လဲ... အာနန်ကိုသိလို့လား'

'မသိပါဘူး'

ရဲမှူးမှာ ဒေါက်တာဖရက်ဒီ၏ အဖြေကို မကျေနပ်ပေ။





'ခင်ဗျား တစ်ခုခုသိထားတာများ ရှိသလား'

ရဲပိုင် စုံစမ်းမေးမြန်းလိုက်ပါသည်။ ဒေါက်တာဖရက်ဒီမှာ အိပ်မက်နှင့် အပြင်၌ တွေ့ရှိမှာ ထူးဆန်းစွာတိုက်ဆိုင်နေသည့်အကြောင်းကို ပြောပြလိုသော်လည်း အမှုလိုက်ရာတွင် လွဲချော်သွားမည်ကို စိုးသဖြင့် မည်သို့မျှ ရှင်းမပြတော့ဘဲ-

'မရှိပါဘူး' ဟူ၍သာ ပြောခဲ့ပါသည်။

ထိုသို့ဖြင့် ထိုနေ့က ရုံးတော်၌ ဆေးဘက်ဆိုင်ရာ တွေ့ရှိချက်များကို ထွက်ဆိုခဲ့ပါသည်။ ဒေါက်တာဖရက်ဒီ ထွက်ဆိုနေစဉ် အာနန်၏မျက်နှာမှာ လွန်စွာပင် ညှိုးရော်နေပါသည်။ ဒေါက်တာဖရက်ဒီ ထွက်ဆိုပြီး ဝက်ခြံမှအထွက်တွင် တုန်ယင်သောအသံဖြင့် အာနန်မှာ ဝက်ခြံအတွင်းသို့ ဝင်ရောက်လာကာ-

'ကျွန်တော် ဝန်ခံချက်ပေးချင်လို့ပါ'

ဤတွင် တရားသူကြီးမှ မေးလိုက်ပါသည်။

'ခင်ဗျား ဘာကိုဝန်ခံချက်ပေးချင်တာလဲ'

'ဘာပရာကိုသတ်တာ ကျွန်တော်ပါ'

'ဘာပရာကို ဘာကြောင့်သတ်ရတာလဲ'

'ဘာပရာဟာ ကျွန်တော့်ညီနဲ့ ပုခက်တင်မင်္ဂလာပြုထားတဲ့သူပါ။ သူမဟာ ငယ်စဉ်ကတည်းက ကျွန်တော်တို့အိမ်မှာ အတူနေခဲ့တာပါ။ အရွယ်ရောက်လာတာနဲ့အမျှ သူမဟာ ချေမ်းလှလာလို့ ကျွန်တော်ဟာ သူမကို ချစ်မိသွားပါတယ်။ အဲဒီလိုချစ်မိကြောင်း သူမကို ပြောပြတဲ့အခါ သူမမှာ ယောကျ်ားရှိပြီးသားဖြစ်လို့ ငြင်းခဲ့ပါတယ်။ ဒီလိုနဲ့ ကျွန်တော့်ညီဟာ သေဆုံးသွားခဲ့တဲ့အတွက် သူမဟာ မုဆိုးမဖြစ်သွားပြီး ဟောင်ရာမှာ စွန့်ပစ်ခံခဲ့ရပါတယ်။ ဒီမှာ[illegible] ကျွန်တော်လိုက်သွားပြီး ချစ်ရေးဆိုပါတယ်။ သူမက [illegible]မခံဘဲ


www.burmeseclassic.com

www.burmeseclassic.com



ငြင်းဆန်တဲ့အတွက် ဓားနဲ့အချက်ပေါင်းများစွာထိုးပြီး ချုံပုတ်ထဲမှာ ပစ်ထားခဲ့ပါတယ်။ မျက်မြင်သက်သေလည်း မရှိတာနဲ့ အိမ်ပြန်ပြီး မသိသလို နေခဲ့ပါတယ်'

'ဒါဆိုရင် ဘာဖြစ်လို့ မင်းသတ်ကြောင်း ဝန်ခံရတာလဲ'

'ကျွန်တော်ကလည်း ဝန်မခံချင်ပါဘူး။ အပြစ်ပေးခံရမှာ ကြောက်ပါတယ်။ ဒါပေမဲ့ ညတိုင်းညတိုင်း ဘာပရာဟာ အိပ်မက်မှာ လာပြီး ခြောက်လှန့်နေပါတယ်။ အမျိုးမျိုးခြောက်လှန့်တဲ့အတွက် အိပ်မက်ဆိုးမက်မှာကြောက်ပြီး မအိပ်ရဲအောင်ဖြစ်လာပါတယ်။ နောက်တော့ အိပ်မက်ဆိုးမမက်စေချင်ရင် မင်းသတ်ကြောင်း ဝန်ခံပါဆိုလို့ မနေနိုင်တဲ့အဆုံး ဝန်ခံရတာပါ'

ထိုသို့ ဝန်ခံချက်ကို ဝန်ခံနေစဉ် ရဲမှူးမှ ဒေါက်တာဖရက်ဒီအား တိုးတိုးကလေး ပြောလိုက်ပါသည်။

'ကျုပ်လည်း ဘာပရာကို အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ သူ့ကိုသတ်တဲ့လူဟာ 'အာနန်'တဲ့။ အာနန်ကို ဖမ်းပေးပါလို့ မက်တယ်။ ဒါပေမဲ့ ကျုပ်တို့အလုပ်ဟာ သက်သေခံမရှိဘဲ ဘယ်လိုလုပ်ဖမ်းရမလဲ။ ဒီတော့ နောက်ထပ် အိပ်မက်မက်တယ်။ ရှင်တို့ မဖမ်းနိုင်တဲ့ တရားခံကို ကျွန်မကိုယ်တိုင် ဖမ်းပြမယ်တဲ့။ အခုတော့ သူမပြောတဲ့အတိုင်း အိပ်မက်နဲ့ ဖမ်းပေးလိုက်တာပဲ'

ရဲမှူး၏စကားကို နားထောင်ပြီးနောက် 'ကျွန်တော်လည်း ဒီအတိုင်းပဲ အိပ်မက်မက်တယ် ရဲမှူးကြီးရယ်'

ဟု ပြောလိုက်ရာ-

'ပုခက်တင်မင်္ဂလာရှင် ပရလောကသားများရဲ့ စွမ်းဆောင်ချက်ဟာ အံ့မခန်းစရာပါပဲ'

■

# ဒွင့်လှုပ်ပါ မေမေ

www.burmeseclassic.com

www.burmeseclassic.com



# ခွင့်လွှတ်ပါ မေမေ

စာရေးသူသည် ‘မြသူဇာ’ အကြောင်းကို စဉ်းစားမိတိုင်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ရပါသည်။ အမှန်တော့ သားသမီးနှင့်မိဘအကြားတွင် မမြင်ရသော သံယောဇဉ်ပိုးကြိုးမျှင်တို့ ဆက်နွယ်လျက်ရှိပါသည်။ ထို့အတူပင် မိဘနှင့်သား နှစ်ဦးသားတွင် ဝတ္တရားကိုယ်စီရှိကြပါသည်။ မိဘကလည်း ကိုယ့်သားသမီးကလေးများကို ဆင်စီးပြီးမြင်းရံသော ဘဝစည်းစိမ် ခံစားစေလိုလှပါသည်။ သားသမီးများဘက်ကလည်း တူနှစ်ကိုယ် တဲအိုပျက်မှာနေရလည်း ဘဝကို ရဲဝံ့စွာရင်ဆိုင်ခြင်းသည် အချစ်စစ်အချစ်မှန်မည်သည်ဟု လက်ကိုင်ထားသူများလည်း ရှိပါသည်။ သားသမီးနှင့်မိဘကြားတွင် အယူအဆမတူညီမှုကြောင့် သောကပင်လယ်ဝေခဲ့ရသည့်အဖြစ်မျိုးများကို တွေ့ခဲ့ဖူးပါသည်။

အိုယွန်းယှဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ထိုမပြေလည်သော မိသားစုကြားတွင် ပါဝင်ပတ်သက်မိရာမှ သူတို့နှင့်အတူ စိတ်ဆင်းရဲခြင်းများကို ထပ်တူခံစားခဲ့ရပါသည်။ မိဘနှင့်သားသမီးကြားတွင် လျှော့လွန်းလျှင် စည်းကမ်းပျက်၊ တင်းလွန်းလျှင် မေတ္တာပျက်ဟူသည့်စကားနှယ် သားသမီး၏ အရိပ်အကဲကို သိဖို့ လိုအပ်လှပါသည်။ သားသမီးကလည်း မိဘ၏စိတ်ဓာတ်ကို သိနားလည်ဖို့ လိုအပ်ပါသည်။

စာရေးသူ တွေ့ကြုံခဲ့ရသော ဓာတ်လမ်းတစ်ခုမှာ မိဘနှင့် သားသမီးကြားတွင် လွဲမှားသော မာနတစ်ခုကြောင့် ဘဝရေတိမ်တွင် နစ်ခဲ့ရသော မြသူဇာ၏အကြောင်းကို ပြန်ပြောင်း သတိရမိပါသည်။

လွန်ခဲ့သော တစ်ဆယ့်ငါးနှစ်ခန့်က ဓာတ်ခွဲဘက်ဆိုင်ရာ အရာရှိအဖြစ် ဗဟိုအမျိုးသမီး၌ စာရေးသူ တာဝန်ထမ်းဆောင်စဉ် တွေ့ကြုံရသော အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။ ဤဆေးရုံ၌ မွေးလူနာများ၊ ကိုယ်ဝန်ပျက်သည့်ဝေဒနာရှင်များ၊ အဖုအလုံး အကျိတ်နှင့် မီးယပ်ရောဂါရှင်များသည် နေ့စဉ်နှင့်အမျှ လာရောက်ကြပါသည်၊ ထိုလူနာများတွင် စာရေးသူ၏ အသိမိတ်ဆွေများလည်း ပါတတ်ပါသည်။ ထိုမိတ်ဆွေများအား တာဝန်ချိန်ပြီးဆုံးလျှင် သွားရောက်အားပေးစကားပြောခဲ့ပါသည်။

တစ်နေ့သောအခါတွင် စာရေးသူ၏ သူငယ်ချင်းအရင်း တက္ကသိုလ်အတူတက်ခဲ့သော မမြမွန်သည် စာရေးသူ၏အိမ်သို့ ရောက်လာခဲ့ပါသည်။ အိမ်ထဲသို့ ဝင်စဉ်မှာပင် သူမ၏မျက်နှာမှာ ညှိုးငယ်နေသည့်အတွက် စိတ်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားပါသည်။ ထို့နောက် သူမလက်ထဲတွင် သတင်းစာလိပ်တစ်ခုကိုပါ ကိုင်ဆောင်လာသဖြင့် တစ်ခုခု ထူးခြားမှုရှိပြီဟု စာရေးသူ တွေးသင်မိပါသည်။





'အမွန် ... ဘာဖြစ်လို့လဲ'

'ရော့ ... ဒီသတင်းစာမှာ ဖတ်ကြည့်ပါဦး'

ပြောပြောဆိုဆို သတင်းစာကိုပြသဖြင့် ဖတ်ကြည့်ရာ-

**'နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း'**

*ကျွန်တော် မောင်ကျော်စွာဦးနှင့် ကျွန်မ မမြသူဇာတို့သည် ရန်ကုန်တိုင်း၊ တွံဖက်တရားသူကြီး( ဒီဂုံ၊ မြို့နယ်)ထံမှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။*

*မောင်ကျော်စွာဦး*

*မမြသူဇာ*

'ကြည့်စမ်းပါဦး သူငယ်ချင်းရယ်၊ မိသူဇာ ရက်ရက်စက်စက် လုပ်သွားလိုက်တာ'

'ဘယ်လိုဖြစ်တာလဲ အမွန်ရယ်၊ ကိုယ် နားလည်အောင် ရှင်းပြပါဦး'

'မိသူဇာကို သဘော်ကပ္ပတိန်တစ်ယောက်နဲ့ ပေးစားဖို့လုပ်ထားတာ၊ အသက်ကြီးသလေး၊ ဘာလေးဆိုပြီး သူတို့ကျောင်းက ကောင်လေးနဲ့ ခိုးရာလိုက်သွားတယ်၊ အမွန်တို့လိုက်ခေါ်တော့ အတွေ့မခံဘဲ နှစ်ဦးသဘောတူလက်မှတ်ထိုးပြီးကြောင်း ပါလာတယ်၊ အမွန်တော့ ဟိုဘက်မိဘကို ဘယ်လိုမျက်နှာပြရမှန်းတောင် မသိဘူး'

'ဩော်... သူဇာကလည်း ခက်တာပဲ၊ ကိုယ်မယူချင်လည်း မိဘကို ပြောပြမှပေါ့'

'သူငယ်ချင်း... သူက မယူချင်ဘူးလို့ ပြောပါတယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

သားသမီးဆိုတာ မိဘစီမံတာကို နာခံရမယ်၊ အမွန်တို့လည်း မိဘပေးစားတဲ့သူကိုပဲ ယူလာတာ'

'အင်း… အခုခေတ်ကတော့ ပြောင်းသွားပြီ သူငယ်ချင်း'

'ခေတ်ပြောင်းတာတွေ ဘာတွေ နားမလည်ဘူး၊ သူလုပ်ချင်တာကို သတင်းစာကနေ အမွန်ကို စိန်ခေါ်သွားတာ၊ အမွန် မခံနိုင်ဘူး၊ ဒီနေ့ပဲ သတင်းစာတိုက်သွားပြီး 'သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း' ကြော်ငြာ ထည့်လိုက်ပြီ'

'ဩော်…. အမွန်ရယ် ခက်တော့တာပဲ'

ပြောပြောဆိုဆို အပူအပြည့်နှင့်လာပြီး အပူပေးသွားခဲ့လေပြီ။ သူငယ်ချင်း၏သမီး မြသူဇာကလေးမှာ စာရေးသူ သမီးကလေး သဖွယ်ချစ်ရသော မိန်းကလေးဖြစ်၍ သူတို့ အပူကူးစက်ကာ စိတ်မချမ်းသာ ဖြစ်ခဲ့ရပါသည်။ သည်လိုနှင့်ပင် မြသူဇာတို့ရှိရာအရပ်ကို စုံစမ်းမေးမြန်းကာ လိုက်သွားခဲ့ပါသည်။

မြသူဇာကို တွေ့လိုက်ရပါသည်။ မြသူဇာကို တွေ့ရသည်မှာ မြောက်ဥက္ကလာ အစွန်ဆုံးရပ်ကွက်မှ တဲသာသာ အိမ်ကလေးတစ်လုံး၌ ဖြစ်ပါသည်။ စာရေးသူသည် မြသူဇာတို့၏ အခြေအနေကို သိထားသည့်အတွက် ယခုလိုမြင်ရသောအခါ ရင်ထဲတွင်မကောင်းဖြစ်ရပါသည်။ မြသူဇာ၏အဖေမှာ နိုင်ငံခြားသင်္ဘောမှ ကပ္ပတိန်ဖြစ်ပြီး လက်ဖျားငွေသီးကာ သုံးချင်သလို သုံးဖြုန်းလာသူပင်။ သူမ၏အိမ်တွင် ကားသုံးလေးစီးရှိ၍ ကိုယ့်ကားကို ကိုယ်တိုင်မောင်းကာ ကျောင်းတက်ခဲ့သည့် မြသူဇာ။ အပေါင်းအသင်းနှင့်တွေ့လျှင် လက်မနှေးဘဲ သူမက အရင်ငွေထုတ်ကာ ကျွေးမွေးတတ်သူ။

သည်လို ယခင်နေခဲ့သည့် ဘဝမျိုးနှင့် လားလားမှ မတူတော့





သည့် မြင်ကွင်းကလေး။ အိုးတစ်လုံး၊ ဖျာတစ်ချပ်၊ ပရိဘောဂဟူ၍ ဘာမှမရှိ။ တကာယ့်ကို အောက်ခြေလူတန်းစားအလွှာ။

'အန်တီ‥ သမီးကို အသက်ကြီးပြီး အရုပ်ဆိုးတဲ့လူနဲ့ ပေးစားမယ်တဲ့၊ သူ့ကိုယူမှ သမီး ချမ်းသာမှာလား၊ မချမ်းသာရင်နေပါ၊ သမီး စိတ်ချမ်းသာတာကို ရွေးလိုက်တယ်'

'အင်း… အန်တီလည်း ဘယ်လိုပြောရမှန်းတောင် မသိပါဘူး သမီးရယ်'

'သမီးလေ မာမီတို့ဆင်ထားတဲ့ပစ္စည်းတွေ အားလုံးထားခဲ့တယ်၊ အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနဲ့ ချစ်သူနောက် လိုက်လာခဲ့တာ'

သူမက အချစ်သူရဲကောင်းကြီးသဖွယ် စာရေးသူကို ပြောပြပါသည်။

'ဒါနဲ့ သမီး ကျောင်းက မပြီးသေးဘူး မဟုတ်လား'

'အခု တတိယနှစ်လေ၊ ဆက်မတက်တော့ဘူး၊ စာပေးစာယူပြောင်းလိုက်တော့မယ်'

'အေးလေ၊ ဘဝကို စပြီးပေါ့၊ သမီးတို့လိုရာသုံးရအောင် အန်တီ ပိုက်ဆံပေးခဲ့မယ်'

'အန်တီ သမီး မယူဘူး၊ သမီးအပူ ဘယ်သူ့မှ မပေးဘူး'

'ဒါဆို အန်တီ ချေးတယ်လို့ သဘောထားပြီး ယူပါ သမီးရယ်'

'အန်တီ သမီးမှာ ခြေနှစ်ဖက်၊ လက်နှစ်ဖက် အကောင်းပါ၊ မရှိရင် ဈေးရောင်းစားမယ်၊ သူများထောက်ပံ့တာ မယူဘူး'

ဤသို့ ရဲရဲတောက် မာနရှိသည့် မိန်းကလေးတစ်ဦး။

စာရေးသူလည်း မည်သို့မျှ ပြောမရ၍ ပြန်ခဲ့ရပါသည်။

www.burmeseclassic.com

နောက်ပိုင်း သူတို့အကြောင်းကို ကြားခဲ့ရပါသည်။ ယောက်ျားကလေးဘက်မှာ အလွန်ဆင်းရဲပြီး သားသမီးများသည့်အတွက် မြသူဇာတို့နှင့် နီးမောင်နှံကို မထောက်ပံ့နိုင်ချေ။ မြသူဇာတို့ဘက်ကလည်း ထင်ရာလုပ်သွားသည့် သမီးမို့ အမွေပြတ်စွန့်လွှတ်ကာ ၄င်းတို့မိသားစုတွင် မြသူဇာဟူသည့် အမည်ကိုပင် မကြားချင်လောက်အောင် စိတ်နာခဲ့ပါသည်။

ထိုကလေးနှစ်ဦးမှာ နှစ်ဖက်မိဘများ၏ အထောက်အပံ့ မရသဖြင့် မြသူဇာမှာ မြောက်ဥက္ကလာပဈေးတွင် ဈေးရောင်းပြီး မောင်ကျော်စွာဦးမှာ ဆိုက်ကားနင်းရသည့် အခြေအနေသို့ ရောက်ရှိသွားပါသည်။ စာရေးသူမှာ မနေနိုင်၍ မမြမွန်အား ကလေးများပြန်ခေါ်ရန် သွားပြောသော်လည်း-

'သားသမီးကတောင်မှ မှားပါပြီလို့ မတောင်းပန်တာ မိဘကဘာဖြစ်လို့ သွားခေါ်ရမှာလဲ'

'အင်း… ဒါလည်း ဟုတ်တာပဲ'

ထို့ကြောင့် မြသူဇာဆီသို့သွားကာ မိဘအား ဝန်ချတောင်းပန်ပြီး မိဘနှင့်ပြန်နေဖို့ သွားပြောခဲ့ပါသည်။

'မတောင်းပန်ချင်လို့ မဟုတ်ပါဘူး၊ သမီးတို့သွားရင် သမီးတို့နှစ်ယောက်ကို အတင်းခွဲကြမှာ၊ ပေါင်းရမှာ မဟုတ်ဘူး၊ ဒါကြောင့်ဖြစ်သမျှအကြောင်း ရင်ဆိုင်တော့မယ် အန်တီ'

'အင်း… သားသမီးနဲ့ မိဘကြားမှာ လွဲမှားတာတွေ ဖြစ်နေပြီ'

မည်သို့မျှညှိ၍မရသော မာနမျဉ်းပြိုင်များ၊ စိုးရွံ့ကြောက်လန့်သည့် အတွေးစိတ်များရှိသောကြောင့် စာရေးသူလည်း စိတ်ဆင်းရဲစွာပြန်ခဲ့ရပါသည်။

မည်သူ့ကိုမျှ ပြောမရသည့်အဆုံး လက်လျှော့ကာ ဘယ်သူ့ဆီမှမသွားတော့ဘဲ ကိုယ့်အလုပ်ကိုသာလုပ်ရင်း တမင်မေ့လျော့ထားခဲ့ပါသည်။

သည်လိုနှင့်ပင် သူတို့နှင့် အဆက်အသွယ်ပြတ်ခဲ့သည်မှာ (၆)လကျော်ခန့် ကြာခဲ့ပါပြီ။

တစ်နေ့တွင် ဘီရုံမှ အသည်းအသန်လူနာတစ်ဦးရှိ၍ သွေးအတွင်း ရောဂါပိုးရှိ မရှိ ရှာရန် သွေးဖောက်စစ်ပေးပါရန် အကြောင်းကြားလာသဖြင့် စာရေးသူသည် ပို့ပေးရမည့် ပုလင်းကိုကိုင်ကာ ဘီရုံသို့သွားရောက်ခဲ့ပါသည်။ လူနာဆီသို့ ရောက်သောအခါ အလွန်ညှိုးနွမ်းသောမျက်နှာနှင့် သွေးဆင်းကာ အလွန်အဖျားတက်နေသော အမျိုးသမီးကလေးတစ်ဦးကို တွေ့လိုက်ရပါသည်။

ထိုမိန်းကလေးမှာ နှုတ်ခမ်းများပင် ဖြူဖတ်ဖြူလျော်ဖြစ်နေပြီး အလွန်ပိန်ချုံးနေပါသည်။ စာရေးသူ၏စိတ်ထဲတွင် ဤမိန်းကလေးအား အလွန်ပင်မြင်ဖူးသည်ဟု စိတ်တွင် ထင်မြင်လာသဖြင့် သွေးဖောက်ရန် ပေးထားသော စာရွက်မှ လူနာအမည်ကို ကောက်ယူဖတ်ကြည့်ရာ-

'ဟာ… မြသူဇာပါလား၊ ဘယ်လိုဖြစ်တာပါလိမ့်'

တစ်ချိန်က သားသမီးကဲ့သို့ အလွန်ခင်မင်ရင်းနှီးခဲ့သည့် မိန်းကလေး။ အလွန်ချောမောလှပသည့် မိန်းကလေး။ (၆)လခန့် မတွေ့ရစဉ်အတွင်း မမှတ်မိနိုင်အောင် ရုပ်ရည်အဆင်းပြောင်းလဲသွားသည်သာမက အဖျားတက်နေသဖြင့် သူမနှင့်စကားပြောရန် မဖြစ်နိုင်တော့ပေ။ သူနာပြုဆရာမလေးအား သူမ၏အကြောင်းကို သိလို၍ မေးကြည့်ရာ-





www.burmeseclassic.com

www.burmeseclassic.com



'ဒီပေးရှင့်က ဘာကော့စ်လဲ'

'အစ်မ… ကိုယ်ဝန်ပျက်ချင်ချင်ဖြစ်ပြီး သွေးဆင်းနေတာ တစ်ပတ်ကျော်ပြီတဲ့၊ အဖျားတွေအရမ်းတက်မှ ဆေးရုံရောက်လာတာ'

'အင်း… ဒုက္ခပါပဲ'

စာရေးသူသည် လွန်စွာ စိတ်မချမ်းသာစွာဖြင့် သွေးဖောက်ပြီး ဓာတ်ခွဲခန်းသို့ ပြန်ခဲ့ပါသည်။ ညနေ အလုပ်ဆင်းချိန်တွင် မြသူဇာထံသို့ တစ်ခေါက်ထပ်သွားခဲ့ပါသည်။ ဆေးသွင်းထားသည့် အရှိန်ကြောင့် အဖျားအနည်းငယ် ကျနေသော်လည်း သူမ၏မျက်နှာမှာ ညှိုးနွမ်းပြီး ဖျော့တော့နေပါသည်။ ညနေ ညေ့ချိန်ဖြစ်၍ ၄င်း၏ခင်ပွန်းသည် မောင်ကျော်စွာဦးနှင့် တွေ့ဆုံသဖြင့် စာရေးသူ သိချင်သည့်အချက်ကို မေးမြန်းခဲ့ပါသည်။

'အန်တီရယ်… ဈေးမှာ အလေးချိန်စီးတဲ့ တောင်းကိုမလိုက်တာ ဗိုက်အရမ်းထိုးအောင့်သွားပြီး သွေးတွေ ဆင်းလာတယ်တဲ့၊ ဒါကို ကျွန်တော့်ကိုလည်း ပြောမပြတော့ မသိဘူး။ ဈေးကလည်းရောင်းကောင်းတော့ ဆေးခန်းလည်း မပြဖြစ်ဘူး၊ (၇)ရက်လောက်ကြာတော့ အရမ်းဖျားလာတယ်။ ဒီတော့မှ ဒီဆေးရုံကိုလာပြပြီး တက်လိုက်တာ'

'သားတို့ကလည်း တယ်ပြီးပေါ့ဆတာကိုး၊ ကိုယ်ဝန်ဆောင် သွေးဆင်းရင် ဆေးရုံကို အမြန်ဆုံးပြရမှာပေါ့၊ လိုအပ်တဲ့ဆေးဖိုးအတွက် အန်တီ ပိုက်ဆံပေးခဲ့မယ်'

စာရေးသူလည်း မြသူဇာအတွက် ငွေအချို့ ပေးခဲ့ပါသည်။ ထိုနေ့က သောကြာနေ့ဖြစ်၍ စနေနေ့ ရုံးပိတ်ရက်တွင် သူငယ်ချင်း မမြမွန်အိမ်သို့သွားကာ မြသူဇာအကြောင်း သွားပြောဖြစ်ခဲ့ပါသည်။ ဤတွင် မမြမွန်မှာ-





'သူငယ်ချင်း… ကိုယ် သူ့ကို သေခန်းဖြတ်ထားတယ်ဆိုတာသိတယ်မဟုတ်လား၊ ဒီတော့ သူ ဘာပဲဖြစ်ဖြစ် ကိုယ်မသိချင်ဘူး'

'အေးလေ… မသိချင်ဘူးဆိုရင်တော့ မပြောတော့ဘူး၊ ဒါပေမဲ့ မိန်းမတစ်ယောက်ရဲ့ ကိုယ်ဝန်ဆောင်မှုဟာ သားဆိုးတစ်ယောက်၊ သားကောင်းတစ်ရာတဲ့၊ သားကောင်းတစ်ရာမွေးတာ အန္တရာယ်မရှိပေမယ့် သားပျက်သားဆိုးတစ်ယောက်ဟာ မိခင်ကို အန္တရာယ်ပေးနိုင်တယ်ဆိုတာ မင်းကို လာပြီးအသိပေးတာ'

စာရေးသူလည်း စိတ်ပေါက်ပေါက်နှင့် ဤသို့ပြောကာ ပြန်လာခဲ့ပါသည်။ တနင်္ဂနွေနေ့တွင် ပိတ်ရက်ဖြစ်၍ ဆေးရုံသို့ မသွားဖြစ်ခဲ့ပါ။

တနင်္လာနေ့တွင် ဆေးရုံသို့ အလုပ်ဆင်းခဲ့ပါသည်။ ဂျူတီချိန်ဖြစ်၍ မြသူဇာအား သတိရသော်လည်း မသွားဖြစ်ခဲ့ပေ။ ဂျူတီအားချိန်တွင် မြသူဇာဆီသို့သွားမည်ဟု စိတ်ဝယ် ကြံစည်ထားပါသည်။ ဤတွင် ရောဂါဗေဒ ဆရာဝန်ကြီးမှ-

'ရင်ခွဲစစ်ဆေးရမယ့် အလောင်းရှိတယ်၊ အဆင်သင့် လုပ်ထားပါ၊ ရင်ခွဲရုံ သွားရမယ်'

'ဟုတ်ကဲ့'

ရင်ခွဲစစ်ဆေးရမည့်အလောင်းများရှိပါက ရောဂါဗေဒဆရာဝန်ကြီးနှင့်အတူ အလှည့်ကျ လိုက်ရပါသည်။ ယနေ့အဖို့ စာရေးသူ၏ အလှည့်ဖြစ်၍ ရောဂါဗေဒဆရာဝန်ကြီးနှင့်အတူ ရင်ခွဲရုံသို့ လိုက်ခဲ့ရပါသည်။ ဤသို့ လိုက်နေကျဖြစ်၍ စာရေးသူအဖို့ မဆန်းလှပါချေ။

ရောဂါဗေဒဆရာဝန်ကြီးနှင့်အတူ စာရေးသူသည် ရင်ခွဲရုံထဲ ဝင်လိုက်သည်နှင့် တပြိုင်နက် ကျောက်ဖြူအလောင်းစင်ပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com

အလောင်းကို လှမ်းကြည့်လိုက်ရာ-

'ဟင် မြသူဇာ'

စာရေးသူရင်ထဲတွင် အလုံးတစ်လုံး ဆောင့်ဝင်သွားသကဲ့သို့ နာကျင်စွာ ခံစားရပါသည်။

'ဖြစ်မှဖြစ်ရလေ မြသူဇာရယ်'

ရုံးပိတ်ရက်အတွင်း မြသူဇာသည် အားလုံးကို ခွဲခွာသွားခဲ့လေပြီ။ စာရေးသူရင်ထဲတွင် လွန်စွာနာကျင်ကာ မျက်ရည်များ ရစ်ဝိုင်းလာပါတော့သည်။ ရင်ခွဲရုံတွင် တာဝန်ကျသော အိန္ဒိယလူမျိုး ဆာဒူးအမည်ရှိ အလုပ်သမားမှာ ၄င်း၏တာဝန်အတိုင်း ထိုအလောင်းကို ရင်ခွဲလိုက်ပါသည်။ ရောဂါဗေဒဆရာဝန်ကြီးမှ စစ်ဆေးမှုများကို ပြုလုပ်ရပါသည်။ စာရေးသူသည် တာဝန်အရ ဆောင်ရွက်နေရသော်လည်း ရင်ထဲ၌ တဆစ်ဆစ်နာနေပါသ်ည။ သည်လိုအဖြစ်ဆိုးနှင့် တိုးခဲ့ရသော မြသူဇာ၏ဖြစ်အင်ကို မကြည့်ရက်အောင် ဖြစ်ရပါသည်။ ထိုအလောင်းကို စစ်ဆေးမှုပြုပြီး၍ ဓာတ်ခွဲခန်းပြန်ရောက်သည့်တိုင် လွန်စွာ စိတ်မကောင်း ဖြစ်မိပါသည်။

ချက်ချင်းပင် မြသူဇာ၏ခင်ပွန်းသည်အား အကျိုးအကြောင်း မေးမြန်းခဲ့ပါသည်။

'သား… မြသူဇာရဲ့ မိဘတွေဆီကို အကြောင်းကြားသလား'

'မြသူဇာ ဆုံးဆုံးချင်း မနေ့ညက ကျွန်တော်သွားပြောတော့ သေခန်းပြတ်ပြီးသား၊ လာမပြောနဲ့၊ မင်းကြိုက်သလို စီစဉ်လို့ ပြောလိုက်တယ်'

'အင်း… အမွန်တို့ကတော့ ခက်ပါတယ်'

ထိုသို့ဖြင့် မြသူဇာ၏ အသုဘကိစ္စကို အကျဉ်းရုံး၍ စီစဉ်ခဲ့ကြရပါသည်။ အချစ်ကြီး၍ အမျက်ကြီးလေသလား၊ သို့တည်းမဟုတ်





စိတ်ဆိုးလွန်ခြင်းလေလား မသိပေ။ မြသူဇာတို့ အသိုင်းအဝိုင်းမှာ ဤကိစ္စနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်မျှ မလာခဲ့ပေ။ စာရေးသူလည်း စိတ်မကောင်းခြင်းကြီးစွာဖြင့် မြသူဇာ၏ ဈာပနကို လိုက်လံပို့ဆောင်ခဲ့ပါသည်။ မြောက်ဥက္ကလာပမှ ဈေးသည်အချို့သာ လိုက်ပို့သော မြသူဇာ၏ဈာပနာမှာ မထင်မရှားနှင့် ပြီးဆုံးခဲ့ပါသည်။

စာရေးသူလည်း ဤကိစ္စ ဤတွင် ပြီးဆုံးသွားပြီဟု ထင်ခဲ့မိပါသည်။ သို့သော် နောက်ဆက်တွဲဖြစ်ရပ်တစ်ခုမှာ စာရေးသူနှင့် လာရောက်ပတ်သက်ဆက်နွယ်နေခဲ့ပါသည်။

မြသူဇာ ကွယ်လွန်ပြီး (၃)လခန့်အကြာတွင် စာရေးသူ၌ အိပ်မက် မက်ခဲ့ပါသည်။ အိပ်မက်ထဲတွင် ဆံပင်ဖားလျားနှင့် ငိုယိုနေသော မြသူဇာကို တွေ့ရပါသ[illegible]။ ဤတွင် စာရေးသူသည် မြသူဇာ၏လက်ကိုကိုင်ကာ-

'သမီး ဘာဖြစ်လို့ငိုနေတာလဲ'ဟု မေးလိုက်ပါသည်။

ထိုအခါ မြသူဇာမှ-

'အန်တီ… သမီးတစ်ကိုယ်လုံး ပူလောင်နေပါပြီ၊ မေမေ့ကို ပြောပေးပါ၊ သမီး လက်အုပ်ချီပြီး တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ မေမေ၊ မေမေ ခွင့်မလွှတ်သမျှ သမီး ဒီလိုပူလောင်တဲ့ဝေဒနာကို ခံစားနေရပါတယ်'

လက်အုပ်ကလေးချီကာ ငိုယိုပြီး ပြောနေသဖြင့်-

'သမီးအမေဆီကို အန်တီ သွားပြောပေးပါမယ်'ဟု ကတိပေးခဲ့ပါသည်။ နံနက်မိုးလင်း၍ အိပ်ယာမှနိုးသောအခါ အိပ်မက်ရှင်အားပေးမိသည့်ကတိအတိုင်း မမြမွန်ဆီသို့သွားကာ အိပ်မက်အကြောင်း ပြောမိပါသည်။

'ညက မြသူဇာကို အိပ်မက်မက်တယ်၊ အမွန့်ကို ခွင့်လွှတ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်နေတယ်၊ အမှန် ခွင့်မလွှတ်သမျှ သူ့မှာ ပူလောင်စွာ ခံစားနေရတယ်လို့ ပြောတယ်'

မမြမွန်သည် သမီးဖြစ်သူအကြောင်း ကြားရသောအခါ အံကို တင်းတင်းကြိတ်ထားရင်း မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာကာ-

'ဒီ... အမိုက်မအကြောင်းကို ကိုယ် မကြားချင်ဘူး၊ ရင်ထဲမှာ အရမ်းနာတယ်၊ ဒါနဲ့ နေပါဦး၊ သူ့ကို ခွင့်လွှတ်ဖို့တောင်းပန်တယ်ဆိုတော့ သူက မကျွတ်မလွတ်တဲ့ သရဲတစ္ဆေဘဝ ရောက်နေတယ်လို့ ဆိုလိုချင်တာလား'

ဤသို့ မမြမွန်က ပြောလိုက်သည့်အတွက် စာရေးသူစိတ်တွင် ဒေါသဖြစ်သွားမိပါသည်။ အိပ်မက်မက်၍ မက်ကြောင်းပြောရာမှ မဆီမဆိုင် တစ်ဖက်သတ် စွပ်စွဲကာ လမ်းကြောင်းလွဲသွားခဲ့လေပြီ။ စာရေးသူကလည်း ဤသဘောမျိုးနှင့် ပြောသည်မဟုတ်ပါ။

'သူငယ်ချင်း ကိုယ်ပြောချင်တာက မြသူဇာအပေါ် ခွင့်လွှတ်ပေးဖို့ ပြောတာ၊ တစ္ဆေသရဲဘဝရောက်တယ်လို့ မပြောဘူး၊ အိပ်မက်ထဲမှာ ကတိပေးမိလို့ လာပြောတာ၊ ယုံချင်ယုံ၊ မယုံရင်လည်း မတတ်နိုင်ဘူး'

စာရေးသူလည်း စိတ်ပေါက်ပေါက်နှင့် ဘုတောမိပါသည်။ အမှန်မှာမူ မမြမွန်မှာ သူမ အလွန်ချစ်သည့် သမီးကလေး ဆုံးရှုံးသွားသည့်အတွက် မည်သူ့ကိုမျှ အကောင်းမမြင်ဘဲ စိတ်ဝေဒနာ ဖိစီးနေမှန်း ထိုစဉ်က မသိခဲ့ချေ။ မြသူဇာ၏ အကျိုးအတွက် ပြောမိရာမှ မမြမွန်၏ မချေမငံပြောဆိုသည့်စကားမှာ စာရေးသူ၏ စေတနာကို စော်ကားသည်ဟု အဓိပ္ပာယ်ကောက်ကာ စိတ်ဆိုးခဲ့ခြင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ စေတနာသည် ဝေဒနာဖြစ်တတ်ပါသည်။ မည်သို့ပင် ဖြစ်စေကာမူ ပေးထားမိသော ကတိတစ်လုံးအတွက် ဝေဒနာဖြစ်ကာ





မှဖြစ်စေတော့ ပြောရမည်မှာ မိမိအလုပ်ဟု မှတ်ယူထားပါသည်။

ဤတွင် မမြမွန်၏မိခင် ဒေါ်ဖွားစိန်သည် အိမ်ခန်းထဲမှ ထွက်လာကာ-

'အမေလည်း မြေးကလေးကို အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ 'ခွင့်လွှတ်ပါ မေမေ' ဆိုပြီး မမြမွန်ကို ကန်တော့နေတာတွေ့တယ်၊ မငွေးကိုလည်း ဒီအိပ်မက် မက်တယ်ဆိုတော့ ဒီကလေးဟာ အခြားဘဝမှာ မိခင်ရဲ့စိမ်ရည်သင့်ပြီး ပူလောင်နေရှာတယ်နဲ့ တူတယ်'

ထိုသို့ အေးဆေးစွာ ပြောပြပါသည်။ ဤတွင် မျက်ရည်များကြားမှ မမြမွန်က သူမ၏အမေကို လှမ်းမေးလိုက်ပါသည်။

'ဒါဆို သမီး ဘာလုပ်ရမလဲ မေမေ'

'သမီးရယ် မြေးလေးအ ွက် ဘုန်းကြီးငါးပါး ဆွမ်းကျွေးပြီး အမျှအတန်း ဝေပေးလိုက်ပါ၊ ပြီးတော့ သမီးကလေးကို ခွင့်လွှတ်ပါတယ်ဆိုတဲ့အကြောင်း ပြောပြီး ကောင်းရာဘုံဘဝရောက်ပါစေကြောင်း ဆုတောင်းပေါ့'

'ဟုတ်ကဲ့ မေမေ'

'သူငယ်ချင်းကိုလည်း တောင်းပန်လိုက်ဦးလေ'

'သူငယ်ချင်း ကိုယ် စိတ်ရှုပေါက်ပြီး ပြောမိတာ ဖွဲမယူပါနဲ့နော်၊ တောင်းပန်ပါတယ်'

'ရပါတယ် သူငယ်ချင်းရယ်'

'မင်းအိပ်မက်ထဲကအတိုင်း သမီးကလေးကို ခွင့်လွှတ်ပါတယ်'

မကြာမီ ဘုန်းကြီးငါးပါး ဆွမ်းကျွေးကာ မြသူဇာအား ခွင့်လွှတ်ကြောင်းနှင့် အမျှအတန်းပေးဝေခဲ့ပါသည်။ အမျှအတန်းပေးသည့်စဉ် မမြမွန်၏မျက်နှာတွင် မျက်ရည်စီးကြောင်းအသွယ်သွယ်နှင့်။ သူ



www.burmeseclassic.com

www.burmeseclassic.com



မည်မျှ ခံစားနေရကြောင်း မပြောဘဲ သိခဲ့ရပါသည်။

တစ်ပတ်ခန့်အကြာတွင် မမြမွန်တစ်ယောက် စာရေးသူထံသို့ ရောက်ရှိလာခဲ့ပါသည်။

'ညက သမီးကလေးကို အိပ်မက် မက်တယ်၊ ကိုယ် ခွင့်လွှတ်ပြီး ပေးဝေတဲ့အမျှကိုရလို့ ကျွတ်တမ်းဝင်သွားပြီလို့ ပြောတယ်၊ အဝတ်အစား ပြောင်ပြောင်လက်လက်နဲ့ မိုးပေါ်ဆီတက်သွားတယ်'

'ဒါဆိုရင် သမီးလေးဟာ ကောင်းတဲ့ဘုံဘဝတစ်ခုကို ရောက်သွားပြီပေါ့'

'တကယ်ဆိုရင် သားသမီးရဲ့စိတ်ကို နားမလည်ခဲ့တာ ကိုယ့်အမှားပါ၊ နောက်ပြီး သမီးလေးကို ကောင်းကောင်းမသွန်သင် မဆုံးမနိုင်ခဲ့ဘူး၊ အမှားဖြစ်မှသာ ယူကျုံးမရတဲ့စိတ်နဲ့ အတင်းအကြပ်လုပ်ခဲ့တော့ သမီးကလေး ရေတိမ်နစ်ရှာတာပေါ့'

'သူငယ်ချင်းရယ်··· စိတ်မကောင်းစရာတွေ မတွေးပါနဲ့တော့၊ တရားနဲ့သာ ဖြေပါ'

'ဟုတ်ပါတယ်၊ ကိုယ် ပြန်တော့မယ်'

မမြမွန်သည် စာရေးသူအား နှုတ်ဆက်ပြီး ပြန်သွားခဲ့ပါသည်။ စာရေးသူလည်း သူမ၏ကျောပြင်ကလေးကိုကြည့်ရင်း မြသူဇာကလေးကို များစွာ သတိရမိပါသည်။ မိသားစုတစ်စုတွင်ရှိသော ချစ်ခြင်းမေတ္တာကို နားလည်သဘောမပေါက်ကြ၍ ရေတိမ်နစ်ခဲ့ရသည့် အဖြစ်မျိုး များစွာ ရှိပါသည်။ မည်သို့ပင်ဖြစ်စေ မိဘ၏မျက်ရည်တစ်စက်သည် သားသမီးအတွက် များစွာ ပူလောင်လှပေသည်။ ဘဝခြားသည့်တိုင် မိဘ၏ခွင့်လွှတ်မှု လိုအပ်ခဲ့သော မြသူဇာ၏အဖြစ်မျိုးလို ငယ်ရွယ်သူများ မဖြစ်ကြပါစေနှင့်ဟူ၍သာ ဆုတောင်းရပါတော့သည်။

■

# အပန်ငါးရှ ငါးကပ္ပလော

www.burmeseclassic.com

www.burmeseclassic.com



# အဖန်ငါးရာ ငါးကမ္ဘာလေလာ

၅၇

စာရေးသူငယ်စဉ်ကပင် 'အဖန်ငါးရာ ငါးကမ္ဘာ' ဆိုသည့် စကားတစ်ခွန်းကို ကြားဖူးခဲ့ပါသည်။ ဤစကားမှာ ရိုးရိုးသာမန်လူများ အတွက်မဟုတ်ပါ။ မိမိကိုယ်ကို သတ်သေလျှင် ထိုအသက်အရွယ်သို့ ရောက်တိုင်း တစ်နည်းနည်းတစ်ဖုံဖုံဖြင့် သေဆုံးရသည်မှာ အဖန်ငါး ရာငါးကမ္ဘာတိုင်သည်ဟု အဆိုရှိပါသည်။

ဤသည်မှာ ရှေးလူကြီးများ ဆိုစကားပင်။

လူသားများ မှီတင်းနေသော လောကကြီးတွင် ဖြစ်ပျက်ခြင်း မျိုးစုံတို့ ရှိကုန်၏။ သာမန်ဖြစ်ရပ်များ ရှိသကဲ့သို့ ထူးထူးခြားခြား ဖြစ်ရပ်ဆန်းကြယ်တို့လည်း ဖြစ်ပျက်ခဲ့ပါသည်။ ထိုဖြစ်ရပ်များအပေါ် ဆင်ခြင်သုံးသပ်ပါမူ အကျိုးတရားကြောင့် အကြောင်းတရားဖြစ်ပေါ် လာသည်ကို တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျိုးကြောင်းဆက်နွယ်မှုသဘောအရ သူတစ်ပါးကိုသတ်လျှင် ပါဏာတိပါတာကံထိုက်သည်ဟု ရှင်တော်မြတ်ဘုရားက ဟောကြားခဲ့ပါသည်။ သူတစ်ပါးကို မသတ်ဘဲ မိမိကိုယ်မိမိ သတ်သေလျှင်လည်း အဖန်ငါးရာ ငါးကမ္ဘာတိုင်တိုင် အကုသိုလ်ဝဋ်ကြွေးကို ဆပ်ရမည်ဟု ဆိုပါသည်။

ထိုအကြောင်းနှင့် ထူးထူးခြားခြားတိုက်ဆိုင်လှသော ဖြစ်ရပ်တစ်ခုကို စာရေးသူ သိခွင့်ကြုံခဲ့ပါသည်။ ဤအဖြစ်အပျက်ကို ကြားသိရသောအခါ -

တချို့က တိုက်ဆိုင်မှုဟု ဆိုကြပါသည်။

တချို့ကမူ သံသရာဝဋ်ကြွေးဟု ဆိုကြပါသည်။

ဤအဖြစ်အပျက်ကို စာရေးသူ ညောင်ပင်သာရွာသို့ရောက်နိုက် အဘိုးအိုတစ်ယောက်က ပြောပြခဲ့ပါသည်။

ဧရာဝတီတိုင်းရှိ မြို့ကလေးတစ်မြို့၌ ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ပါသည်။

သူမ၏အမည်ကား မခင်မှီ။ သူမကို (၁၉၄၈)ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ သူမ၏မိဘနှစ်ပါးမှာ လယ်သမားများဖြစ်၍ လယ်ကွင်းများရှိရာ ညောင်ပင်သာရွာ၌ နေခဲ့ကြပါသည်။ မခင်မှီသည် ငယ်စဉ်အခါကပင် စာတော်သဖြင့် ဦးလေးတော်သူ ဦးသိန်းမောင်နေထိုင်သော ဖျာပုံမြို့တွင် ကျောင်းဆက်ထားခဲ့ပါသည်။

မခင်မှီကလေးမှာ အပျိုဖော်ဝင်လာသည့်အချိန်တွင် လွန်စွာလှပလာရကား သူမ၏အချစ်ပန်းကို လိုချင်သူ ဒုနှင့်ဒေး ဖြစ်လာပါသည်။ ထိုသူများထဲတွင် ဂုဏ်သရေရှိအသိုင်းအဝိုင်း၊ ပညာတတ်အသိုင်းအဝိုင်းမှ လူပျိုပေါက်များ ပါသကဲ့သို့ ဆင်းရဲသား လက်လုပ်





လက်စားများလည်း ပါဝင်ပါသည်။ ၄င်း မခင်မှီ၏ မိဘဖြစ်သူ ဦးထွန်းအုံနှင့် ဒေါ်မြမူတို့မှာ လယ်သမားများဟုဆိုသော်လည်း မိမိလယ်မိမိပိုင်သည့် လယ်ပိုင်ရှင်များဖြစ်၍ ဥစ္စာပစ္စည်း အဆင့်အတန်းမှာ အလယ်အလတ်ရှိပါသည်။ သူမ၏ဦးလေးတော်သူမှာကား အလုပ်ဟူ၍ မယ်မယ်ရရမရှိ။ စပါးပွဲစားယောင်ယောင်။

သို့သော်လည်း မင်းပွဲစိုးပွဲများတွင် ဘိလိယက်ထိုးခြင်း၊ လူမှုရေးအဖွဲ့အစည်းများတွင် ပါဝင်ခြင်းတို့ကြောင့် ဦးသိန်းမောင်ဆိုလျှင် မသိသူမရှိသလောက်ပင်။ ထို့အပြင် ဝတ်စားဆင်ယင်ပုံမှာလည်း သပ်သပ်ရပ်ရပ် ဝတ်စားတတ်သဖြင့် မသိသူများကဆိုလျှင် ငွေကြေးချမ်းသာသည့် သူဌေးတစ်ယောက်ဟု အထင်ရှိပါသည်။ ဦးသိန်းမောင်မှာလည်း လွန်စွာသူဌေးဖြစ်ချင်သူဖြစ်ပြီး ပိုက်ဆံရှိအသိုင်းအဝိုင်းကို အထင်ကြီးသူဖြစ်ပါသည်။

မခင်မှီကလေးသည် အသက်နှစ်ဆယ်အရွယ်ခန့်တွင် တက္ကသိုလ်ဝင်တန်းသို့ ရောက်ရှိလာခဲ့ပါသည်။ ထိုအချိန်က အမျိုးသမီးကလေးများ တက္ကသိုလ်ဝင်တန်းအထိရောက်အောင် ပညာသင်ကြားနိုင်လျှင် အလွန်တော်လှပြီ၊ ပညာတတ်ကြီးဟူ၍ အထင်ကြီးသည့်ခေတ်လည်း ဖြစ်ပါသည်။

ထိုစဉ် မြို့ပိုင်ဦးဘမောင်၏သား ကိုဇော်အောင်သည် မခင်မှီကိုတွေ့သည်နှင့် တမ်းတမ်းစွဲချစ်ခင်နှစ်သက်ကာ မခင်မှီ၏ မေတ္တာကို ရရှိရေးအတွက် လွန်စွာကြိုးပမ်းခဲ့ပါသည်။ ကိုဇော်အောင်သည် မြို့ပိုင်တစ်ဦး၏သားဟူသည့် ဂုဏ်ရှိန်ဂုဏ်ဝါရှိပြီး ငွေကြေးပြည့်စုံသူတစ်ဦး ဖြစ်ပါသည်။ သို့သော်လည်း ပညာရေးတွင် တက္ကသိုလ်ဝင်တန်းကဖုံးဖုံးကျနေသည့်အတွက် ပညာရေးတွင် အားနည်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မခင်မိုကား ချစ်ဦးသူရှိခဲ့ပါသည်။ ထိုသူကား ၎င်းနှင့်အတူ တက္ကသိုလ်ပင်တန်းဖြေမည့်သူ အတန်းတူ မောင်အေးကျော်ပင်ဖြစ်ပါသည်။ မောင်အေးကျော်ကား ဆင်းရဲသည့် မုဆိုးမကြီး ဒေါ်ငယ်၏သား ဖြစ်သည်။ ဒေါ်ငယ်မှာ ဝမ်းရေးအတွက် အကြော်ကြော်ရောင်းရသည့် အကြော်သည်တစ်ယောက် ဖြစ်ပါသည်။ မောင်အေးကျော်သည် ဂုဏ်မနှဆင်းရဲသော်လည်း ပညာရေးမှာ ထူးချွန်ထက်မြက်လှပါသည်။ တစ်ကျောင်းလုံးတွင် စာအတော်ဆုံး၊ ပထမအမြဲရရှိသူ ဖြစ်ပါသည်။ စာတော်ခြင်းကို နှစ်သက်သူ မခင်မိုသည် မောင်အေးကျော် ဆင်းရဲသည်ကိုမမြင်။ စာတော်သူတစ်ဦးဖြစ်သဖြင့် အထင်ကြီးပါသည်။ ငယ်စဉ်ကပင် ကျောင်းအတူတက်လာသည့်အတွက် မောင်အေးကျော်၏ ဖြူစင်သောစိတ်ရင်းကို သိရကား အရွယ်ရောက်လာသောအခါ ငယ်သံယောဇဉ်မှ ချစ်သူအဖြစ် ပြောင်းလဲခဲ့ပါသည်။

မခင်မို ချစ်သူရှိမှန်းကို ဦးလေးဖြစ်သူ ဦးသိန်းမောင်က ဦးစွာ သိရှိခဲ့ပါသည်။ ၎င်းသည် တူမလေး မခင်မိုကို မြို့ပိုင်ဦးဘမောင်၏ သား ကိုဇော်အောင်နှင့် ပေးစားလိုပါသည်။ ကိုဇော်အောင်ကလည်း မခင်မိုကို လိုချင်လွန်းလှသဖြင့် သူမ၏ ဦးလေးအား အလိုလိုက် အကြိုက်ဆောင်ခဲ့ရာ ဦးသိန်းမောင်မှာ ကိုဇော်အောင်မှ ကိုဇော်အောင် ဖြစ်နေပါသည်။

ထိုစဉ် ဦးသိန်းမောင်သည် တူမ၏ချစ်သူမှာ အကြော်သည် ဒေါ်ငယ်၏သား ကိုအေးကျော်နှင့် ချစ်ကြိုက်နေမှန်း ကြားသိရသဖြင့် လွန်စွာဒေါသအမျက်ချောင်းချောင်းထွက်ခဲ့ပါတော့သည်။ ကိုအေးကျော် ကိုလည်း လွန်စွာ မနှာလိုဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ဦးသိန်းမောင်၏ ဝေဘင်းကစားပွဲအတွက် ကုန်ကျငွေများနှင့် အရက်ဖိုး





များအား ကိုဇော်အောင်က မငြီးမငြူပေးနေသောကြောင့်ပင်။

ဦးသိန်းမောင်မှာ တူမ မခင်မိုကို အကြောင်းပြု၍ ဆင်ဖြူတော်မိုကာ ကြံစုပ်နေသူဖြစ်၍ အလွန်ပင် အဆင်ပြေနေချိန်တွင် ကိုအေးကျော်ကြောင့် ဒုက္ခရောက်ရပေတော့မည်ဟုတွေးကာ ၎င်းကို လွန်စွာ မကျေမနပ် ဖြစ်နေပါတော့သည်။

ထို့ကြောင့် မခင်မို၏ မိဘများဆီသို့သွားကာ ကိုအေးကျော် အား ရှု့ချပြောဆိုခဲ့ပါသည်။

'အစ်ကိုကြီးရဲ့သမီးအကြောင်း ပြောစရာရှိလို့ လာခဲ့တာပဲ'

'ဘာအကြောင်းများလဲ ငါ့ညီရဲ့'

'မြို့ပိုင်သား မောင်ဇော်အောင်ဟာ အစ်ကိုကြီးသမီးကို အလွန် မြတ်နိုးလို့ စာမေးပွဲဖြေပြီးရင် ရွှေတစ်ဆင်စာ၊ ငွေငါးသောင်းနဲ့ တောင်း ချင်လို့ ကျွန်တော့်ကို ကမ်းလှမ်းခိုင်းတယ်'

'ဒီတော့ သမီးလေးက ဘာပြောလဲ'

'အစ်ကိုကြီးသမီးက မောင်ဇော်အောင်ကို မနှစ်သက်ဘူး။ အကြော်သည်မငယ်ရဲ့သား အေးကျော်နဲ့ကြိုက်နေတယ်လို့ ကြားတာပဲ'

'ဟာ… ဒါဆို ငါ့သမီးလေး ဆင်းရဲတွင်းထဲပို့သလိုဖြစ်ပြီ ပေါ့'

'ဟုတ်တာပေါ့ အစ်ကိုကြီးရယ်၊ အေးကျော်ကိုယူရင် သူ လည်းအကြော်ရောင်းတော့ပေါ့'

'အမလေး… အဖြစ်ဆိုးပါပြီ ကိုထွန်းအုံရယ်၊ ကျွန်မတို့ ဘယ်လိုလုပ်ကြမတုန်း'

ဦးသိန်းမောင်၏ မရီးဖြစ်သူ ဒေါ်မြကာ ခင်ပွန်းသည်ဦးထွန်းအုံ အား ကြားဝင်၍ ဤသို့ပြောလိုက်ပါသည်။ ဤတွင် ဦးသိန်းမောင်



www.burmeseclassic.com

www.burmeseclassic.com

လည်း အရှက်ရသွားကာ-

'အဲဒါကြောင့်ပြောတာပေါ့ အစ်ကိုကြီး၊ ကျွန်တော်တို့ အမြန်ဆုံးလက်ဦးမှုဖြစ်မယ်'

'ဒါဆို ငါတို့ ဘယ်လိုလုပ်ကြမလဲ'

'မောင်ဇော်အောင်နဲ့ အမြန်ဆုံးပေးစားမှဖြစ်မယ်'

'အေး··· လုပ်စမ်းပါဦး'

'အစ်ကိုကြီးသမီးကို စာမေးပွဲပြီးတာနဲ့ မောင်ဇော်အောင်နဲ့ ပေးစားလိုက်မယ်'

'ကောင်းတယ် ညီလေး၊ လုပ်လိုက်တော့'

ထိုသို့ဖြင့် မခင်မှီ၏ မင်္ဂလာပွဲကို ကြိတ်၍စီစဉ်ခဲ့ပါသည်။ များမကြာမီ ဤသတင်းကို မခင်မှီရသွားပြီး စာမေးပွဲမဖြေမီ ကိုအေးကျော်နှင့်ခိုးပြေးရန် ပြောပါသည်။ ကိုအေးကျော်ကလည်း ချစ်သူအလိုကျ ခိုးပြေးရန်သဘောတူပြီး ချိန်းသည့်ညက လာခဲ့ပါသည်။

သို့သော် မခင်မှီ၏ဦးလေး ဦးသိန်းမောင်က ပန်ကာထိပ်သီးလူလည်ကြီးပင်ဖြစ်ပေရာ မခင်မှီကို အမြဲစောင့်ကြည့်နေခဲ့ပါသည်။ တူမဖြစ်သူ အခြေမဟန်မှန်းသိ၍ ၎င်း၏ခြံဝင်းအတွင်းအပြင်၌ အစောင့်များချထားခဲ့ပါသည်။ ၎င်းထင်ထားသည့်အတိုင်း ကိုအေးကျော်က ချစ်သူကိုလာအခိုး ဦးသိန်းမောင်၏လူများက တွေ့ပြီး ခေါင်းကွဲအောင်ရိုက်ကာ သူခိုးဟုဟာစ်အော်၍ ဂတ်ထဲသို့အပ်လိုက်ပါသည်။

မခင်မှီကလေးမှာ ကိုအေးကျော်အလာကိုစောင့်ရင်း မိုးထိန်ထိန်လင်းခဲ့ပါသည်။ ကိုအေးကျော်ကိုလည်း စိတ်အနာကြီး နာကြည်းသွားခဲ့ပါသည်။ မကြာမီ မြို့ပိုင်သားမောင်ဇော်အောင်နှင့် လက်ထပ်ရန် လူကြီးများက ဇွတ်အတင်းစီစဉ်ခဲ့ပါသည်။





မခင်မှီကိုလည်း ညောင်ပင်သာရွာသို့ခေါ်သွားပြီး မိဘနှစ်ပါး အိမ်၌ ထားခဲ့ပါသည်။ မခင်မှီကလေးမှာ အဘယ်မျှစိတ်ဆင်းရဲရသည် မသိချေ။ မိဘနှစ်ပါးမှာမူကား ကိုအေးကျော်လည်း အချုပ်ခန်းထဲတွင် ချုပ်ထားသည့်အတွက် သမီးမခင်မှီကို ခိုးမည့်သူမရှိသဖြင့် စိတ်ချလက်ချအိပ်ခဲ့ပါသည်။

မခင်မှီကလေးမှာ ချစ်သူကိုလည်းမတွေ့ရ၊ မချစ်မနှစ်သက်သောသူနှင့်လည်း ပေါင်းရမည်ဖြစ်သည့်အတွက် လွန်စွာစိတ်ဆင်းရဲကာ မိဘများအလစ် ညဘက် ထွက်ပြေးလာပြီး ညောင်ပင်ကြီးအောက်တွင် ဆွဲကြိုးချကာ အဆုံးစီရင်သွားပါသည်။

မိဘနှစ်ပါးမှာ ဝေလီဝေလင်းတွင် သမီးဖြစ်သူအားကြည့်ရာ မတွေ့သဖြင့် သမီးဖြစ်သူကို အရှာထွက်ခဲ့ရာ နောက်ဆုံးတွင် ကြိုးတန်းလန်းနှင့် အသက်ကင်းမဲ့နေသော မခင်မှီ၏ရုပ်အလောင်းကိုသာ တွေ့ရပါတော့သည်။

'အမလေး··· သမီးရယ်၊ အဖြစ်ဆိုးလှချေလား'

မိခင်ဒေါ်မြမူမှာ ရင်ဘတ်စည်တီး ငိုကြွေးမြည်တမ်းခဲ့ပါတော့သည်။

'ဒီလိုဖြစ်မယ်မှန်းသိရင် သမီးလေးကို အသေမခံပါဘူး။ အေးကျော်နဲ့ ပေးစားပါတယ်။ အခုတော့ တစ်ဦးတည်းသောသမီးကလေးကို ဆုံးရှုံးရပြီ'

မိဘနှစ်ပါးဖြစ်သည့် ဒေါ်မြမူရော ဦးထွန်းအုံပါ လွန်စွာဝမ်းနည်းကြေကွဲစွာ ခံစားခဲ့ရပါသည်။ မကြာမီ ကိုအေးကျော် အချုပ်မှလွတ်လာပြီး ချစ်သူ၏သတင်းဆိုးကြောင့် ညောင်ပင်သာရွာသို့ အပြီးပြန်လာခဲ့သော်လည်း မခင်မှီ၏ မြေပုံကလေးကိုသာ တွေ့ခဲ့ရပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ၄င်းလည်း လွန်စွာကြေကွဲခံစားခဲ့ရပါသည်။ မခင်မှီ သေဆုံးချိန်၌ အသက် (၂၀)ခန့် ရှိခဲ့ပါသည်။

✣ ✣ ✣

ထိုအဖြစ်အပျက်ဖြစ်ပွားပြီးနောက် များမကြာမီ ဒေါ်မြမှူ၏ တူမ မနှင်းဦးတွင် ကိုယ်ဝန်ရှိခဲ့ပါသည်။ မနှင်းဦး ကိုယ်ဝန်မဆောင်မီ မခင်မှီကို အိပ်မက်မက်ပြီး မခင်မှီက နေခွင့်တောင်းရာ ၄င်းကလည်း နေခွင့်ပြုခဲ့ပါသည်။ ထိုအိပ်မက်မျိုးကို မခင်မှီ၏ ဖခင်နှင့် ကိုအေးကျော်ပါ မက်ခဲ့ပါသည်။ မနှင်းဦးသည် လစေ့၍မီးဖွားသောအခါ သမီးမိန်းကလေး မွေးဖွားပါသည်။ ထိုကလေးမှာ မခင်မှီ ငယ်စဉ်က နှင့် လွန်စွာတူလှပါသည်။ ထို့ကြောင့် ကိုအေးကျော်အပါအဝင် အားလုံးက မခင်မှီ ဝင်စားသည်ဟု အသိအမှတ်ပြုခဲ့ပါသည်။

ထိုကလေးကို မြတ်သူဇာဟု အမည်ပေးခဲ့ပါသည်။ မြတ်သူဇာကလေးကို မခင်မှီဝင်စားသည်ဟုဆိုကာ အားလုံးသောဆွေမျိုးများနှင့် မခင်မှီ၏ မိဘများက လွန်စွာချစ်ခင်မြတ်နိုးခဲ့ကြပါသည်။ ထိုသို့ဖြင့် မြတ်သူဇာကလေးမှာ တဖြည်းဖြည်း ကြီးပြင်းခဲ့ရာ အသက် (၁၉)နှစ်အရွယ်သို့ ရောက်ခဲ့ပါပြီ။

ငယ်မူငယ်သွေးနှင့် လှပလွန်းသည့် မြတ်သူဇာကလေးကို ပိုးပန်းသူ များစွာရှိခဲ့ပါသည်။ ဤတွင် မခင်မှီဘဝ၌ ချစ်ကံခေခဲ့ရသည့် သမီးကလေးကို သည်ဘဝတွင် ကြေကွဲဖွယ်အဖြစ်မျိုးနှင့် မတွေ့ကြုံလိုပေ။ ထို့ကြောင့် မြတ်သူဇာကို သူမ၏ချစ်သူနှင့်ပင် ပေးစားမည်ဟု မိဘနှစ်ပါးက စိတ်ဆုံးဖြတ်ထားခဲ့ပါသည်။

မကြာမီ မြတ်သူဇာ၏ချစ်သူမှာ ဘောဂဗေလဆန်စက်ပိုင်ရှင်၏





သားဖြစ်သူ ထွန်းထွန်းဦးဖြစ်ကြောင်း သိရှိခဲ့ကြပါသည်။ သည်တစ်ခါတော့ သမီးကလေးစိတ်တိုင်းကျ နှစ်ဖက်မိဘများ ညှိနှိုင်းတိုင်ပင်ကာ လက်ထပ်ပေးစားလိုက်ပါသည်။

ထွန်းထွန်းဦးနှင့် မြတ်သူဇာကလေးတို့မှာ တစ်ဦးနှင့်တစ်ဦး လွန်စွာချစ်ရကား ချစ်သူချင်းပေါင်းသင်းရသည့်အတွက် လွန်စွာပျော်ရွှင်ကြည်နူးခဲ့ပါသည်။

မခင်မှီဝင်စားသည်ဟု သိထားကြသူများကလည်း ယခုဘဝတွင် စိတ်ချမ်းသာနေသည့် မြတ်သူဇာတို့ ဇနီးမောင်နှံကိုကြည့်ကာ ကျေနပ်ဝမ်းသာခဲ့ကြပါသည်။ မြတ်သူဇာကလေးကို ထွန်းထွန်းဦး၏ ဖခင် စက်သူဌေးကြီး ဦးမြဆောင်တို့ဇနီးမောင်နှံကလည်း ချစ်မြတ်နိုးလှသဖြင့် ဆန်စက်အား ဦးစီးလုပ်ဆောင်စေခဲ့ပါသည်။

မြတ်သူဇာကလေး၏အလှမှာ အသားအရေ ဖြူဝင်းနုမွတ်ကာ မျက်နှာမှအစ ကိုယ်လုံးကိုယ်ထည်ပါ ပြောစရာမရှိအောင် လှပပါသည်။ အထူးသဖြင့် ဆံကေသာကောင်းလွန်းလှကာ ဆံပင်တစ်ရပ်လူတစ်ရပ် ဖြစ်ပါသည်။ မြတ်သူဇာကလေး ခေါင်းလျှော်သည့်နေ့တွင် ဆံပင်ဖြန့်၍ လမ်းလျှောက်သွားပုံမှာ လူတိုင်းငေးရအောင် ဆံကေသာအလှပိုင်ရှင်ကလေးတစ်ဦးပင် ဖြစ်ပါသည်။

ယနေ့တွင် မြတ်သူဇာကလေး၏အသက်မှာ (၂၀)ပြည့်ခဲ့ပါပြီ။ သူမသည် ထမင်းဟင်းများချက်ပြီး ခေါင်းလျှော်ရေချိုးကာ ခင်ပွန်းသည်ရှိသည့် စက်ထဲသို့ ထမင်းချိုင့်ဆွဲကာ လိုက်သွားခဲ့ပါသည်။ ခေါင်းလျှော်ထားသည့်အတွက် ဆံပင်ကိုဖြန့်ချထားရာ ဆံပင်တစ်ရပ်လူတစ်ရပ်ပင်။

တဖြည်းဖြည်း သူမသည် ဘောဂဗေလဆန်စက်အတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပါသည်။ ဆန်စက်စားပွဲတွင် ခင်ပွန်းသည် ထွန်းထွန်းဦးကို မတွေ့ရသည့်အတွက် ထမင်းချိုင့်ကလေးကို စားပွဲပေါ်တွင် အသာချကာ စက်ခန်းအတွင်းသို့ ဝင်ရောက်ခဲ့ပါသည်။

ဆန်စက်အတွင်း၌ အလုပ်လုပ်နေသူများကလည်း ဆံပင်ရှည်နှင့် လွန်စွာလိုက်ဖက်သည့် မြတ်သူဇာကို ငေးမောကြည့်ရှုနေမိပါသည်။ ထွန်းထွန်းဦးမှာကား ဆန်စက်အတွင်း ဆန်ကျွန်းကောင်း မကောင်းကို စစ်ဆေးနေသဖြင့် စက်ခန်းအတွင်း ရောက်ရှိနေပါသည်။

သူမလည်း အလုပ်သမားများအားမေးရာ စက်ခန်းအတွင်း၌ ထွန်းထွန်းဦး ရောက်ရှိနေမှန်း သိသွားသည့်အတွက် စက်ခန်းအတွင်းသို့ မြန်မြန်ကလေး ဝင်လာခဲ့ပါသည်။ ဤတွင် စက်ခန်း၌ အလုပ်ရှုပ်နေသော ခင်ပွန်းသည် ထွန်းထွန်းဦးကို မြင်တွေ့လိုက်ပါသည်။

'မောင်··· ထမင်းစားဖို့ အဆင်သင့်ဖြစ်နေပြီ'

'အေး··· အေး··· သွားနှင့်၊ မောင် အခုပဲလာခဲ့မယ်'

'မြန်မြန်လာခဲ့နော်၊ သူဇာ သွားနှင့်မယ်'

ပြောပြောဆိုဆို မြတ်သူဇာ ပြန်လှည့်အထွက် အရှိန်ကြောင့် ဆံပင်များ ဝဲပျံသွားပါတော့သည်။

အရှိန်နှင့် ဝဲလာသောဆံနွယ်များမှာ အမှတ်မထင် စက်၏ ဒလိမ့်တုံးအတွင်းသို့ လျှပ်တပြက် ဝင်ရောက်သွားပါတော့သည်။

'အို··· အမေ့'

ဆံပင်ကို နောက်မှဆောင့်ဆွဲလိုက်သကဲ့သို့ ဖြစ်သည့်အတွက် မြတ်သူဇာကလေးမှာ နောက်မှတစ်ယောက်ယောက်က ဆောင့်ဆွဲသည် အထင်နှင့် နောက်ပြန်ကြည့်လိုက်ရာ ဆံနွယ်များမှာ လည်ပင်းကို ရစ်ပတ်သွားပါတော့သည်။

တစ်ဖက်မှ စက်လည်သည့်အရှိန်။

တစ်ဖက်မှ အလွန်အုပ်ကောင်းသည့်ဆံပင်။

၎င်းတို့၏ အားပြိုင်မှုနှစ်ခုကြားတွင် မြတ်သူဇာကလေး၏ လည်ပင်းကို ဆွဲညှစ်သကဲ့သို့ဖြစ်သွားပြီး ဦးခေါင်းကို စက်အတွင်းသို့ ဆွဲခေါ်သွားသည့်အလား အလွန်လျင်မြန်သောအရှိန်ဖြင့် စက်အတွင်းသို့ ရောက်ရှိသွားကာ တစ်စစီညက်ညက်ကြေလျက်။

'ဟာ···'

ထွန်းထွန်းဦးမှာ ဤသို့အော်ရင်း ဤအဖြစ်အပျက်ကို ကြောက်ရွံ့ထိတ်လန့်စွာ အံ့အားသင့်ကာ ကြက်သေသေသွားပါတော့သည်။

'မမလေး··· မမလေး'

အလုပ်သမားများ ဝိုင်းအော်သည့်အခါမှ ထွန်းထွန်းဦးလည်း ပြန်၍သတိရကာ စက်ပိတ်လိုက်ပါတော့သည်။

'သူဇာ··· သူဇာ'

ဤသို့အော်ရင်း ထွန်းထွန်းဦးလည်း မြတ်သူဇာအနီးသို့ အပြေးလာခဲ့ပါသည်။ ရှုမြင်၍မကောင်းအောင် သွေးများအလိမ်းလိမ်းနှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မြတ်သူဇာ၏ ကိုယ်ကလေးမှာ စက်ခန်းအတွင်း လဲကျနေခဲ့ပါသည်။ ထွန်းထွန်းဦးသည် အဖြစ်ဆိုးလှသည့် ဇနီးသည်၏ ကိုယ်လုံးကလေးကိုပွေ့ကာ မျက်ရည်အသွယ်သွယ် စီးကျနေပါသည်။

'အဖြစ်ဆိုးလှချည်လား သူဇာရယ်'

ထွန်းထွန်းဦးသည် ဇနီးသည်ကိုပွေ့ထားရင်း ရင်ထုမနာဖြစ်နေရှာပါသည်။ မည်သူ့ကို အပြစ်ဖို့ရမည်နည်း။ လည်ပတ်နေသော



အိုယွန်းယုဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

စက်ကို အပြစ်တင်ရမည်လော၊ သို့တည်းမဟုတ် ရှည်လျားလှပသည် ဟုဆိုသည့် ဆံကေသာများကို အပြစ်ဖွဲ့ရမည်လော။

ထွန်းထွန်းဦးနှင့် မြတ်သူဇာတို့အဖြစ်ကို မြင်ရသူတိုင်း စိတ်မကောင်းဖြစ်ကာ စုတ်တသပ်သပ် ဖြစ်ရရှာပါသည်။ ဤသတင်းကို ကြားလျှင် ကြားချင်း မြတ်သူဇာနှင့် ထွန်းထွန်းဦး၏ မိဘများလည်း အပြေးရောက်လာခဲ့ပါသည်။

အားလုံး၏ ချစ်ခြင်းမေတ္တာကို ခံခဲ့ရသော မြတ်သူဇာတစ်ယောက် အားလုံးကို စောစီးစွာ လမ်းခွဲထားရစ်ခဲ့လေပြီ။ တစ်ဆွေလုံး တစ်မျိုးလုံး ဖြေမဆည်နိုင်အောင်ဖြစ်ခဲ့ကြပါသည်။ သို့သော် အားလုံး သတိထားမိသည့် တိုက်ဆိုင်မှုဖြစ်ရပ်မှာမူကား-

မခင်မို့ သေဆုံးချိန်တွင် အသက် (၂၀)တင်းတင်းပြည့်ချိန် ဖြစ်သကဲ့သို့ ယခု မြတ်သူဇာသေဆုံးချိန်မှာလည်း အသက် (၂၀)ပြည့်ချိန်ပင် ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၀)ကျော်က မခင်မို့သည် ကြိုးဆွဲချကာ သေဆုံးသကဲ့သို့ မြတ်သူဇာမှာလည်း လည်ပင်းတွင် ဆံပင်ပတ်ကာ သေဆုံးခဲ့ရပါသည်။

သေဆုံးခြင်း မျိုးမတူသော်လည်း သေဆုံးပုံက တူညီနေပါသည်။ သည့်အတွက် အချို့ကလည်း တိုက်ဆိုင်မှုတစ်ရပ်ဟု ဆိုသကဲ့သို့ အချို့ကလည်း မိမိကိုယ်မိမိ သတ်သေခဲ့သည့်အတွက် 'အဖန်ငါးရာငါးကမ္ဘာဝဋ်ကြွေး'ဟု ဆိုကြပါသည်။ ပတ်ဝန်းကျင်ပြောစကားကို ကြားရသောအခါ ထွန်းထွန်းဦးကလည်း ဘုန်းကြီးများကို ဆွမ်းကပ်လှူကာ တောင်းဆုတစ်ခု ပြုခဲ့ပါသည်။

'တပည့်တော်ရဲ့ ဇနီးသည်ဟာ အဖန်ငါးရာ ငါးကမ္ဘာဆိုတဲ့ ဝဋ်ကြွေးကို ခံရတယ်ဆိုရင် ဤသို့လှူဒါန်းရသော အကျိုးကြောင့်





သည်ဘဝမှာတင် သည်ဝဋ်ကြွေးကို အဆုံးသတ်ပါစေတော့'

ထွန်းထွန်းဦးဆုတောင်းကဲ့သို့ ဦးအေးကျော်ကလည်း ဘုန်းကြီးများပင့်ဖိတ် ဆွမ်းကျွေးကာ ဤသို့ ဆုတောင်းခဲ့ပါသည်။

'တပည့်တော်ရဲ့ချစ်သူ မခင်မို့ဟာ ဘဝဆက်တိုင်း သည်လိုအဖြစ်ဆိုးမျိုးနဲ့ မတွေ့ကြုံရပါစေနဲ့ဘုရား၊ အကယ်၍ ဝဋ်ကြွေးရှိခဲ့ပါမူ တပည့်တော်လှူဒါန်းရသောအကျိုးကြောင့် ဝဋ်ကြွေးများ ပြေပျောက်ပါစေဘုရား'

ယခုအခါ မြတ်သူဇာကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း (၃၀) ကျော်ခဲ့ပါပြီ။

အဘိုးအိုပြောပြသောအကြောင်းအရာမှာ ဤတွင် အဆုံးသတ်သွားပါသည်။ သို့သော်လည်း အဘိုးအိုပြောပြသည့် အကြောင်းအရာများမှာ ခရေစေ့တွင်းကျပြောပြသဖြင့်-

'အဘိုး… အဘိုးပြောပြတဲ့အကြောင်းတွေဟာ သိပ်ပြီးတိကျတာပဲ။ ဘာကြောင့် ဒီလောက်တောင် တိတိကျကျပြောနိုင်တာလဲ အဘိုး'

ဤသို့ စာရေးသူက မေးလိုက်ရာ

'ဘာကြောင့် တိတိကျကျ ပြောနိုင်သလဲလို့ မိန်းလေးက မေးတယ် ဟုတ်လား၊ အဘိုးဖြေပါ့မယ်။ အဘိုးဟာ တစ်ခါက မခင်မို့ရဲ့ချစ်သူ မောင်အေးကျော်ပေါ့ကွယ်'

'ရှင်…'

■

www.burmeseclassic.com

နှစ်သစ်ဝေ

www.burmeseclassic.com

ထိုစဉ် နမ့်ဆန်သူ ပလောင်မလေးများသည် ရောင်စုံကတ္တီပါကိုချုပ်ထားသည့် တဘက်ကို ခေါင်းပေါင်းထားပြီး ရွှေချည်ငွေချည်ထိုး အပွင့်ဖော်ထားသော အင်္ကျီများကို ဝတ်ဆင်ထားပါသည်။ ထဘီပေါ်တွင် အဝတ်များထပ်မံဖုံးကာ ဒူးဆစ်မှ ခြေမျက်စိအထိ ခြေပတ်များ ပတ်ထားပြီး ၄င်းအပေါ်တွင် ငွေကြိုးကလေးများ စည်းထားပါသည်။

အပျိုစင်ကလေးများမှာ တစ်လက်မပတ်လည်ခန့်ရှိ ရွှေပြားခွက်ကလေးများကို နားတောင်းအဖြစ် ပန်ထားကြပါသည်။ ကျွန်မလည်း သူတို့ကိုကြည့်ရင်း ငယ်စဉ် ကျောင်းကပွဲမှ ရွှေပလောင်ငွေပလောင်ယိမ်းများကို သတိရမိပါသည်။ ထို့ကြောင့် အိမ်ရှင်ဖြစ်သည့် မိတ်ဆွေ ဦးအဲမောင်းကို စပ်စုမိပါသည်။

'ဦးအဲမောင်း… ရွှေပလောင် ငွေပလောင်တွေနဲ့ ဒီပလောင်တွေက ဘယ်လိုကွာခြားသလဲ'

'ဟိုအရင်တုန်းကတော့ ရွှေပလောင် ငွေပလောင်လို့ ခွဲခြားထားတယ်။ အခုတော့ ပလောင်အားလုံးကို 'တာအောင်း'လို့ပဲခေါ်ကြတယ်။ ရွှေပလောင်ဆိုတာကတော့ ရွှေထည်၊ ပိုးဖဲဝတ်တဲ့ ဆန်လုံမျိုးနွယ်တွေကို ရွှေပလောင်လို့ ခေါ်ကြတယ်။ ငွေထည်များကိုသာဝတ်တဲ့ ပူးခါရိုနဲ့ ပူးမိုင်မျိုးနွယ်တွေကို ငွေပလောင်လို့ ခေါ်ကြတယ်'

'သြော်… ဒါထက် ဒီမှာ အိမ်တိုင်းလိုလို လက်ဖက်ခြောက်လှန်းတာ တွေ့ရတယ်နော်'

'ဟုတ်ပါတယ်… လက်ဖက်စိုက်ပျိုးရေးကတော့ ကျွန်တော်တို့ရဲ့ အဓိကစိုက်ပျိုးရေးပါပဲ'

'သြော်… သြော်…'



'ဒီမှာ ခဏနားပြီးရင် ဆရာမတို့မိသားစုကို ကျွန်တော့်ရဲ့မွေးရပ်ရွာဖြစ်တဲ့ ဇယန်းကြီးရွာကို သွားကြမယ်'

ဦးအဲမောင်းက ခေါ်သွားသည့်အတွက် ကျွန်မတို့ ဇယန်းကြီးရွာသို့ ရောက်ခဲ့ကြပါသည်။ ထိုရွာ၌ တစ်ရွာလုံးက လက်ဖက်လုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

'ဇယန်းကြီးလက်ဖက်ဟာ အလွန်စားလို့ကောင်းတဲ့အတွက် နာမည်ကျော်ပါတယ်'

'ဇယန်းကြီးလက်ဖက်ဆိုတာ လက်ဖက်အမျိုးအစား မဟုတ်ဘူးလား'

'မဟုတ်ပါဘူး ဆရာမ၊ ဇယန်းကြီးရွာကထွက်တဲ့ လက်ဖက်မို့ ဇယန်းကြီးလက်ဖက်လို့ ခေါ်တာပါ'

သည်တော့မှ ကျွန်မ ရှင်းသွားပါသည်။ ကျွန်မ၏စိတ်တွင် လက်ဖက်ပင်အမျိုးအစားအပေါ် မူတည်၍ ဇယန်းကြီး၊ ရွှေဖီမိုးလွှတ်စသည့် အမည်များ ပေးထားသည်ဟု ထင်ပါသည်။

ဦးအဲမောင်းက ဇယန်းကြီးကုန်းရှိ စေတီတစ်သိန်းသို့ လိုက်ပို့ပေးခဲ့ပါသည်။ စေတီတစ်သိန်းဆိုသည့်အတိုင်း မြေစိုက်စေတီတော်များ များပြားစွာတည်ရှိပါသည်။ ကျွန်မလည်း စာရေးသူပီပီ စေတီတစ်သိန်းအကြောင်း စပ်စုမိပါသည်။

'ဦးအဲမောင်း… ဒီစေတီတော်ကို ဘာဖြစ်လို့ စေတီတစ်သိန်းလို့ အမည်ပေးထားတာလဲ'

'ရှေးလူကြီးများပြောစကားကို မှတ်သားရတာကတော့ အနော်ရထာမင်းကြီးဟာ ပုဂံပြည်ကနေ တရုတ်ပြည်ကို စွယ်တော်သွားယူစဉ်က စစ်သည်ပေါင်းများစွာနဲ့ စစ်ချီရာ လမ်းတစ်လျှောက်လုံး



www.burmeseclassic.com

www.burmeseclassic.com

စေတီများ တည်တော်မူခဲ့တယ်။ တချို့ကပြောတော့ စစ်သည်တော် ကစ်သိန်းက စေတီပေါင်းများစွာတည်ခဲ့လို့ စေတီတစ်သိန်းလို့ခေါ်တယ်လို့ ပြောပါတယ်'

'သြော်...'

ကျွန်မ၏စိတ်ထဲ၌ ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း ၂၀၀၀ ကျော် မြင့်သည့်နေရာတွင် ဤကဲ့သို့ စနစ်တကျတည်ထားခြင်းအတွက် သဒ္ဒါစိတ်ပွားကာ ဖူးမြော်ခဲ့ပါသည်။ ဤရင်ပြင်တော်ပေါ်မှ အေးစိမ့်သောလေ၏ အထိအတွေ့ကိုခံယူရင်း ကျွန်မ၏ရင်ထဲ အတွေးတစ်ခု ဝင်လာခဲ့ပါသည်။

'လက်ဖက်စားချင် ပလောင်တောင်တက်နေ့'

'ပလောင်နှင့် လက်ဖက် ဘာကြောင့်များ ဆက်စပ်နေပါလိမ့်'

ဤအတွေးကို အလယ်တန်းကျောင်းသူဘဝကပင် တွေးခဲ့မိပါသည်။

ယခုမူ ဤအတွေးကို မေးရမည့်သူ ပေါ်ပေါက်လာခဲ့ပါသည်။

'ဒီလက်ဖက်ပင်က အလေ့ကျ ဒီတောင်မှာပေါက်တာလား'

'မဟုတ်ဘူး ဆရာမရဲ့၊ ဒီအပင်ဟာ တကယ်တော့ 'နတ်သစ်ပင်'ပါ'

'ရှင်... နတ်သစ်ပင် ဟုတ်လား'

'ဟုတ်ပါတယ်... ဇာတ်လမ်းက ဒီလိုပါ'

'အင်း... ပြောပါဦး'

'သာသနာသက္ကရာဇ် (၄၅၀) ခရစ်သက္ကရာဇ် ဘီစီ (၁၀၀)ခန့်က မြန်မာနိုင်ငံမြောက်ဘက် မွန်ဂိုကုန်းမြင့်မှာနေတဲ့ လူမျိုးနွယ်စု (တာအောင်း)တစ်စုဟာ မြန်မာနိုင်ငံမြောက်ဘက် မွန်ဂိုကုန်းမြင့်ကနေ





ပြီး လမ်းကြောင်းသုံးသွယ်နဲ့ ထွက်လာခဲ့ပါတယ်'

'သြော်...'

'ဒီမျိုးနွယ်စုတွေဟာ အခု ဘုရားကြီးရွာနားမှာရှိတဲ့နေရာမှာ မြို့တစ်မြို့ကို တည်ခဲ့ပါတယ်။ အဲဒီမြို့ရဲ့အမည်ကတော့ 'ဝိန်တွန်းဆန်'တဲ့။ အဲဒီနေရာမှာ စတင်နေထိုင်ရာကနေပြီး ဒီတစ်ပိုက်မှာ လူဦးရေတိုးတက်များပြားလာခဲ့ပါတယ်'

'ဟုတ်ကဲ့ပါ'

တစ်နေ့မှာတော့-

✣ ✣ ✣

တာအောင်းမျိုးနွယ်စုတို့နေရာကား တောင်များပေါ်များသည့် ဝိန်တွန်းဆန်ဒေသပင် ဖြစ်ပါသည်။ ထိုစဉ်က ပုဂံနေပြည်တော်တွင် အလောင်းစည်သူမင်းကြီး စိုးစံနေတော်မူစဉ်ကာလ ဖြစ်ပါသည်။ အလောင်းစည်သူမင်းကြီးသည် မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်ပြီး တိုင်းခန်းလှည့်လည်ခြင်းကို ဝါသနာထုံသူတစ်ဦး ဖြစ်ပါသည်။

ထိုသို့ တိုင်းခန်းလှည့်လည်ရင်း မာလာယုကျွန်းသို့ ရောက်ခဲ့ပါသည်။ ထိုကျွန်း၌ အင်္ဂတိဒေဝ၊ ဓေယျ၊ သတြု၊ ဇာနိဒိဗ္ဗအမည်ရှိသော နတ်ဘီလူးညီနောင်လေးဦး နေထိုင်ပါသည်။

ထိုနတ်ဘီလူးညီနောင်လေးဦးသည် ဟင်္သာငှက်တစ်ကောင်ကို ဖမ်းမိခဲ့ပါသည်။ ထိုစဉ် ဟင်္သာငှက်၏လည်ဇလုပ်မှာ ဖောင်းနေသည့်အတွက် မည်သည့်အရာနည်းဟူ၍ စူးစမ်းလိုကြပါသည်။

'နောင်တော်... ဤဟင်္သာ၏ လည်ဇလုပ်ကား ဖောင်းလှ၏။ တစ်ခုခုတော့ ရှိမည်ထင်ပါသည်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပေမည်၊ ရှာကြည့်ပါလော့'

ဘီလူးညီနောင်လေးဦးလည်း ဟသ်ာငှက်၏ လည်ဇလုပ်မှ ရှာဖွေကြည့်ရာ အစေ့များ ထွက်လာကြပါသည်။

'နောင်တော်ကြီး… အစေ့များ ထွက်လာပါသည်'

'မည်သည့်အစေ့ဖြစ်ကြောင်း ငါကြည့်မည်'

ညီတော်များက နောင်တော်ထံ ဆက်သသဖြင့် နောင်တော်ဘီလူးမှကြည့်ရာ-

'ဟာ… ဒီသစ်စေ့ဟာ သာမန်သစ်စေ့မဟုတ်ပြီ။ နီလဗီဇခေါ် ရဿဝတီနတ်သစ်စေ့ဖြစ်၏'

'ဒီသစ်စေ့ဟာ နီလဗီဇခေါ် ရဿဝတီသစ်စေ့တဲ့လား။ ညီတော်တို့မှာ အမည်သာကြားဖူးပါသည်။ ယခုမှသာ မြင်ဖူးခြင်းဖြစ်ပါသည်'

'ဤသစ်စေ့ကား ရဿဝတီနတ်သစ်စေ့ဖြစ်တဲ့အတွက် အလွန်ပင် အရသာနှင့်ပြည့်စုံသည့် နတ်ဩဇာဓာတ်ပင် ဖြစ်ချေပြီ'

'ဤသို့ အရသာနှင့်ပြည့်စုံသည့် ဩဇာဓာတ်ပါရှိသည့် ဤနတ်သစ်စေ့အား မာလာယုကျွန်းသို့ရောက်ရှိနေသော အလောင်းစည်သူမင်းထံ ဆက်သရလျှင် ကောင်းမြိမ့်တည်း'

'ကောင်းမြိမ့်တည်း'

ဘီလူးညီနောင်လေးဦးသည် အားလုံးသဘောတူညီချက်အရ အလောင်းစည်သူမင်းကြီးထံ ဆက်သလိုက်ပါသည်။

'အရှင်မင်းကြီး… ဤသစ်စေ့ကား ဟသ်ာဇလုပ်တွင်းမှ ရရှိသည့် နီလဗီဇခေါ် ရဿဝတီနတ်သစ်စေ့ဖြစ်ပါသည်။ ဤအရွက်များသည် လွန်စွာ အရသာကောင်းမွန်ပါသည်ဘုရား'





'အိမ်း… ကောင်းလှပြီ'

မင်းကြီးလည်း ထိုသစ်စေ့ကို လက်ခံတော်မူခဲ့ပါသည်။

ထိုသို့ဖြင့် မင်းကြီးလည်း ထိုသစ်စေ့ကို လက်ခံတော်မူပြီး မြန်မာပြည်ထဲသို့ ပြန်လာခဲ့ရာ တစ်နေ့သောအခါတွင် တာအောင်းခေါ် ပလောင်လူမျိုးများ နေထိုင်ရာ ဤနေရာသို့ ရောက်ရှိလာခဲ့ပါသည်။

အလောင်းစည်သူမင်းကြီးသည် ၄င်းရရှိလာသော သစ်စေ့အား စိုက်ပျိုးရန် တာအောင်းလူမျိုး (ပလောင်)အမျိုးသား 'တာမောင်းငင်း' အား ပေးလိုက်ပါသည်။

ဤတွင် တာမောင်ငင်းမှ ဒူးထောက်ထိုင်ကာ လက်ဝဲလက် တစ်ဖက်ဖြင့် လက်ခံယူခဲ့ပါသည်။

ထို့နောက် ဤသစ်စေ့ကို စိုက်ပျိုးကြရာ အပင်များပေါက်လာပါသည်။ အရွက်နုကလေးများမှာ လွန်စွာအနံ့အရသာနှင့် ပြည့်စုံသဖြင့် ပေါ်ဦးပေါ်ဖျား မင်းကြီးအား ဆက်သလိုက်ပါသည်။

'အရှင်မင်းကြီး… အရှင်ပေးသော နတ်သစ်စေ့မှ ထွက်ပေါ်လာသည့် ရွက်နုကလေးများ ဖြစ်ပါသည်။ ဤရွက်နုကလေးများ၏ ရနံ့မှာ လွန်စွာသင်းထုံနေသဖြင့် အရှင်မင်းကြီးအား ဆက်သပါသည်ဘုရား'

'အိမ်း… ကောင်းလှပြီ'

အလောင်းစည်သူမင်းကြီးလည်း ၄င်းလူမျိုးများ ဆက်သသည့် ရွက်နုကလေးများမှာ ရနံ့သင်းထုံလှသဖြင့် ပွဲတော်တည်ကြည့်ရာ လွန်စွာ အရသာကောင်းကြောင်း သိလာခဲ့ပါသည်။

ထိုနေ့ည၌ စက်တော်ခေါ်ရာတွင် ယခင်နေ့များကကဲ့သို့ စက်တော်မခေါ်နိုင်ဘဲ ထူးခြားစွာ အိပ်မပျော်နိုင်ဘဲရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com


'အင်း… သည်ညမှာ ထူးထူးခြားခြား အိပ်မပျော်ပါလား။ ဒီသစ်စေ့ဟာ အနံ့အရသာကောင်းမွန်ရုံသာမက အိပ်ချင်ပြေစေတဲ့ အစွမ်းလည်း ရှိပါကလား'

မင်းကြီးလည်း အိပ်မပျော်နိုင်အောင် ထူးခြားသည့်အစွမ်းရှိသည်ကို ဆင်ခြင်တော်မူပြီး လက်ပိုက်ကာ နေတော်မူခဲ့ပါသည်။ ထိုသို့ မင်းကြီးလက်ပိုက်နေသည်ကို အစွဲပြု၍ 'လက်ပိုက်ရွက်'ဟု ခေါ်ဝေါ်ကြပါသည်။ ထိုမှကာလအတန်ကြာသောအခါ ကာလရွေ့လျောပြီး လက်ပိုက်ရွက်မှ လက်ဖက်ရွက်ဖြစ်လာသည်ဟု ဆိုကြပါသည်။

ထို့အပြင် အချို့သောသူများ၏ အဆိုအရ-

အလောင်းစည်သူမင်းကြီးမှ ပလောင်တိုင်းရင်းသား 'တာမောင်ငင်း'အား နိလဗိဇ နတ်သစ်စေ့ပေးရာ၌လည်း ၎င်းသည် လက်ဝဲလက်တစ်ဖက်တည်းဖြင့် ခံယူသည့်အတွက် 'လက်တစ်ဖက်ပင်'ဟု ခေါ်ဆိုကြပါသည်။ ထိုကာလမှ ရွေ့လျောကာ လက်ဖက်ပင်ဖြစ်လာသည်ဟု အဆိုရှိပါသည်။

လက်ပိုက်ခြင်း လက်တစ်ဖက်ဖြင့်ခံယူခြင်းဟူသော ဝိဝါဒကွဲပြားသော်လည်း အလောင်းစည်သူမင်းပေးသည့် နတ်သစ်စေ့မှ လက်ဖက်ပင်ဟူ၍ ဖြစ်လာခဲ့ပါသည်။

'ဆရာမရောက်တုန်း နတ်သစ်စေ့အကြောင်း ပိုပြီးပြည့်စုံအောင် လွယ်ဆိုင်တောင်ကို လိုက်ပို့မယ်'

ကျွန်မတို့အုပ်စုသည် ဦးအဲမောင်းနှင့်အတူ နမ့်ဆန်မြို့၏ အရှေ့ဘက်ရှိ 'လွယ်ဆိုင်တောင်'သို့ တက်ခဲ့ပါသည်။ ပလောင်လူမျိုးများသည် ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး ဘုရားတရားကို လွန်စွာရိုသေကာ





စေတီတန်ဆောင်းဇရပ်များကို တည်ဆောက်ခဲ့ပါသည်။

လွယ်ဆိုင်တောင်ပေါ်ရှိ စေတီတန်ဆောင်းအတွင်း၌-

'ဆရာမ… အလောင်းစည်သူမင်းကြီးက ပလောင်အမျိုးသား 'တာမောင်ငင်း'ကို နိလဗိဇ နတ်သစ်စေ့စေပေးနေတဲ့ပုံပေါ့'

'ဪ… ဟုတ်လား'

ဦးအဲမောင်းပြသည့်အတွက် ရုပ်တုများကိုကြည့်လိုက်ရာ-

အလောင်းစည်သူမင်းကြီးမှ ပလောင်အမျိုးသား 'တာမောင်ငင်း'ကို နိလဗိဇနတ်သစ်စေ့ပေးနေပုံဖြစ်ပြီး တာမောင်ငင်းမှ မုဆိုးဒူးထောက်ထိုင်ကာ လက်ဝဲလက်တစ်ဖက်ဖြင့် လက်ခံယူနေပုံရုပ်တုများကို တွေ့လိုက်ရပါသည်။

'ဪ… ဟုတ်ပေသားပဲ'

'ကျွန်တော်တို့လူမျိုးတွေဟာ အလောင်းစည်သူမင်းကြီးရဲ့ ကျေးဇူးတော်ကြောင့် ရှေးနှစ်ပေါင်းများစွာကတည်းက အခုတိုင် လက်ဖက်စိုက်ပျိုးပြီး စီးပွားရေးလုပ်ငန်း ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ပလောင်နဲ့ လက်ဖက်ဟာ ခွဲခြားလို့မရအောင် နာမည်ကျော်ခဲ့ပါတယ်'

'ဟုတ်ပါတယ်'

'ဒါကြောင့် ကျွန်တော်တို့ဟာ နောင်လာနောက်သားများလည်း ရာဇဝင်ကြောင်းသိအောင် ကျေးဇူးတော်ကိုလည်း မမေ့မလျော့သောအားဖြင့် အလောင်းစည်သူမင်းကြီး ပူဇော်ပွဲနဲ့ မင်းကြီးပုံတော်လှည့်လည်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့တိုင်း နှစ်စဉ် ကျင်းပလေ့ရှိပါတယ်'

'ကျေးဇူးတရားသိတတ်တဲ့ ပွဲတော်ဖြစ်တဲ့အတွက် အလွန်ကောင်းပါတယ်။ ကျွန်မလည်း နောက်တစ်ခေါက်လာရင် ဒီပွဲတော်နဲ့


www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့ချင်လို့ တန်ဆောင်မုန်းလပြည့်နေ့ကို ရောက်အောင်လာခဲ့မယ်'

'ဆရာမ··· လာခဲ့ပါနော်။ ဆရာမလာမှ ကျေးဇူးတရားကို ဦးခိုက်တဲ့ပွဲတော်ရဲ့ အတွေ့အကြုံ အများကြီးရမှာပဲ'

'ကျွန်မ လာနိုင်အောင်ကြိုးစားပါမယ်'

ထိုသို့ပြောရင်း အလောင်းစည်သူမင်းကြီးနှင့် ပလောင်အမျိုးသား တာမာင်ငင်းရုပ်တုတော်ရှိရာ တန်ဆောင်းမှ ပြန်လည်ထွက်ခွာလာခဲ့ပါသည်။ တန်ဆောင်းအဝသို့ ရောက်သောအခါတွင် ၎င်းရုပ်တုများကို သမင်လည်ပြန်ကြည့်ရင်း ကျေးဇူးတရားကို သိတတ်ခြင်းအတွက် ပလောင်တိုင်းရင်းသားများအပေါ် လေးစားသည့်စိတ်များ ဖြစ်ပေါ်လာပါသည်။

အေးစိမ့်စိမ့် တိုက်ခတ်လာသော တောင်ပေါ်လေကလေးများ၏ အတွေ့အထိကို ခံစားရင်း လွယ်ဆိုင်တောင်ပေါ်မှ ပြန်လည်ဆင်းလာခဲ့ရပါသည်။

ဤရုပ်တုတော်များမှာ လွယ်ဆိုင်တောင်စေတီ၏ တန်ဆောင်းအတွင်း၌ ယခုတိုင်ရှိနေပါသည်။ သွားမည်ဟုမှန်းသော်လည်း နောက်ထပ်တစ်ခေါက် ထပ်မံမရောက်ဖြစ်သေးသည့်အတွက် တန်ဆောင်မုန်းလပြည့်ညတိုင်း နတ်သစ်စေ့နှင့်တကွ ဤနေရာသို့ လွမ်းစွာသတိရအောင် အောက်မေ့ပါကြောင်း တင်ပြလိုက်ရပါသည်။

■

# ဝိညာဉ်ပြင် နတ်ဆေးရှင်

www.burmeseclassic.com

www.burmeseclassic.com



# ဝိညာဉ်မြင် နတ်ဆေးရှင်

မေမေပြောပြသည့် ဂမ္ဘီရနွယ်ဝင် ဇာတ်လမ်းပေါင်းများစွာအနက်မှ ကျွန်မ စိတ်ဝင်စားသည့် ဇာတ်လမ်းတစ်ပုဒ်မှာ 'ဝိညာဉ်မြင် နတ်ဆေးရှင်' လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

ဝိညာဉ်မြင် နတ်ဆေးရှင်တဲ့လား မေမေ။

ကျွန်မသည် ခေါင်းစဉ်ကလေးကြားရုံမျှနှင့် လွန်စွာစိတ်ဝင်စားခဲ့ပါသည်။ နောင်သောအခါ ကျွန်မ စိတ်ဝင်စားသည့် နတ်ဆေးရှင်အကြောင်းကို ပိုမိုပြည့်စုံစွာ သိရှိလာခဲ့ရပါသည်။

မေမေက နတ်ဆေးရှင်အကြောင်းကို ဤသို့ပြောပြခဲ့ပါသည်။

တစ်ခုသောညနေစောင်း အမှောင်လွန်ကဲကာ ညီအစ်ကိုမသိကသိအချိန်တွင် ထနောင်းပင်ရွာသား လူပျိုပေါက်ကလေးမောင်ကောင်းမြသည် မြစ်ကျိုးရွာမှ ပြန်လာခဲ့ပါသည်။ မြစ်ကျိုးရွာနှင့် ထနောင်းပင်



www.burmeseclassic.com

ရွာနှစ်ရွာအကြားတွင် သုသာန်တစ်ခုပါသည်။ ထိုသုသာန်၌ မြစ်ကျိုးရွာရော၊ ထနောင်းပင်ရွာမှ နာရေးကိစ္စများတွင် အသုံးပြုလေ့ရှိပါသည်။

မောင်ကောင်းမြသည် မြစ်ကျိုးရွာတွင် အကြွေးသွားဟောင်းရာမှ အကြွေးမရသည့်အတွက် စောင့်ဆိုင်းကာ ကြွေးတောင်းခဲ့ရပါသည်။ ထို့ကြောင့် ညနေလေးနာရီလောက်တွင် အိမ်သို့ပြန်မည်ဟု မှန်းထားသော်လည်း ညနေ (၆)နာရီလောက်မှ ရွာထဲက ထွက်လာခဲ့ရပါသည်။

ညနေ (၆)နာရီခွဲကျော်ကျော်လောက်တွင် ထိုသုသာန်နားသို့ ရောက်လာခဲ့ပါသည်။ ဆောင်းရာသီဥတုဖြစ်၍ အမှောင်ရိပ်သန်းလာသလို အလွန်အေးမြသည့်လေက တစ်ချက်ဖွေ့တိုက်လိုက်သဖြင့် မောင်ကောင်းမြ၏ရင်ထဲတွင် 'စိမ့်ခနဲ' ချမ်းတုန်သွားပါသည်။

မောင်ကောင်းမြသည် ရာသီဥတုက ချမ်းရသည့်အထဲတွင် ကြောက်စိတ်ကြောင့်လည်း ပို၍ချမ်းတုန်သွားပါသည်။ ထိုသို့ သွားရင်း ညောင်မုတ်ဆိတ်ပင်ကြီးနားသို့ ရောက်လာခဲ့ပါသည်။ ညောင်မုတ်ဆိတ်ပင်ဟု ဆိုသည့်အတိုင်း အမြစ်များပြိုင်းပြိုင်းကျကာ ထိုအပင်အောက်မှ ဖြတ်သူများက ညောင်မုတ်ဆိတ်များကို ဖယ်ရှားပြီးသွားရသည့်အတွက် အမှောင်သန်းချိန်တွင် ပိုမို၍ ကြောက်ဖွယ်ကောင်းနေပါသည်။

ထိုညောင်မုတ်ဆိတ် အမြစ်များသည် များပြားလှသည့်အတွက် မိမိက လက်ဖြင့် အမြစ်အချို့ကိုဖယ်လျှင် တချို့အမြစ်များက မျက်နှာကို လာရိုက်တတ်ပါသည်။ သွားနေကျ နယ်သားများက ဤအကြောင်းကို သိသဖြင့် မကြောက်ကြသော်လည်း နယ်ခံမဟုတ်သူများအတွက် ဤအရာကလည်း ကြောက်ဖွယ်တစ်ခု ဖြစ်နေပါသည်။ ထို့ကြောင့် ထိုနေရာမှ ဖြတ်သွားသူများသည် နေ့ဘက်တွင်သာ ဖြတ်သန်းသွားလာ





ကြပါသည်။ ထိုနေရာသည် သရဲခြောက်သည်ဟု နာမည်ကြီးသည့်နေရာတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ညဘက်တွင် ညောင်မုတ်ဆိတ်အောက်သို့ ယောင်၍သော်မျှ ဖြတ်မသွားကြပေ။ သို့သော်လည်း မောင်ကောင်းမြမှာကလေးမှာ ကြွေးတောင်းလာသည့် ပိုက်ဆံများကို ကျစ်ကျစ်ပါအောင် ပုဆိုးထဲလိမ်ထည့်ပြီး ပုဆိုးကို ခပ်တိုတို ခပ်ကျပ်ကျပ်ဖြစ်စေရန် ပြင်ဝတ်ပြီးနောက် အားမွေးကာ ထိုညောင်မုတ်ဆိတ်အောက်မှ ဖြတ်ခဲ့ပါသည်။

ညောင်မုတ်ဆိတ်များကလည်း အချို့ကိုဖယ်လျှင် အချို့အမွေးများက လူခန္ဓာကိုယ်ကို လာရောက်ထိသဖြင့် ထိုအမွေးအမျှင်များကို အတော်ဖယ်နေစဉ် မှောင်မှောင်မည်းမည်းကြားထဲမှ-

'လူကလေး'

ဟူသော ခေါ်သံကြောင့် မောင်ကောင်းမြ လန့်သွားပါတော့သည်။

'အမလေး… ဘယ်သူတုန်း'

မောင်ကောင်းမြက တုံးတိတိမေးလိုက်ပါသည်။

'အဘပါ လူကလေး'

ထိုသို့ ပြောပြောဆိုဆို ညောင်မုတ်ဆိတ်များမှ အဘိုးအိုတစ်ဦး ထွက်လာခဲ့ပါသည်။ ထိုအဘိုးအိုအမှာကို သေသေချာချာကြည့်လိုက်သောအခါ မောင်ကောင်းမြ ပိုပြီးလန့်သွားပါသည်။

အဘယ်ကြောင့်ဆိုသော် အဘိုးအိုသည် ကတုံးတုံးထားပြီး အလွန်မည်းနက်သော အသားအရေရှိကာ အိုမင်းသောကြောင့် မျက်နှာပေါ်၌ အရေးကြောင်းများ ထင်နေပါသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် မည်သည့်အဝတ်အစားမျှမရှိဘဲ ခါးအောက်ပိုင်းတွင် အရောင်မှိန်မွဲမွဲ

www.burmeseclassic.com



ပုဆိုးကိုသာ ဝတ်ဆင်ထားပါသည်။ ထို့ကြောင့် ဤရုပ်ရည်ဖြင့် ဝတ်စားဆင်ယင်မှုကို ကြည့်ခြင်းဖြင့်ပင် လန့်နိုင်လောက်ပါသည်။

သို့သော် ကောင်းမြသည် စိတ်ကိုတင်းကာ-

'အဘ… ဘာကြောင့် မှောင်ထဲကနေ ကျွန်တော့်ကိုလှမ်းခေါ်တာလဲ'

'အဘ ဗိုက်ဆာလွန်းလို့ပါ'

'ကျွန်တော့်မှာလည်း ဘာမှစားစရာမပါဘူး'

'အေးလေ… မင်းမှာ စားစရာမပါဘူးဆိုတာ အဘသိပါတယ်။ လူလေး အဘကို တစ်ခုကူညီပါကွယ်'

'ပြောပါ အဘ၊ ကျွန်တော် ကူညီပါမယ်'

'အဘရဲ့မြေးလေးဟာ အဘအတွက် စားစရာသွားရှာတာကြာလွန်းလို့ စားစရာယူပြီး မြန်မြန်ပြန်ခဲ့ဖို့ ပြောပေးစမ်းပါ'

'အဘရဲ့မြေးကို ကျွန်တော်မှမသိတာ၊ ဘယ်လိုလုပ်ရမလဲ'

'အဘက မင်းသိအောင် လုပ်ပေးပါ့မယ်။ အဘမြေးလေးဟာ အဘလိုပဲ ကတုံးနဲ့ အပေါ်အင်္ကျီ ဝတ်မထားဘူး။ အဘလိုပဲ အသားက မည်းနက်နေတယ်။ သူဟာ အခုအချိန်လောက်ဆိုရင် ဈေးနောက်ဖေးမှာ ရှိလိမ့်မယ်။ သူ့နာမည်က 'နီတိုး'တဲ့'

'ဟုတ်ကဲ့ပါ အဘ'

'နီတိုးလိုပဲ သူနဲ့အရွယ်တူတွေ အများကြီးရှိတယ်။ ဒီတော့ အဘက မင်းကို ဒီဆေးတောင့်ကလေး ပေးလိုက်မယ်။ ဒါလေးကို မျက်စိမှာကွင်းပြီး ဈေးနောက်ဖေးကိုသွားပါ။ နီတိုးလို့ခေါ်ရင် သူထွက်လာပါလိမ့်မယ်'

'ဟုတ်ကဲ့ အဘိုး… အဘိုးခိုင်းတဲ့အတိုင်း ကျွန်တော် လုပ်ပေးပါ့မယ်'

မောင်ကောင်းမြလည်း ဤသို့ပြောပြီး အိမ်ပြန်လာကာ ထိုဆေးတောင့်ကလေးကို ရေနှင့်သွေးပြီး ကွင်းလိုက်ပါသည်။ ထို့နောက် ထိုဆေးတောင့်လေးကို ရုပ်အင်္ကျီအိတ်တွင်ထည့်ကာ မှောင်မည်းမည်းကြားတွင် ဈေးနောက်ဖေးသို့ လာခဲ့ပါသည်။

ဈေးနောက်ဖေးဆိုသည်မှာ နံနက်ပိုင်းက ရောင်းမကုန်သည့် ပုပ်သိုးပစ္စည်းများ ဈေးသည်များ စားထားသည့် ထမင်းကျန် ဟင်းကျန်များနှင့် အခြားအသုံးမလိုသည့် ပစ္စည်းများစွာ စွန့်ပစ်ထားရာနေရာပင်ဖြစ်ပါသည်။

ဤသို့ဖြင့် မောင်ကောင်းမြသည် ဈေးနောက်ဖေးသို့ ရောက်ရှိလာခဲ့ပါသည်။ မလင်းတလင်း လရောင်အောက်တွင် အပေါ်အင်္ကျီကျွတ်များနှင့် အရွယ်မျိုးစုံလူများကို ဈေးနောက်ဖေးအမှိုက်ပုံတွင် တွေ့ရှိရပါသည်။

ဤတွင် မောင်ကောင်းမြမှ-

'ဗျို့… ကိုနီတိုး… ဗျို့… ကိုနီတိုး'

ထိုသို့လှမ်းခေါ်လိုက်ပြီး တစ်ခဏအကြာတွင် မောင်ကောင်းမြအရွယ်ခန့်ရှိမည်ထင်ရသည့် အပေါ်အင်္ကျီကျွတ်နှင့် လူရွယ်တစ်ယောက်ထွက်လာပါသည်။

'ကျွန်တော့်ကို ဘာဖြစ်လို့ခေါ်တာလဲ'

ထိုသို့ပြောသဖြင့် ထိုလူရွယ်အား လှမ်းကြည့်လိုက်ရာ ၎င်း၏ပါးစပ်တွင် ဖြူဖွေးသောသွားများမှာ အလွန်ခေါ်ထွက်နေသည်ကို တွေ့ရပါသည်။ ၎င်းအပြင် ၎င်း၏အသားအရေမှာလည်း ၎င်း၏အဘိုးအတိုင်း အလွန်ပင် အသားမည်းနက်နေသည်ကို တွေ့လိုက်ရပါသည်။





www.burmeseclassic.com

www.burmeseclassic.com

မောင်ကောင်းမြလည်း အဘိုးပြောသည့်စကားကို သတိရကာ-

'မင်းအဘိုးက ငါ့ကိုမှာလိုက်တယ်။ သူ ဗိုက်ဆာနေပြီ မြန်မြန်ပြန်လာပါတဲ့'

'အဘိုးမျှော်နေပြီထင်ပါရဲ့၊ ဒါဆို ဟိုပစ္စည်းယူပြီး မြန်မြန်သွားမှပဲ'

ထိုသူသည် ဤသို့ပြောဆိုကာ အမိုက်ပုံနားတွင် ချထားသည့် တစ်လခန့်ရှိသော ဖြူဖြူအတောင့်ကြီးတစ်တောင့်ကိုထမ်းပြီး ထွက်လာပါသည်။ ထို့နောက်-

'အဘိုးက တစ်ခုခုပေးလိုက်တယ်မဟုတ်လား'

'အေး··· ဟုတ်တယ်၊ အတောင့်ကလေးတစ်တောင့် ပေးလိုက်တယ်'

'အဲဒါ ငါ့ကိုပြန်ပေးပါ'

'အေး··· အေး··· ရော့'

မောင်ကောင်းမြကလည်း အဘိုးအို ပေးလိုက်သော ဆေးတောင့်ကလေးကို နီတိုးဆိုသူထံ အလွယ်တကူပင် ပြန်ပေးလိုက်ပါသည်။ နီတိုးသည် ထိုဆေးတောင့်ကလေးကို ၎င်း၏အိတ်ထဲသို့ အလျင်အမြန် ထည့်လိုက်ပါသည်။ ထို့နောက် ၎င်း၏ရှည်လျားလှသော လက်တစ်ဖက်ထွက်လာကာ မောင်ကောင်းမြ၏ မျက်စိတွင် ကွင်းထားသည့် ဆေးကို ဖျက်လိုက်ပါသည်။ ဤသို့ပြုလုပ်စဉ်တစ်ခဏတွင် မောင်ကောင်းမြလည်း မြင်ကွင်းအားလုံး ပျောက်ကွယ်သွားကာ မှုန်ပျပျ အလင်းကိုသာ ကျန်ခဲ့ပါတော့သည်။

မောင်ကောင်းမြလည်း ကျောထဲစိမ့်သွားအောင် ကြက်သီးထသွားကာ ထိုနေရာသို့ အိမ်သို့ သုတ်ခြေတင် အပြေးကလေးပြန်





လာခဲ့ပါတော့သည်။

၎င်း၏အကြောင်းစုံကို မိဘများအား ပြန်ပြောပြရာ-

'ကောင်းမြတို့တော့ ခက်တာပဲ။ ပရလောကသားမှန်းမသိဘဲ နိုင်းတာလုပ်ပေးတာ။ ကံကောင်းလို့ လိပ်ပြာမလန့်တယ်။ နီတိုးတို့ မြေးအဘိုးဟာ မိုးခိုနေရင် ညောင်ကိုင်းပိလို့ သေခဲ့ကြတာပေါ့'

'ဒီအကြောင်းတွေ သားမှမသိတာ အမေ၊ ဒါဆိုရင် သူတို့ ပေးလိုက်တဲ့ ဆေးတောင့်က ဘာဆေးတောင့်လဲ အမေ'

'ဘိုးဘေးတို့ပြောတာ မှတ်ထားရတာကတော့ အဲဒီဆေးတောင့်ဟာ 'ဝိညာဉ်မြင်နတ်ဆေးရှင်' လို့ခေါ်တယ်။ အဲဒီ နတ်ဆေးရှင်ကို မျက်စိမှာကွင်းပြီးကြည့်ရင် 'ပရလောကသား' တွေကို အကုန်မြင်ရတယ်။ ဒါကြောင့် နီတိုးက အဲဒီဆေးတောင့်ကို ပြန်ယူသွားတာပေါ့'

'အမေ··· ဒါဆို အဲဒီဆေးတောင့်က ဘာနဲ့လုပ်ထားတာလဲဆိုတာ အမေသိလား'

'သိတာပေါ့··· ဒါလည်း ဘိုးဘေးတွေပြောပြထားတာပဲ။ နတ်ဆေးရှင်ဆိုတာက ညောင်ပင်ကြီးအောက်မှာပေါက်တဲ့ ညောင်ပင်လေးရဲ့ အမြစ်ကိုသွေးပြီး ဆေးတောင့်လုပ်ထားတာကွဲ့'

'ဪ··· ဒီလိုလား'

'ဟုတ်တာပေါ့ကွယ်၊ သားကို ဂရုစိုက်ပြီးကြည့်ပါလား၊ ဒီပြင်အပင်ကြီးရဲ့အောက်မှာ အဲဒီအပင်ရဲ့ အပင်ပေါက်ကလေးတွေ တွေ့ရတယ်။ ဥပမာဆိုရင် ကုက္ကိုပင်ကြီးအောက်မှာ ကုက္ကိုပင်ကလေးတွေ ပေါက်တယ်။ ဒါပေမဲ့ ညောင်ပင်ကြီးအောက်မှာ ညောင်ပင်လေးပေါက်တာ ရှားတယ်'


www.burmeseclassic.com

www.burmeseclassic.com

'ဒါဆို နတ်ဆေးရှင်ဟာ ညောင်ပင်ကြီးအောက်က ညောင်ပင်ပေါက်ကလေးပေါ့'

'ဟုတ်တာပေါ့ကွယ်'

မေမေပြောသောပုံပြင်က အဆုံးသတ်သွားပါပြီ။ သို့သော် ကျွန်မနှင့် အစ်ကိုဝမ်းကွဲတစ်ဦးတို့မှာ ဤပုံပြင်ကို ရင်ထဲတွင် စွဲမြဲကျန်ရစ်ခဲ့ပါသည်။ သည်လိုနှင့်ပင် ကျွန်မတို့နှစ်ဦးသား နတ်ဆေးရှင်ရှာပုံတော်ဖွင့်ခဲ့ကြပါသည်။

မေမေ့ပုံပြင်နားထောင်ပြီး နှစ်နှစ် သုံးနှစ်ခန့်အကြာတွင် ရေကန်ကြီးဘေးနားတွင် ပေါက်နေသော ညောင်ပင်ကြီးရှိရာသို့ ကျွန်မတို့ မောင်နှမနှစ်ဦး အမှတ်တမဲ့ ရောက်ရှိခဲ့ပါသည်။

ထိုသို့ ညောင်ပင်ကြီးနား၌ရောက်စဉ် ညောင်ပင်လေးရှာလိုစိတ်များ ပြင်းထန်လာသည့်အတွက် ဟိုရှာသည်ရှာ ရှာခဲ့ရာ မမျှော်လင့်ဘဲ ညောင်ပင်ကြီးအောက်မှ ညောင်ပင်ပေါက်ကလေးကို တွေ့ရှိခဲ့ပါသည်။

'အစ်ကို... ဟိုမှာ ညောင်ပင်ပေါက်ကလေး မဟုတ်လား'

'အေး... ဟုတ်တယ်'

'ဒါဆို နုတ်လိုက်'

ပြောပြောဆိုဆို အစ်ကိုက နုတ်လိုက်ပါသည်။

'ညီမရေ... အစ်ကိုတော့ ညကျရင် စမ်းကြည့်ဦးမယ်'

'ကြည့်လုပ်နော်၊ မတော်တာတွေ့နေရင် ခက်မယ်'

'ဒါလောက်ကတော့ အပျော့ကလေးပါ'

အစ်ကိုက ရယ်ရယ်မောမောပြောဆိုကာ ပြန်သွားခဲ့ပါသည်။

ထိုနေ့ညက ကျွန်မ၏အစ်ကိုသည် ရရှိလာသော ညောင်ပင်ပေါက်အမြစ်ကလေးနှင့် စမ်းသပ်ကြည့်ခဲ့ပါသည်။





ထိုညောင်ပင်ပေါက်၏ အမြစ်ကလေးကိုသွေးကာ မျက်စိကို ကွင်းလိုက်ပါသည်။ ထို့နောက် အိမ်ထဲမှ လမ်းသွားလမ်းလာများကို ထိုင်ကြည့်နေခဲ့ပါသည်။ သို့သော်လည်း မည်သည့်အရိပ်အယောင်မျှ မတွေ့ရပေ။ စမ်းသပ်သူ အစ်ကိုမှာလည်း စမ်းသပ်သည့်အတိုင်း ဖြစ်မလာသဖြင့် အိမ်ထဲ၌ မနေတော့ဘဲ လူနေအိမ်ခြေ နည်းပါးသော မြို့စွန်ဘက်သို့ လျှောက်သွားခဲ့ပါတော့သည်။ ထိုသို့ သွားသည့်တိုင် ထူးခြားမှုမရှိသေးပါ။ အစ်ကိုသည် လွယ်လွယ်နှင့် လက်လျှော့ချင်သူ မဟုတ်ပေ။ ရှားရှားပါးပါး ရထားသည့် ဆေးမြစ်၏အစွမ်းကို သိလိုပါသည်။

'အင်း... ခုထက်ထိတော့ ထူးခြားမှုမရှိသေးဘူး။ ဒီသစ်ပင်အောက်မှာ ထိုင်ပြီးစောင့်ကြည့်ဦးမှပဲ'

ဤသို့စိတ်ကူးကာ သစ်ပင်ကြီးအောက်တွင် ထိုင်ကာ တောင်ကြည့်မြောက်ကြည့် လုပ်နေခဲ့ပါသည်။ ၎င်းသစ်ပင်ကြီးအောက်၌ ထိုင်နေစဉ် တစ်ခဏအကြာတွင် လေပြေကလေး စတင်တိုက်ခတ်လာပါသည်။ ထိုမှ တဖြည်းဖြည်း ပိုမိုတိုက်ခတ်လာကာ ခပ်ကြမ်းကြမ်းကလေး တိုက်လာပါတော့သည်။

'လေပြင်းတွေတိုက်လာပြီ၊ ငါ ပြန်မှပဲ'

အစ်ကိုသည် ဤသို့တွေးကာ ထိုင်ရာမှထလိုက်စဉ် သစ်ကိုင်းပေါ်မှ အမွေးအမျှင်များ ထူထဲသော မည်းမည်းသတ္တဝါကြီးတစ်ကောင်ကို တွေ့လိုက်ရပါသည်။

'သစ်ကိုင်းပေါ်က ဘာကောင်ကြီးပါလိမ့်၊ မျောက်ကြီးလား'

မှုန်ပျပျအလင်းရောင်အောက်တွင် တွေ့လိုက်ရသည့်အတွက် သဲကွဲမှုမရှိပါ။ ထိုသို့ကြည့်နေစဉ် ထိုမည်းမည်းကောင်ကြီးသည် အလွန်



www.burmeseclassic.com

www.burmeseclassic.com

လျှင်မြန်သောအဟုန်ဖြင့် လျှောတိုက်ဆင်းလာပြီး အစ်ကိုအား ၄င်း၏လက်ထဲမှ တစ်စုံတစ်ခုနှင့် ပစ်လိုက်သကဲ့သို့ လုပ်ပြလိုက်ပါသည်။

ထိုစဉ် လေခပ်ပြင်းပြင်းတစ်ချက်ဝှေ့တိုက်ပြီး အစ်ကို၏မျက်စိထဲတွင် သဲဖြင့်ပက်လိုက်သကဲ့သို့ ခံစားလိုက်ရပါသည်။

'အမလေး... ကန်းပါပြီ'

၄င်း၏စိတ်တွင် မျောက်လိုလို မည်းမည်းကောင်ကြီး၏ လက်ချက်လော။ သို့တည်းမဟုတ် လေပြင်းဝှေ့လိုက်ခြင်းကြောင့် ဖုံမှုန့်များဝင်သွားခြင်းပင်လောဟူ၍ ခွဲခြားမရနိုင်အောင် တစ်ချိန်တည်း အံကိုက်ဖြစ်နေပါသည်။

မျက်စိထဲတွင် ရှုးခနဲဖြစ်သွားသည့်အတွက် မျက်စိကို လက်ဖြင့် ပွတ်လိုက်ပါသည်။ အစ်ကိုသည် ၄င်း၏မျက်စိကို ပွတ်သည့်အချိန်မှာ အကြာဆုံး (၅)စက္ကန့်လောက်သာဖြစ်မည်။ ထို့နောက် ပြန်ကြည့်လိုက်ရာ မည်းမည်းသဏ္ဌာန်ကို လုံးဝ မမြင်ရတော့ပေ။ ထိုနည်းဒူစွာပင် တိုက်ခတ်နေသော လေပြင်းမှာလည်း တမဟုတ်ချင်း ငြိမ်သက်သွားပါတော့သည်။

'ဟင်... မည်းမည်းကောင်ကြီး ဘယ်ရောက်သွားပါလိမ့်'

ဤမျှကြီးသည့် မည်းမည်းကောင်ကြီးမှာ တမဟုတ်ချင်း မည်သည့်နေရာသို့ ရောက်သွားသနည်းဆိုသည့်အချက်ကို စဉ်းစားလိုက်ချိန်တွင် အစ်ကိုမှာ တစ်စုံတစ်ခုကို စဉ်းစားမိပြီး ခေါင်းနပန်းကြီးစွာဖြင့် ကြက်သီးတဖျန်းဖျန်းထသွားကာ ဤနေရာမှ တချိုးတည်း ပြေးလာခဲ့ပါသည်။

ညဉ့်အချိန်မတော်၌ ပောဟဲ ပောဟဲနှင့် အပြေးပြန်လာသော အစ်ကို့ကို ကျွန်မတို့ တွေ့လိုက်ရပါသည်။





ထိုစဉ် မေမေက-

'ဟဲ့... ဘာဖြစ်လာတာလဲ'

မေမေ့အမေးကြောင့် အစ်ကိုက ဖြစ်သမျှအလုံးစုံကို ပြောပြပါသည်။ မေမေသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း-

'ဒီခေတ်ကာလကလေးများ ခက်ပါတယ်။ ဒီဆေးမြစ်နဲ့ သွေးလိမ်းပြီးကြည့်မှတော့ ပရလောကသားကို မြင်ရပြီပေါ့။ ဒါတောင် ကြောက်စရာအသွင်ကို မပြလို့ ပြလို့ကတော့ အရမ်းကြောက်သွားရင် ဒုက္ခရောက်သွားနိုင်တယ်။ ဒါကြောင့် မျက်ကွင်းဆေးကို ပျက်အောင် မျက်စိကို သဲနဲ့ပက်လိုက်တာနေမှာ'

'ဟုတ်မယ် ဒေါ်ဒေါ်ရဲ့၊ မျက်စိထဲကို သဲနဲ့ပက်လိုက်တော့ ကျွန်တော်လည်း မျက်လုံးကိုပွတ်လိုက်တဲ့အတွက် သူတို့ကို မမြင်ရတာနေမှာ'

'ဟုတ်တယ်... ပုံပြင်ထဲမှာလည်း ဒီမျက်ကွင်းကို ဖျက်သွားတာပဲ။ သူတို့ကို မတွေ့စေချင်လို့ဖြစ်မှာပေါ့။ ဒါနဲ့ အဲဒီဆေးမြစ်ကလေးရော'

'အိမ်ထဲမှာထည့်ထားတယ်'

'ကဲ... ကဲ... အဒေါ်ကိုပေးစမ်း'

မေမေက ဤသို့ပြောသဖြင့် အစ်ကိုက ၄င်း၏ရှပ်အင်္ကျီအိတ်ထဲသို့ နှိုက်လိုက်ရာ-

'ဟာ... ဒုက္ခပဲ'

အံ့သြသည့် အာမေဋိတ်သံ ထွက်ပေါ်လာခဲ့ပါသည်။

'ဘာဖြစ်လို့လဲ'

'ဒေါ်ဒေါ်ရေ... သားအိတ်ထဲမှာ ဘာဆေးမြစ်မှမရှိတော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com

ဤဆေးမြစ်မှာ ထူးခြားစွာ ပျောက်ဆုံးသွားပါတော့သည်။

'ဒေါ်ဒေါ်ထင်ပါတယ်၊ သူတို့ ဆေးမြစ်ကို ပြန်ယူသွားတာ ဖြစ်လိမ့်မယ်'

'ပြန်ယူသွားတာဆိုရင်လည်း ကောင်းပါတယ် ဒေါ်ဒေါ်'

'ဘာဖြစ်လို့လဲ သားရဲ့'

'ဒီဆေးမြစ်ရဲ့အစွမ်းကို ဒီလောက်သိရတာနဲ့ လုံလောက်သွားပါပြီ။ ဒါကြောင့် ပျောက်သွားတာပဲကောင်းပါတယ်။ တော်သေးတာပေါ့ ဒေါ်ဒေါ်ရယ်။ ဒီထက်ဆိုးဆိုးဝါးဝါးပုံစံကိုသာမြင်ရရင် ကျွန်တော် လန့်ပြီးသေနိုင်တယ်'

'အေးလေ··· စိတ်မခိုင်ရင် မစမ်းသပ်တာ ကောင်းပါတယ်'

အရာရာကို လက်တွေ့စမ်းသပ်လိုသည့် အစ်ကိုသည် ဤအဖြစ်ကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ရသည့်အချိန်မှစ၍ နောက်ထပ်မည်သည့်စမ်းသပ်မှုကိုမျှ မပြုလုပ်တော့ပေ။ ရှေးလူကြီးသူမများ မှာထားခဲ့သည့်စကားများမှာ ၎င်းတို့ကိုယ်တိုင်သော်လည်းကောင်း၊ ၎င်းတို့၏ပတ်ဝန်းကျင်မှတွေ့ကြုံရသည့် ဗဟုသုတများအပေါ်၌လည်းကောင်း၊ မှတ်သားချက်များပင် ဖြစ်ပေမည်။ ထို့ကြောင့် ကျွန်မတို့ ဗဟုသုတအဖြစ် မှတ်သားခဲ့ရပါသည်။

ဂမ္ဘီရမေမေ၏ ပြောပြသည့်အကြောင်းအရာများမှာ အချိန်ကြာလာသည်နှင့်အမျှ လွန်စွာတိုက်ဆိုင်မှုရှိကြောင်း ကျွန်မ သိလာသောအခါ ဤ 'ဝိညာဉ်မြင် နတ်ဆေးရှင်'ဖြစ်ရပ်မှန်အကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။

■

80-74
71-66
52-

# လပြည့်ည၏
# ထူးဆန်းသောညှို့သည်

www.burmeseclassic.com

www.burmeseclassic.com



# လပြည့်ညရဲ့ ထူးဆန်းသောညသည်

လပြည့်ဝန်းကြီးသည် ကောင်းကင်ထက်ဝယ် ထိန့်ထိန့်သာနေပါသည်။ ကျွန်မလည်း အပေါ်ထပ်ရှိ ဝရံတာမှ လပြည့်ဝန်းကြီးကို ငေးကြည့်ရင်း လွန်ခဲ့သောနှစ်ပေါင်း (၃၀)ကျော်မှ အဖြစ်အပျက်ကလေးတစ်ခုဆီသို့ ရောက်သွားခဲ့ပါသည်။

'ဟဲလို··· ရီရီလား'

'ဟုတ်ပါတယ်'

'ကိုယ်ပါ··· အေးအေးခိုင်ပါ၊ မော်ဘီကဆက်နေတာ'

'မော်ဘီကို ဘယ်တုန်းကရောက်နေတာလဲ'

'တစ်နှစ်ကျော်ပြီလေ၊ မော်ဘီမှာ နှင်းဆီပန်းစိုက်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဟယ်… ကိုယ်တောင်မသိဘူး'

'ဟုတ်တယ်… ရီရီကိုလည်းသိအောင် နောက် သမီးလေး မွေးနေ့နဲ့တိုက်နေလို့ တစ်ခုခုလုပ်စားမလားလို့ ရီရီကိုလှမ်းပြီး ဖုန်းဆက်တာ'

'ဘယ်နေ့လာရမှာလဲ'

'မနက်ဖြန် လပြည့်နေ့မှာ ဆက်ဆက်လာခဲ့နော်'

'နေပါဦး… မှော်ဘီဘယ်နားဆိုတာလည်းပြောပါဦး'

'မှော်ဘီ အလွန် ([illegible])ကျေးရွာက 'ချမ်းမြေ့နိုင်'နှင်းဆီခြံဆိုရင် လူတိုင်းသိတယ်'

'ဟုတ်ပြီ… ဟုတ်ပြီ၊ ကိုယ်လာခဲ့ပါ့မယ်'

ကျွန်မလည်း နောက်တစ်နေ့တွင် သူငယ်ချင်းဖြစ်သူ အေးအေးနိုင်၏ ချမ်းမြေ့နိုင်နှင်းဆီခြံသို့ သွားရောက်ခဲ့ပါသည်။ ထိုနှင်းဆီခြံကလေးမှာ မှော်ဘီအလွန် ([illegible])ကျေးရွာတွင်ရှိပြီး ထိုနေရာ၌ နှင်းဆီခြံများ၊ ကြက်ခြံများ၊ ငုံးခြံများ စသည့် စိုက်ပျိုးမွေးမြူရေးခြံများ များသဖြင့် လူနေအိမ်ခြေ ကျဲလှပါသည်။

'သူငယ်ချင်းရောက်တုန်း နှင်းဆီခြံထဲလိုက်ပြဦးမယ်'

နှင်းဆီခြံတွင် နှင်းဆီအနီ၊ ပန်းရောင်နှင့် အဝါရောင်များကို သူ့အတန်းနှင့်သူ စိုက်ပျိုးထားပြီး အပွင့်များဝေဝေဆာဆာဖြင့် လွန်စွာလှပပါသည်။

'ဟယ်… နှင်းဆီပန်းတွေက အရောင်အသွေးအစုံအလင်နဲ့ တော်တော်လှတာပဲ'

'ဟုတ်တယ်… နိုင်ငံခြားနှင်းဆီမျိုးတွေ စိုက်ထားတာ၊ ဒီနေရာက မြေဩဇာလည်းကောင်းတော့ အရမ်းပွင့်တာပဲ'





'ဒါနဲ့ သမီးလေးအတွက် ကိုယ် လက်ဆောင်ဝယ်လာတယ်၊ ဘယ်မလဲ သမီးလေး'

'သူ့အဖေနဲ့ ဘုန်းကြီးကျောင်းကိုသွားတယ်၊ ကိုယ်က သူငယ်ချင်းလာမယ်ဆိုလို့ စောင့်နေတာ၊ ဆွမ်းပို့ပြီးပြန်လာမှာ'

'သြော်… သြော်…'

မကြာမီ အေးအေးနိုင်၏ခင်ပွန်း ကိုကျော်နိုင်၏ကားကလေး ထိုးဆိုက်လာပါသည်။ ကိုကျော်နိုင်မှာ သမီးကလေးကိုချီကာ ကားပေါ်မှထွက်လာပြီး ကျွန်မကို နှုတ်ဆက်လိုက်ပါသည်။

'သြော်… မမရီ၊ ရောက်နေပြီလား၊ သမီး နှုတ်ဆက်လိုက်ပါဦး အန်တီ့ကို'

'အန်တီရီ… အန်တီရီ'

'အေး… သမီးလေး၊ အန်တီ့ဆီလာပါဦး'

သမီးလေး မေနှင်းဆီနိုင်ကို လှမ်းချီလိုက်ပြီး ကလေးအတွက် ပါလာသည့်လက်ဆောင်ကို ပေးလိုက်ပါသည်။

'သမီးလေးအတွက် အန်တီ့ရဲ့လက်ဆောင်'

'ကျေးဇူးတင်ပါတယ်'

ကျွန်မ ရောက်လာသည့်အတွက် အေးအေးနိုင်တို့မိသားစု တစ်စုလုံး ဝမ်းသာအားရဖြစ်နေကြပါသည်။ ကျွန်မအား စားစရာများ ကျွေးမွေးကာ သမီးလေးအတွက် ပြုလုပ်မည့် ညနေပိုင်းအစီအစဉ်ကို ပြောပြပါသည်။

'အေး… တို့လည်း ဒီမှာရောက်နေတုန်းဆိုတော့ သမီးလေး မွေးနေ့ကို ကြီးကြီးကျယ်ကျယ်မလုပ်တော့ဘူး။ ညနေကျမှ ဒီနားပတ်ဝန်းကျင်က ကလေးတွေကိုဖိတ်ပြီး ကြက်သားနဲ့ ပလာတာကျွေးမယ်'


www.burmeseclassic.com

www.burmeseclassic.com

'ဒါလည်းကောင်းတာပဲ'

'ကလေးတွေကို ခြံထဲမှာ ပျော်ပျော်ပါးပါး ကစားနိုင်းပြီး ဆုတွေပေးမယ်၊ မုန့်ကျွေးမယ်၊ မကောင်းဘူးလား'

'သိပ်ကောင်းတာပေါ့၊ ကိုယ်လည်း ကြက်သားဟင်းကူချက်ပေးမယ်လေ'

'ရပါတယ်၊ ရီရီကို ဒုက္ခမပေးပါဘူး၊ ဒေါ်တင်အေးတို့လည်း ရှိနေတာပဲ။ သူတို့ပဲ ချက်ခိုင်းလိုက်တော့မယ်'

ကျွန်မသည် ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်လိုက်သောအခါ အေးအေးခိုင်တို့ အိမ်ကလေးမှာ သပ်သပ်ရပ်ရပ်ရှိပြီး ခြံအလယ်၌ရှိပါသည်။ သို့သော် ထိုအိမ်အတွင်း မနေကြဘဲ အိမ်ရှေ့ရှိ ကွပ်ပျစ်၌သာအနေများပါသည်။ ကွပ်ပျစ်၌ ထိုင်ခြင်းအားဖြင့် တစ်ခြံလုံးကို မြင်ရသကဲ့သို့ သစ်ပင်ရိပ်များရှိသဖြင့် ထိုနေရာကလေးမှာ အလွန်အေးပါသည်။ နွေရက်များဖြစ်၍ အိမ်ထဲမှာ ပူလောင်နေပါသည်။

ထိုသို့ ထိုင်၍စကားပြောနေစဉ် ကြက်သားများလာပို့ပါသည်။ ဤတွင် ဒေါ်အေးမှ…

'အေး… အေး… ကြက်တွေလာပို့နေပြီ၊ ဘယ်မှာချက်မလဲ'

'ခြံထဲမှာပဲ ချက်မယ်၊ အိမ်ထဲက သိပ်ပူတယ်'

'အေး… အေး'

ခြံထဲတွင် ရေဘုံဘိုင်နှင့် ရေတိုင်ကီတို့ အသင့်ထားရှိသဖြင့် ထိုနေရာတွင် ကြက်သားများကို ရေဆေးကာ ခြံထဲတွင် ကြက်သားဟင်းများ ချက်ခဲ့ကြပါသည်။

'မောင်ရေ… ကြက်သားဟင်းတော့ ချက်နေပြီ၊ ညနေလေးနာရီလောက် မော်ဘီထဲသွားပြီး ပလာတာဝယ်ခဲ့နော်'





'အေးပါ'

ညနေသို့ရောက်သောအခါ ကိုကျော်နိုင်သည် ပလာတာဝယ်ရန် ကားကလေးဖြင့် ထွက်သွားခဲ့ပါသည်။ ညနေပိုင်းတွင် အနီးပတ်ဝန်းကျင်ရှိ ကလေးများအား သွားဖိတ်ရာ ကလေးနှစ်ဆယ်ခန့် ရောက်ရှိလာခဲ့ပါသည်။

ပလာတာသွားဝယ်သူမှာ ပြန်မရောက်လာသေးသဖြင့် ကလေးများအား အပြေးပြိုင်ခြင်း၊ ကြက်ဖခွပ်ပြိုင်ခြင်း၊ ဖန်ခုန်ပြိုင်ခြင်း စသည့် ကစားပွဲများကို ပြုလုပ်ကာ ကစားစေခဲ့ပါသည်။ ထို့နောက် ကလေးများကို ဆုများ၊ မုန့်များ၊ ပူစီဖောင်းများ ပေးခဲ့ပါသည်။ ကလေးများ ကစားပြီးချိန်မှာ ည (၇)နာရီခန့်ရှိသွားပါပြီ။

ထိုအချိန်ကျမှ သူငယ်ချင်း၏ ခင်ပွန်းဖြစ်သူ ကိုကျော်နိုင်မှာ ကားကလေးဖြင့် ပြန်ရောက်လာခဲ့ပါသည်။ အပြန်နောက်ကျသည့်အတွက် အေးအေးခိုင်မှာ-

'မောင်တို့များ မော်ဘီထဲ ပလာတာသွားဝယ်နိုင်းတာ စူဠလိပ်ရေထဲလွှတ်လိုက်သလား မှတ်တယ်'

'အောင်မလေး… မော်ဘီမှာသွားဝယ်လို့မရလို့ မင်္ဂလာဒုံအထိ သွားရတယ်၊ အပြန်မှာ ဘီးပေါက်လို့ ငါတစ်ယောက်တည်း အတော်ဒုက္ခရောက်သွားတယ်'

'ဩော်… ဟုတ်လား၊ မသိလို့ပါ မောင်ရယ်၊ ဒါထက် ပလာတာရော ပါရဲ့လား'

'ပါတာပေါ့ကွာ၊ မပါလို့ ဘယ်ဖြစ်မလဲ'

'ကဲ… ကဲ… ကလေးတွေ ဆာနေပြီ၊ တစ်ခါတည်းကျွေးလိုက်ရအောင်'


www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောကာ ကြက်သားနှင့် ပလာတာပွဲများ ပြင်ဆင်ကာ ခြံဝင်းအတွင်းရှိ ထမင်းစား စားပွဲဝိုင်းကလေးများဖြင့် ကျွေးမွေးခဲ့ပါသည်။ ကလေးများလည်း မောမောပန်းပန်း ကစားထားကြသည့်အတွက် အားရပါးရ စားသောက်ခဲ့ကြပါသည်။

'သားတို့ သမီးတို့… စားကြနော်'

ကျွန်မတို့တစ်တွေမှာလည်း ကလေးများစားနေသည်ကိုကြည့်ရင်း ပီတိဖြစ်မိပါသည်။ ကလေးများအားလုံး စားသောက်ပြီး၍ ပြန်သွားကြပါသည်။ ကိုကျော်နိုင်မှာ စေတနာပလပ္ပနှင့် အများကြီးဝယ်လာသည့်အတွက် ပလာတာအများကြီးပိုသလို အေးအေးနိုင်ကလည်း ကြက်သားအများကြီး ချက်ထားသဖြင့် ကြက်သားဟင်းများ ကျန်နေပါသည်။ ကလေးများပြန်သွားပြီးနောက် ကျွန်မတို့အားလုံး စားကြပါသည်။ ထိုသည့်တိုင် ကြက်သားဟင်းမှာ အိုးတစ်ဝက်ခန့် ကျန်နေပါသည်။ အေးအေးနိုင်မှာ ကြက်သားအိုးကိုကြည့်ပြီး-

'ဟောတော့… ကြက်သားတွေအများကြီးချက်ထားတော့ ဟင်းတွေအများကြီးကျန်နေပြီ'

'ဟင်းကျန်ဟာ ဘာဖြစ်သလဲကွာ၊ မနက်ကျတော့ စားပေါ့'

အေးအေးနိုင်၏ခင်ပွန်း ကိုကျော်နိုင်က ပြောလိုက်ပါသည်။ ထိုအခါ အေးအေးနိုင်မှာ-

'ကြော်… မောင်ရယ်၊ အေးက ပူတယ်ဆိုရင် တစ်ခါတည်း ပြိုကွဲခန်းကုန်စေချင်လို့ ပြောတာပါ'

'ကုန်စေချင်ရင် လွယ်လွယ်လေး၊ ကဲ… ဒီအနီးအနားမှာရှိတဲ့သူတွေ၊ မကောင်းဆိုးဝါးတွေအားလုံး ကျွန်တော့်ခြံဝင်းထဲကိုလာပြီး ကြက်သားနဲ့ ပလာတာ သုံးဆောင်ကြပါဗျို့၊ ကျွန်တော် ဖိတ်ပါတယ်'





ထိုသို့ အကျယ်ကြီးအော်လိုက်သည့်အတွက် အားလုံး အံ့အားသင့်သွားပါသည်။ ထို့ကြောင့် အေးအေးနိုင်မှ-

'ဟင်… မောင်က ဘာတွေအော်နေတာဘုန်း၊ ညကြီးမင်းကြီး'

ကိုကျော်နိုင်က ဤသို့အော်လိုက်သည့်အတွက် ကျွန်မလည်း စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားပါသည်။ ထို့စဉ် ကိုကျော်နိုင်၏မိခင်မှာ-

'ဟဲ့… ဒီနေရာက မြို့စွန်မြို့ဖျားမှာ၊ ဘာတွေလျှောက်အော်နေတာလဲ၊ ညဥ့်လည်းနက်လှပြီ၊ ဒီအချိန်တွေက မကောင်းဆိုးဝါးတွေ သွားလာတတ်တဲ့အချိန် မဖိတ်ခေါ်ကောင်းဘူး'

ထိုသို့ သတိပေးစကားပြောလိုက်ပါသည်။ ထို့နောက် ကျွန်မတို့လည်း နွေရာသီ လသာသာအချိန်အတွင် ခြံဝင်းအတွင်းရှိ ကွပ်ပျစ်ပေါ်တွင်ထိုင်ရင်း ရှေးဟောင်းနှောင်းဖြစ်များ ပြောနေကြပါသည်။ ကလေးများ ပြန်သွားသည့်အတွက် ခြံတံခါးကို ပိတ်ထားခဲ့ပါသည်။

ကျွန်မတို့ စကားပြောနေရာနှင့် မလှမ်းမကမ်း (၁၀)ကိုက်ကျော်ခန့် အကွာအဝေးရှိ မီးဖိုဘေးတွင် ထမင်းစား စားပွဲအပုကလေးပေါ်၌ ကြက်သားအိုးကို တင်ထားဆဲဖြစ်ပါသည်။ စကားဝိုင်းပြီးမှ အားလုံးသိမ်းမည်ဟု စိတ်၌မှန်းထားပါသည်။

လပြည့်ည၏ လသာသာကို ငေးမောရင်း စကားဖောင်ဖွဲ့ကာ ပြောမဆုံးအောင် ဖြစ်နေပါသည်။ ဤသို့ဖြင့် ည (၉)နာရီခန့် ရောက်လာခဲ့ပါသည်။ ညဥ့်နက်လာပြီဖြစ်၍ စကားစသိမ်းကာ အိမ်ထဲသို့ ဝင်မည်ပြုစဉ်-

နှင်းဆီခင်းထဲမှ ခပ်မည်းမည်းသဏ္ဌာန်တစ်ခု ထွက်ပေါ်လာခဲ့ပါသည်။ ကျွန်မရော အေးအေးနိုင်ပါ မြင်တွေ့ရသဖြင့် အံ့သြသွား

www.burmeseclassic.com

www.burmeseclassic.com

လှမ်းကြည့်သောအခါ အလွန်မည်းနက်သည့် အမွေးရှိသော ခါးစောင်းခန့်အရွယ်လောက်ရှိ အင်းခွေးကြီးတစ်ကောင်ကို တွေ့လိုက်ရပါသည်။ ယိုခွေးကြီး၏ မျက်လုံးအစုံမှာ တဝင်းဝင်းတောက်နေပြီး လျှာကြီးကို ထုတ်လျက် တဖြည်းဖြည်းချင်း လာနေသည်ကို တွေ့လိုက်ရပါသည်။

အလွန်ကြီးမားသော ခွေးကြီးကို တွေ့ရသဖြင့် အားလုံး ကြက်သေသေကာ ကြည့်နေမိပါသည်။ ထိုခွေးကြီးသည် ကြက်သားဟင်းအိုးရှိရာသို့ တန်းတန်းမတ်မတ်သွားပြီး အိုးဖုံးကို နှုတ်သီးဖြင့်တွန်းလိုက်ကာ အထဲရှိ ကြက်သားဟင်းများကို အငမ်းမရ စားနေပါတော့သည်။ ထိုစဉ် ကိုကျော်နိုင်မှာ သတိရလာပြီး အနားရှိ သစ်သားချောင်းဖြင့် ပေါက်လိုက်ရာ ခွေးကြီးမှာ နှင်းဆီခင်းထဲ ပြေးဝင်ပျောက်ကွယ်သွားပါတော့သည်။ ထိုအချိန်အထိ ကျွန်မတို့မှာ မည်သို့မျှ အတွေးမဝင်ခဲ့ပါ။

ထိုစဉ် အေးအေးခိုင်မှာ-

'မောင်ကတော့လေ ညကြီးမင်းကြီး ဘာတွေလျှောက်ပြောနေမှန်းမသိဘူး၊ ခွေးနက်ကြီးလာပြီး ကြက်သားဟင်းတွေ စားသွားပြီ'

'ခွေးနက်ကြီးစားတာ မိနစ်ဝက်တောင် မရှိသေးဘူး၊ မောင်သစ်သားချောင်းနဲ့ လှမ်းပစ်လိုက်တာ အေးရဲ့၊ ကြက်သားတွေ ကျန်ပါသေးတယ် မပူပါနဲ့'

ထိုသို့လှမ်းပြောပြီး စ,နောက်လိုက်ပါသည်။

'ကြက်သားတွေကျန်တော့ရော ခွေးစားပြီးသား ဘာလုပ်ရမှာလဲ'

'ကဲ··· ကဲ··· ပြောမနေနဲ့၊ ကြက်သားအိုးယူပြီး သိမ်းထားလိုက်'

ကိုကျော်နိုင်၏ မိခင်ကြီးမှ ပြောလိုက်သဖြင့် အေးအေးခိုင်





က ကွပ်ပျစ်ပေါ်မှ ဆင်းသွားပါသည်။ ကျွန်မလည်း, အေးအေးခိုင်နှင့် အတူဆင်းသွားပြီး ကြက်သားအိုးကို လှမ်းယူလိုက်သောအခါ-

'ဟင်··· ကြက်သားတစ်အိုးလုံး ပြောင်နေပြီ'

အမှန်တကယ်ပင် ကြက်သားဟင်းအိုးထဲတွင် ကြက်သားတစ်တုံးမှ မရှိတော့ပါ။

ကြက်သားအိုး တစ်ဝက်ခန့်ရှိသော ကြက်သားများသည် မိနစ်ဝက်ခန့်အချိန်အတွင်း ကုန်သွားသည်မှာ ထူးဆန်းလှပါဘိ။ ကျွန်မတို့နှစ်ဦး ကြက်သားတုံးများ ထူးဆန်းစွာပျောက်ဆုံးခြင်းကို ပြောနေစဉ် ကိုကျော်နိုင်မှာ-

'အေးကတော့ မဟုတ်တာတွေပြောနေပြီ၊ ခွေးစားစားချင်း သစ်သားချောင်းနဲ့ ပစ်လိုက်တာ ဘယ်လိုကုန်အောင်စားမလဲ'

'ဒါဆို လာကြည့်လေ'

'ဟုတ်ပါရဲ့··· ထူးဆန်းလိုက်တာ၊ တစ်အိုးလုံးပြောင်နေတာ လျက်ထားသော ကျနေတာပဲ'

'ဟုတ်ပ၊ မောင်ရယ်'

ထိုသို့ ဇနီးမောင်နှံနှစ်ယောက် အတိုင်အဖောက်ညီနေစဉ် ကိုကျော်နိုင်မှ ချက်ချင်းစဉ်းစားမိသွားကာ-

'နေပါဦး··· ဒီခွေးနက်ကြီးက နှင်းဆီခြံထဲက ထွက်လာရအောင် တစ်ခြံလုံးကို သွပ်ပြားတွေနဲ့ အပိတ်ကာထားတာပဲ၊ ခြံတံခါးကလည်း ပိတ်ထားတာ၊ ဒီခွေးက ဘယ်ကနေ ဝင်လာပါလိမ့်၊ ဒီခွေးမျိုးလည်း တစ်ခါမှ မမြင်ဖူးပါဘူး'

ဤသို့ဖြင့် နှင်းဆီခြံတစ်ခုလုံး လက်နှိပ်ဓာတ်မီးဖြင့်ထိုးပြီး လှည့်ပတ်ကြည့်ရာ သွပ်ပြားဟရာလည်းမရှိ၊ ခွေးနက်ကြီးလည်းမတွေ့



www.burmeseclassic.com

www.burmeseclassic.com

ရပေ။ ကျွန်မတို့အားလုံး အိမ်ပေါ်သို့တက်လာပြီး ကိုကျော်နိုင်အမေအား ဤအကြောင်းကို ပြောပြရာ-

'နင်တို့ခေတ်လူငယ်တွေက ခက်ပါတယ်၊ နတ်ဝေစီလွန်ကျူးပြီး ဖိတ်မန္တကပြုမှတော့ လာစားကြမှာပေါ့'

ထိုခွေးနက်ကြီးမှာ ဘယ်ကလာ၍ အဘယ်သို့ပြန်သွားသနည်း။ ကျွန်မတို့အားလုံး စဉ်းစား၍မရပါ။ နောက်ဆုံးတွင် ကိုကျော်နိုင်၏ဖိတ်ခေါ်ချက်အရ လပြည့်ညတွင် ထူးဆန်းစွာရောက်ရှိလာသည့် 'ဧည့်သည်'အဖြစ်သာ မှတ်ထင်ခဲ့ရပါတော့သတည်း။

# ထူးဆန်းသော
# မိုးကျငကျော်မြူတိုးကြီး

www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသော
# မိုးကျကျောက်ဖြူတုံးကြီး

ဤကမ္ဘာလောကကြီးတွင် ဆန်းကြယ်သော ဖြစ်ရပ်မျိုးစုံတို့ ရှိကုန်၏။ လူသားတို့၏ သိပ္ပံပညာဖြင့် လိုက်၍မီသည်လည်းရှိ၏။ လိုက်မမီအောင် ထူးခြားသည့်အဖြစ်မျိုးလည်း ရှိကုန်၏။ ယခု စာရေးသူတင်ပြမည့်အကြောင်းအရာများမှာ ထူးဆန်းသော မိုးကျကျောက်ဖြူတုံးကြီးအကြောင်းပင် ဖြစ်ပါသည်။

မိုးပေါ်မှ ကျောက်တုံးကြီးတစ်ခု ကျလာသည်မှာ အမှန်တကယ်တော့ ထူးဆန်းလှသည့်အဖြစ်မဟုတ်ပါ။ အခြားဂြိုဟ်မှ ဥက္ကာခဲများသည် ကမ္ဘာမြေကြီး၏ ဆွဲအားအတွင်းသို့ ဝင်လာလျှင် မီးလောင်ပျက်စီးသွားတတ်ပါသည်။ သို့သော် အချို့သော ဥက္ကာခဲများမှာမူကား မီးလောင်ခြင်းမရှိဘဲ ကျောက်ခဲအသွင်ဖြင့် ကမ္ဘာမြေကြီးပေါ်သို့ ကျလာ



www.burmeseclassic.com

www.burmeseclassic.com

ကတ်ကြောင်း တစ်ခါတစ်ရံ ကြုံဖူးကြပါသည်။ သို့သော် ထိုကျောက်တုံးများကား မည်သည့်ထူးခြားမှုမျှ မရှိချေ။

ယခု တင်ပြမည့် မိုးကျကျောက်တုံးကြီးမှာကား ထူးခြားဖြစ်စဉ်များစွာရှိပါသည်။ ဤအဖြစ်အပျက်များ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နှင့် (၇)မိုင်ခန့်ကွာဝေးသော မိုင်းနူန်းကျေးရွာကလေး၌ အစပြုခဲ့ပါသည်။

ထိုကျေးရွာတွင် 'အခါ'တိုင်းရင်းသား လင်မယားနှစ်ဦး နေထိုင်ပါသည်။ ၎င်းတို့သည် သာမန် လက်လုပ်လက်စားများဖြစ်၍ ဆင်းရဲလှပါသည်။ ထိုသို့ ဆင်းရဲလှသည့်အတွက် မကြာခဏ ငြီးငြူမိပါသည်။

'ငါတို့များ အရမ်းဆင်းရဲတာပဲ၊ သူဌေးတွေလို ချမ်းသာရင် ကောင်းမှာပဲ'

ထိုသို့ ငြီးငြူကာ ဘုရားတရားကို ပိုမိုအားထုတ်ခဲ့ပါသည်။ တစ်နေ့သောအခါတွင် ခင်ပွန်းသည်သည် ဘုရားတရား အားထုတ်စဉ် စိတ်ထဲ၌ မိမိတို့ အလှူအတန်းလုပ်ရမည်ဟု စိတ်ထဲ၌ ပေါ်လာသည့်အတွက် ဇနီးသည်အား ပြောပြခဲ့ပါသည်။

'နန်းမူရယ်… ငါ့စိတ်ထဲမှာ တစ်ခုခုထူးထူးဆန်းဆန်းဖြစ်ပြီး အလှူကြီးအတန်းကြီးတွေ လုပ်ရမယ်လို့ ထင်နေတယ်'

'ဒီလောက်တောင် ကျုပ်တို့ဘဝ ဆင်းရဲတာ ဘယ်လိုလုပ်ပြီး အလှူကြီးအတန်းကြီးလုပ်နိုင်မှာလဲ'

'အေးလေ… ပိုက်ဆံရှိရင် လုပ်တာပေါ့'

'တို့ရွာမှာ ဘာစီးပွားရေးရှိလို့ ပိုက်ဆံရှိရမှာလဲ။ စားရရုံ အနိုင်နိုင်ပဲ'





'အခုတော့ စားရရုံပေါ့။ ဒါပေမဲ့ ပိုက်ဆံများများရှိလို့ကတော့ အလှူကြီးအတန်းကြီး လုပ်ကိုလုပ်မှာပဲ'

'ကောင်းပါလေရဲ့တော်… အလှူပေးချင်တဲ့သူကြီး သူဌေးဖြစ်ပါစေ'

'အေးပါ… ငါ တကယ်ပဲ သူဌေးဖြစ်မှာ'

'အင်း… ဒီသူဌေးရူးနဲ့ တစ်မောင့်'

နန်းမူတို့လင်မယားမှာ ဤသို့ မိမိစိတ်ကူးကလေးဖြင့် ပျော်အောင်နေတတ်သည့် ဇနီးမောင်နှံဖြစ်ပါသည်။ ပျော်ပျော်နေရုံသာမက စိတ်ထားဖြူစင်ပြီး ဘုရားတရားကို အလွန်ကြည်ညိုကြပါသည်။

တစ်နေ့တွင်-

'နန်းမူ… ငါ ညက မြွေဖြူကြီးတစ်ကောင် ရောက်လာတယ်လို့ အိပ်မက်မက်တယ်'

'မြွေကို အိပ်မက်မက်တယ်ဆိုရင် ကောင်းတာပေါ့။ ငါတို့ ပိုက်ဆံတွေ အများကြီးရလိမ့်မယ်နဲ့တူတယ်'

'အေး… မြွေမက်ရင် ငွေရတယ်လို့ လူကြီးတွေပြောတာ ကြားဖူးတာပဲ'

'အေး… ငွေရရင်တော့ ကောင်းတာပေါ့ ယောက်ျားရယ်'

'ကဲ… ကဲ… အိပ်မက်အကြောင်း အသာထားလိုက်ဦး၊ ငါ ဗိုက်ဆာလာပြီ။ နန်းမူ ထမင်းခူးပေးပါတော့'

'အေး… အေး… ခူးခဲ့မယ်၊ အိမ်ရှေ့မှာထိုင်နေ'

နန်းမူတို့တဲကလေးမှာ ဆယ်ပေသာသာတဲကလေး။ သက်ကယ်မိုးပြီး ဝါးဖြင့်ဆောက်ထားသည့်အတွက် မခိုင်တခိုင်။ တဲဆောက်ခဲ့သည်မှာလည်း သုံးနှစ်ကျော်ခန့်ဖြစ်၍ နန်းမူတို့တဲကလေးမှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ပင် ယိုင်နေပါသည်။ သို့သော်လည်း ဆင်းရဲသူများဖြစ်၍ ဖာသည့်နေရာဖာ၊ ကျားကန်သည့်နေရာ ကျားကန်ကာ ယာယီနေနိုင်အောင် ပြင်ဆင်ထားရပါသည်။

နန်းမူလည်း ခင်ပွန်းဖြစ်သူ ခမ်းနွဲ့ ထမင်းဆာသည်ဆိုသဖြင့် ထမင်းခူးကာ အိမ်ရှေ့ခန်းတွင် ထမင်းပွဲပြင်ကာ ၄င်းနှင့်အတူ စားသောက်ခဲ့ပါသည်။

ထိုသို့ စားသောက်နေစဉ် အလွန်ကြီးမားသော ကျောက်တုံးကြီးတစ်တုံး ကောင်းကင်မှပြုတ်ကျလာပြီး သက်ကယ်အမိုးကို ဖောက်ကာ ထမင်းစားပွဲပေါ်သို့ ကျလာခဲ့ပါသည်။

'ဝုန်း…'

'ခလွမ်း'

'အမလေး…'

မိုးပေါ်မှကျသည့်အရှိန်ကြောင့် ဝုန်းခနဲအသံနှင့်အတူ ထမင်းဝိုင်းထဲသို့ကျသွားပြီး ပန်းကန်များ ကွဲကုန်ပါသည်။

'ဟဲ့… ဘာကြီးတုန်း'

နန်းမူက ခမ်းနွဲ့ကို မေးလိုက်ပါသည်။

'ကျောက်တုံးကြီးတစ်တုံး ခေါင်မိုးပေါ်ကကျလာတယ်'

၄င်းတို့ရွာမှာ အိမ်ခြေအနည်းငယ်သာရှိပြီး တစ်အိမ်နှင့်တစ်အိမ်မှာ အလွန်ဝေးကွာပါသည်။ ထိုအချိန်တွင် ယာတောသွားကြသဖြင့် ရွာထဲတွင် လူမရှိသလောက်ဖြစ်နေပါသည်။ နန်းမူတို့လင်မယားနှစ်ယောက်သာ ကိုယ်လက်မအီမသာဖြစ်နေသဖြင့် ယနေ့ နားနေခြင်း ဖြစ်ပါသည်။ အနီးအနားကို ထွက်ကြည့်သော်လည်း မည်သူမျှ မရှိချေ။





ထို့ကြောင့် မိုးပေါ်မှကျလာသည့် ကျောက်တုံးကြီးအား ကောက်ယူပြီး သေချာစွာ ကြည့်လိုက်သောအခါ ကျောက်တုံးကြီးမှာ အလွန်ဖြူဆွတ်ကာ မျက်နှာပြင်မှာ ချောမွတ်နေကြောင်းတွေ့ရပါသည်။

'ဟယ်… ဒီကျောက်တုံးက ဆွတ်ဆွတ်ဖြူနေပြီး ကျောက်သားလေးက ချောမွတ်နေတာပဲ'

'ပါးနဲ့ကပ်ကြည့်စမ်း… နှင်းခဲလို အေးစက်နေတာပဲ'

'အေးတော့… ဒီကျောက်တုံးက အရမ်းအေးတာပဲ၊ ယောက်ျား ထူးတော့ ထူးတယ်တော့'

'အေး… ငါ့စိတ်ထဲမှာလည်း ထူးတယ်လို့ထင်တာပဲ'

'ခေါင်းရင်းမှာထားရင် မကောင်းဘူးလား'

'အေး… ကောင်းတယ်'

ထိုသို့ဖြင့် နန်းမူတို့ ဇနီးမောင်နှံမှာ ထိုကျောက်ဖြူတုံးကြီးအား ခေါင်းရင်း၌ထားလိုက်ပါသည်။

သည်လိုနှင့်ပင် တဖြည်းဖြည်း မိုးစုံးစုံးချုပ်ကာ အလင်းရောင်ပျောက်၍ အမှောင်ထု ဖုံးအုပ်ခဲ့ပါသည်။ ညဥ့်အချိန်ရောက်လာသည့်အတွက် မီးခွက်ထွန်းကာ ခေါင်းရင်းခန်းသို့ နန်းမူလာစဉ်-

'ယောက်ျားရေ… လာပါဦး'

'နန်းမူ… ဘာဖြစ်လို့လဲ'

'ကျောက်တုံး… ကျောက်တုံး'

နန်းမူသည် ကျောက်တုံးကိုညွှန်ပြပြီး အော်နေသဖြင့် ခမ်းနွဲ့ပြေးလာပြီးကြည့်လိုက်ရာ-

ကျောက်ဖြူတုံးသည် တောက်ပသောအလင်း ဖြာထွက်နေသည်ကို တွေ့လိုက်ရပါသည်။


www.burmeseclassic.com

www.burmeseclassic.com

'ဟာ… ကျောက်တုံးက အလင်းရောင်တွေ ဖြာထွက်နေပါလား'

'ဟုတ်တယ်… ကျောက်တုံးက အလင်းရောင်တွေ ထွက်နေတာတွေ့လို့ ကျုပ်လည်း လန့်ပြီး ရှင့်ကိုခေါ်လိုက်တာပဲ'

'ဒီလိုလုပ်ပါလား၊ အဲဒီ ကျောက်တုံးပေါ်မှာ ဖယောင်းတိုင် တစ်တိုင်မီးညှိပြီး ထွန်းပေးလိုက်ပါ'

'အေး… အေး… ဖယောင်းတိုင်ထွန်းပေးထားလိုက်မယ်'

၎င်းတို့၏ အယူအဆအရ တစ်ခုခုထူးခြားမှုရှိလျှင် ဖယောင်းတိုင်ထွန်းလေ့ရှိပါသည်။

ထိုသို့ ဖယောင်းတိုင်ထွန်းလိုက်ရာ ကျောက်တုံးမှ အလင်းရောင်ဖြာထွက်မှုနှင့် ဖယောင်းတိုင်မီး၏ အလင်းရောင်တို့ကြောင့် ကျောက်တုံးမှာ ပိုမိုလင်းနေပါတော့သည်။ အလင်းနှစ်ခု၏ ရောင်စဉ်များ လှည့်လည်နေသကဲ့သို့ လွန်စွာ လှပလှပါသည်။

၎င်းတို့ဇနီးမောင်နှံနှစ်ဦးတို့မှာ ထိုသို့ လှပသော အလင်းရောင်ကို ကြည့်ရှုနေစဉ် ထိုကျောက်တုံးအနီးသို့ မြွေဖြူတစ်ကောင် ရောက်ရှိလာကာ ခွေခွေကလေး ခွေနေပါတော့သည်။ ထိုအခါ နန်းမှုလည်း ခမ်းနွဲ့အား-

'ကျောက်တုံးပေါ်မှာ မြွေဖြူတစ်ကောင် ရောက်နေတယ်၊ ကျုပ် ကြောက်တယ်'

'အေးလေ… မြွေဖြူတစ်ကောင်ရောက်နေတာ ငါလည်း တွေ့တာပဲ၊ ဘာဖြစ်လို့ ကြောက်ရမလဲ၊ သူ့ဘာသာသူ ခွေအိပ်နေတာပဲ'

'မောင်းထုတ်လိုက်ရင် မကောင်းဘူးလား'





'ဘာဖြစ်လို့ မောင်းထုတ်ရမလဲ၊ သူနေချင်လို့ နေတာ၊ နေပလေ့စေပေါ့'

ထိုသို့ဖြင့် မြွေဖြူကိုစောင့်ရင်း တစ်ညလုံးမိုးလင်းခဲ့ရပါသည်။ နောက်တစ်နေ့တွင် နန်းမှုမှာ ရွာထဲမှလူများကိုခေါ်ပြရာ ထိုလူများ လာကြည့်ကြပါသည်။ မြွေဖြူကလေးမှာလည်း ကျောက်တုံးပေါ်တွင် ခွေနေလျက်ပင်။

ထိုမှတစ်ဆင့် ဤသတင်းစကားမှာ အခြားရွာများသို့ ပျံ့သွားပြီး လာကြည့်သူအပေါင်း များပြားလာပါသည်။ ညဘက်တွင် အလင်းရောင်ဖြာထွက်နေသဖြင့် ညဘက်လာသူ ပို၍များလာပြီး မြွေဖြူကလေးအတွက် နို့တိုက်ရန်နှင့် ထူးခြားကျောက်တုံးရှင်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြပါသည်။

တစ်လခန့်အကြာတွင် နန်းမှုတို့ ဇနီးမောင်နှံတွင် အလှူငွေများ များပြားစွာ ရလာခဲ့ပါသည်။ မြွေဖြူကလေးကိုလည်း နေ့တိုင်း နံနက်တစ်ခါ၊ ညနေတစ်ခါ နို့တိုက်ခဲ့ကြပါသည်။

ထိုသို့ ကျောက်တုံးကြီးရောက်လာပြီး ငွေများစွာရသဖြင့် အလှူအတန်းပြုလုပ်ရန် ဇနီးမောင်နှံနှစ်ဦး တိုင်ပင်ခဲ့ကြပါသည်။

ထိုစဉ် မြို့ပေါ်မှ သူဌေးတစ်ဦး ရောက်ရှိလာကာ ဤကျောက်တုံးကို မြင်ကတည်းက လွန်စွာလိုချင်သည့်စိတ်ဆန္ဒ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသူဌေးသည် နန်းမှုတို့အိမ်သို့ ရောက်လာကာ ထိုကျောက်တုံးကို ဝယ်လိုကြောင်း ပြောပါသည်။

'ဒီကျောက်တုံးကို ကျုပ်ကို ရောင်းပါ'

'မရောင်းပါဘူး'

'ခင်ဗျားတို့ အလှူအတန်းလုပ်မယ်ဆိုရင် ပိုက်ဆံများများရှိ



www.burmeseclassic.com

www.burmeseclassic.com

မှဖြစ်မှာပေါ့။ ဒီကျောက်တုံးကို ကျုပ် ငါးသောင်းပေးမယ်၊ ရောင်းမလား'

'ငါးသောင်း… ငါးသောင်း ဟုတ်လား'

'ဟုတ်တယ်… ငါးသောင်းပေးမယ်'

'ငွေငါးသောင်းဆိုတာ နည်းတာမဟုတ်ဘူး။ ဒီတော့ ဒီကျောက်တုံးကို ကျုပ်ရောင်းမယ်'

ပထမတွင် မရောင်းဘူးဟု တင်းထားသော်လည်း သူဌေးမှ ငွေငါးသောင်းပေးသောအခါ ခမ်းနွဲ့မှာ ငွေငါးသောင်းကို တစ်ခါဖူးမျှ သူ့တစ်သက်တာတွင် မမြင်ဖူးသည့်အတွက် ထိုသူဌေးအား မိုးကျကျောက်တုံးကြီး ရောင်းချလိုက်ပါသည်။

သူဌေးလည်း ညဘက်တွင် အလင်းရောင်ဖြာသည့် ကျောက်တုံးမျိုးကို ဝယ်ယူရရှိသည့်အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ကာ ထိုကျောက်တုံးကိုပိုက်၍ မြို့သို့ ပြန်သွားခဲ့ပါသည်။

၎င်း၏အိမ်သို့ ရောက်သောအခါ ခေါင်းရင်းခန်းတွင်ထားကာ ညအချိန်ကို စောင့်လင့်နေခဲ့ပါပြီ။ တစ်စတစ်စဖြင့် မိုးချုပ်လာပြီး ညဥ့်အဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။ ထိုကျောက်တုံးမှ မီးလင်းသည်ဟုဆိုသဖြင့် အိမ်သားများ ထိုင်ကြည့်ခဲ့ရာ မည်သည့်အလင်းရောင်တစ်စုံတစ်ရာမျှ ထွက်ပေါ်လာခြင်း မရှိတော့ပေ။

'ဟင်… ညဘက်မှာ မလင်းတော့ပါလား'

ထိုသို့ဖြင့် ညဘက်တွင် မလင်းတော့သည့်အတွက် သူဌေးမှာ စိတ်မကောင်းဖြစ်သွားပါတော့သည်။ သို့သော် သုံးလေးရက်ခန့် စောင့်ကြည့်ခဲ့ပါသည်။ ထိုကျောက်တုံးကြီးမှာ သူဌေးဆီရောက်သည့် အချိန်မှစပြီး အလင်းရောင်ပေါ်ထွက်ခြင်းမရှိသည့်အပြင် အိမ်သားများ





လည်း တစ်ယောက်ပြီးတစ်ယောက် ဖျားနာပါတော့သည်။

ထို့အပြင် အငယ်ဆုံးကလေးလေးမှာ ဝမ်းများ မရပ်မနားသွားပါတော့သည်။ သူဌေးလည်း ထိုကလေးအား ဆရာဝန်ကြီးများနှင့် ကြပ်မတ်ကာ ကုသခဲ့ရပါသည်။ ထိုစဥ် အိပ်မက်ဆိုးများလည်း မက်သည့်အတွက်-

'အင်း… ဒီကျောက်တုံးဟာ ငါနဲ့မထိုက်ဘူးနဲ့တူတယ်။ ပိုင်ရှင်ကို ပြန်ပေးမှပဲ'

ထိုသို့စိတ်ကူးကာ ထိုကျောက်တုံးကြီးအား နန်းမူတို့ဇနီးမောင်နှံထံသို့ ပြန်ယူလာခဲ့ပါသည်။

'နန်းမူ… နင်တို့ကျောက်တုံးကြီးက ငါ့အိမ်ရောက်ကတည်းက အရောင်လည်းမတောက်တော့ဘူး၊ မြွေဖြူလည်း မလာတော့ဘူး'

'ငါတို့တစ်အိမ်လုံးလည်း ဖျားတဲ့သူကဖျား၊ ဝမ်းသွားတဲ့လူကသွားနဲ့ တော်တော်ဒုက္ခရောက်ရတယ်။ ဒီကျောက်တုံးက ငါတို့နဲ့ မထိုက်ဘူးထင်တယ်။ ဒါကြောင့် နင်တို့ကို ပြန်လာပေးတာ။ နင်တို့ကျောက်တုံး နင်တို့ယူပါ၊ ငါ့ပိုက်ဆံပြန်ပေးပါ'

'သူဌေးပေးတဲ့ပိုက်ဆံ လှူလိုက်လို့ မကျန်တော့ဘူး၊ သူဌေးကိုလည်း ပြန်ပေးစရာမရှိဘူး'

သူဌေးလည်း ငွေများကို လှူဒါန်းလိုက်သည်ဆိုသဖြင့် ပြန်မရနိုင်တော့မှန်း သိလိုက်ပါသည်။ သို့သော် ထိုကျောက်တုံးရောက်ကတည်းက တစ်အိမ်သားလုံး ကျန်းမာရေးချို့ယွင်းနေသဖြင့် မည်သို့ပင်ဖြစ်စေကာမူ ထိုကျောက်တုံးကို မထားရဲပေ။

'ကဲ… နင်တို့မှာ ငါ့ကို ပြန်အမ်းဖို့ ပိုက်ဆံမရှိရင်လည်း နေပါစေတော့။ မင်းတို့ကျောက်တုံးကို မင်းတို့ပဲပြန်ယူပါ'


www.burmeseclassic.com

www.burmeseclassic.com

'ငါတို့ဟာ တိုင်းရင်းသားတွေပါ။ ရိုးသားပြီး သစ္စာရှိပါတယ်။ နင်က ငါ့ဆီကပစ္စည်းကို ဝယ်သွားတယ်။ နင်ပြန်ပေးပေမယ့် ငါတို့က နင့်ပိုက်ဆံကို ပြန်မပေးနိုင်တဲ့အတွက် ဒီပစ္စည်းကို နင် အလကားပေးလည်း ငါတို့မယူဘူး။ နင့်ပိုက်ဆံကို ငါတို့ပြန်ပေးနိုင်မှ ယူမယ်'

'ဒါဆို ဒီမိုးကျကျောက်တုံးကြီးကို ဘယ်မှာထားမလဲ'

'တကယ်တော့ ဒီကျောက်တုံးဟာ မိုးပေါ်က ကျလာတဲ့ ကျောက်တုံးဖြစ်ပြီး ညအခါမှာ အလင်းရောင်ဖြာထွက်နေတာ ထူးခြားတဲ့ကျောက်တုံးဖြစ်လို့ မိုင်းနွန်း နီးဘုရားကြီးမှာ သွားလှူရင် မကောင်းဘူးလား'

နန်းမူက သူဌေးအား ဤသို့အကြံပေးလိုက်ရာ သူဌေးကလည်း သဘောတူခဲ့ပါသည်။

'နန်းမူပြောတာ မှန်တယ်။ မိုင်းနွန်း နီးဘုရားကြီးရဲ့ ဂေါပကဆီမှာ သွားလှူမယ်'

ထိုသို့ဖြင့် သိကြားမင်းကိုယ်တိုင် ယက်လုပ်ခဲ့သော နီးဘုရားကြီး၏တန်ဆောင်း၌ လှူဒါန်းထားရှိခဲ့ပါသည်။ မိုင်းနွန်း နီးဘုရားကြီးမှာလည်း လွန်ခဲ့သော မြန်မာသက္ကရာဇ် (၇၀၀)ခုနှစ်တွင် စတင်တည်ထားခြင်းဖြစ်၍ နှစ်ပေါင်း (၆၀၀)ကျော်မျှရှိခဲ့လေပြီ။ နီးနှင့်ယက်လုပ်ထားလင့်ကစား ဤမျှနှစ်ကြာသည့်တိုင် မပျက်စီးခြင်းမှာလည်း ထူးခြားသော ဖြစ်ရပ်တစ်ခုဖြစ်ပါသည်။

ထိုအချိန်မှစ၍ ယခုထက်တိုင် မိုးကျကျောက်တုံးကြီးမှာ မိုင်းနွန်း နီးဘုရားကြီးတွင် ရှိပါသည်။

ကြည့်ရှုလိုသူများသည် ဤဘုရား တန်ဆောင်းအတွင်းရှိ





မိုးကျကျောက်တုံးကြီးကို သွားရောက်ကြည့်ရှုနိုင်ပါသည်။

ဤကျောက်တုံးကြီး၏ ထူးခြားသောဖြစ်စဉ်များကိုကား သိပ္ပံပညာဖြင့် တိုင်းတာ၍မရအောင် ထူးခြားဆန်းကြယ်လှပါသည်။

မြန်မာပြည်အရပ်ရပ်၌ ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်များစွာ ပေါ်ပေါက်ခဲ့ပါသည်။ ထိုဖြစ်ရပ်များအနက် မိုးပေါ်မှကျလာသည့် 'မိုးကျ ကျောက်တုံးကြီး'၏ ဖြစ်ရပ်မှာလည်း ဆန်းကြယ်သောဖြစ်ရပ်တစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ယိုးမတောကြီးထဲမှ
# ထူးဆန်းသည့်ရေတွင်းပျက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



# ရိုးမတောကြီးထဲမှ ထူးဆန်းသည့်ရေတွင်းပျက်ကြီး

ဟာကယ်ပင် ဤရိုးမတောကြီးအတွင်း ဒဏ္ဍာရီသဖွယ် ထူးဆန်းသော ရေတွင်းပျက်ကြီးတစ်ခုအကြောင်းကို ရှေးလူကြီးသူမများက ပြောခဲ့ကြပါသည်။

စာရေးသူသည် အကြောင်းကိစ္စတစ်ခုရှိ၍ ပဲခူးမြို့ဇိုင်းကနိုင်းရပ်သို့သွားရာမှ အဘဦးချစ်လှနှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံခဲ့ပါသည်။ အဘဦးချစ်လှမှာ ပဲခူးဇာတိဖြစ်ပြီး ငယ်စဉ်အခါက ပဲခူးရိုးမတောကြီးအတွင်း မှစ်ချိုးခြင်း၊ ထင်းခွေခြင်း၊ မှိုရှာခြင်း စသည့် တောတက်သည့်အလုပ်ကို လုပ်ခဲ့ပါသည်။ ထိုသို့ ရိုးမတောကြီးအတွင်းသို့သွားရင်း တွေ့ကြုံခဲ့သည့် ဖြစ်ရပ်ဆန်းကြယ်မှာကား…

ကိုပွန်းယဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

လွှမ်းခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်ခန့်က အဘဦးချစ်လှမှာ အသက်နှစ်ဆယ်ကျော်အရွယ်ခန့် ရှိပါပြီ။ ထိုစဉ်က ဦးချစ်လှ မဖြစ်သေး၊ မောင်ချစ်လှသာလျှင် ခေါ်ဝေါ်ကြပါသည်။ မောင်ချစ်လှသည် အဖော်အပေါင်းများဖြစ်သည့် မြင့်သောင်း၊ တင်ထွေးတို့နှင့်အတူ ပဲခူးရိုးမတောထဲသို့ သွားခဲ့ကြပါသည်။

မျှစ်တွေ့လျှင် တူးမည်။ မှိုကျင်းတွေ့လျှင် ခွတ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် တောလိုက်ထွက်ခဲ့ကြပါသည်။ ၄င်းတို့အုပ်စုသည် တောင်ဟက်ကာ စနေရာ၌ပင် မျှစ်များ၊ မှိုများကို တွေ့နေကျဖြစ်ပါသည်။ ယခုမူ မည်သည့်အရာကိုမျှ မတွေ့ရသည့်အတွက်….

'ဒီနေ့မှာ မျှစ်လည်းမတွေ့ဘူး၊ မှိုကျင်းလည်း တစ်ကျင်းမှ မတွေ့ရဘူး'

'ဒီပြင်ကောင်တွေ ဦးသွားလို့နေမှာပေါ့။ တို့ ဒီနေ့ တောထဲဝင်တာ နောက်ကျသွားတယ်'

'ရိုးစပ် (တောစပ်)မှာ မတွေ့တော့လည်း ဆက်သွားကြတာပေါ့။ တစ်နေရာရာမှာတော့ ရှိမှာပါ'

'အေးလေ… တောလိုက်ပါတယ်ဆိုမှ ဆက်သွားကြတာပေါ့'

ထိုသို့ဖြင့် ရိုးမတောကြီးထဲ ဆက်၍သွားခဲ့ကြပါသည်။ သို့တိုင် မျှစ်လည်းမတွေ့၊ မှိုကျင်းများလည်း တစ်ခုမျှမမြင်ရပေ။ ထိုသို့ဖြင့်ဆက်၍သွားရာ သွားရင်း သွားရင်း မျက်စိလည်သွားကာ ၄င်းတို့ တစ်ခါမျှမရောက်ဖူးသည့် နေရာများသို့ ရောက်ရှိသွားပါသည်။

'ဒီနေရာကို တစ်ခါမှမရောက်ဖူးဘူး'

၄င်းတို့အုပ်စုမှာ လျှောက်လာရင်း ဂဝံကျောက်ကုန်းမြင့်မြင့်ကလေးဆီသို့ ရောက်လာခဲ့ပါသည်။ တောထဲတွင် မျက်စိလည်နေ





သည့်အတွက် မွန်းလွဲအချိန်သို့ ရောက်ရှိခဲ့ပါသည်။ တောထဲ တောင်ထဲတွင် အချိန်ကြာမြင့်စွာ လမ်းလျှောက်လာခဲ့ရသည့်အတွက် မောလည်းမော၊ ဆာလည်း ဆာလာကြပါသည်။

'ဟေ့ကောင်တွေ… ငါတော့ ထမင်းဆာပြီ၊ ဒီကုန်းမှာပဲ ထမင်းစားကြစို့ရဲ့'

'အေး… ငါတို့လည်း ဆာပြီ၊ စားမယ်'

ထိုသို့ပြောဆိုကာ ထိုကုန်းမြင့်ထက်တွင်ထိုင်ကာ ပါလာသည့် ထမင်းထုပ်များကို ဖြည်စားခဲ့ကြပါသည်။

'ဒီကုန်းကြီးကြည့်ရတာ အရင်က ဘုရားကုန်းပျက်ကြီးလား မသိဘူး'

'ဘာဖြစ်လို့လဲ'

'မင်းတို့ မကြားဖူးဘူးလား၊ ရှေးလူကြီးတွေပြောသံကြားဖူးတယ်။ ဒီရိုးမတောကြီးထဲမှာ ဘုရားကုန်းပျက်ကြီးရှိသတဲ့'

'အေးလေ… ဟုတ်ချင်လည်း ဟုတ်မှာပေါ့'

'ဟုတ်ရင်တော့ ငါတို့ကော်ပြီ မောင်တို့'

'ဘာကြောင့် ကော်ပြီလို့ပြောရတာလဲ'

'အဲဒီဘုရားကုန်းပျက်ကြီးရဲ့အနီးမှာ ရေတွင်းပျက်ကြီးတစ်ခုလည်း ရှိတယ်တဲ့။ အဲဒီထဲမှာ ငွေအိုးတွေရှိတယ်လို့ ပြောတယ်။ ငွေအိုးတွေရရင် ကော်တာပေါ့ကွ'

'ဒီကောင် တင်ထွေးပြောတဲ့စကားက မှန်ချင်မှမှန်မှာ၊ သူ့အဘိုးက ရှေးမီနောက်မီကွ။ ငါလည်း အဲဒီလိုပြောသံကြားဖူးတယ်'

'ဟုတ်မယ်ကွ… ငါတို့လည်း ဒီရိုးမတောထဲသွားနေတာ ဒီကုန်းကို တစ်ခါမှမရောက်ဖူးဘူး။ အခုတော့ မျက်စိလည်ပြီး အဲဒီ


www.burmeseclassic.com

www.burmeseclassic.com

ရောက်မှန်းမသိဖြစ်သွားပြီး ဒီကုန်းကို ရောက်လာခဲ့တာ'

'အေး… ဟုတ်တယ်ကွ၊ ဒါဆို ဒီအနီးအနားမှာ ရေတွင်းပျက်ကြီးရှိမရှိ ရှာကြည့်ကြတာပေါ့'

ထိုသို့တိုင်ပင်ကာ ထိုအနီးအနား၌ ရှာဖွေခဲ့ကြပါသည်။ သို့သော် ရေတွင်းပျက်ကြီးကို မတွေ့ရပေ။ ချုံနွယ်ပိတ်ပေါင်းများ ရှုပ်ထွေးနေသည့် ချုံပုတ်များကိုသာ တွေ့ရှိရပါသည်။

'ဒီကောင် တင်ထွေး စိတ်ရူးပေါက်ပြီး လျှောက်ပြောနေတာ၊ ဘာမှလည်း မရှိပါဘူးကွာ'

မြင့်သောင်းက ရေတွင်းပျက်ရှာရသဖြင့် မောမောပန်းပန်းဖြစ်သွားသည့်အတွက် ဤသို့ပြောလိုက်ပါသည်။

ဤတွင် မောင်ချစ်လှမှာ-

'သေသေချာချာရှာကြည့်ပါဦး၊ တွေ့ချင်တွေ့နေမှာ'

ထိုသို့ဖြင့် ဟိုရှာ သည်ရှာရှာရင်း ထိုအနီးအနားရှိ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ကာ ရှာပါသည်။ ကံအားလျော်စွာ ချုံပုတ်တစ်ခုကို ခုတ်ထွင်လိုက်စဉ်-

'ချွင်'

ဟူသည့် အသံကို ကြားလိုက်ရပါသည်။

'ဟာ… ဒါဟာ အုတ်ကို ခုတ်မိတဲ့အသံပဲ'

'ဒါဆို ဒီချုံပုတ်ကို ရှင်းလိုက်၊ ရေတွင်းနှုတ်ခမ်းဘောင်က အုတ် ဖြစ်နိုင်တယ်'

၎င်းတို့အုပ်စုလည်း အားတက်သွားကာ ချုံပုတ်များကို ရှင်းလိုက်ရာ-

'ဟာ… ရေတွင်းပျက်ကြီးကို တွေ့ပြီ'





မြင့်သောင်းမှ အားရပါးရ အော်ဟစ်လိုက်ပါသည်။

'ဟုတ်ပြီကွ… ရေတွင်းပျက်ကြီးကို တွေ့ပြီ'

'ဒါဆို ရေတွင်းကြီးထဲ ငုံ့ကြည့်လေ၊ ငွေအိုးတွေရှိမလားလို့'

ပြောပြောဆိုဆို ရေတွင်းပျက်ကြီးအတွင်းသို့ ငုံ့ကြည့်လိုက်ရာ ရေညှိများဖြင့် စိမ်းနောက်နောက်ဖြစ်နေသော ရေများကို တွေ့ရှိရပါသည်။

'ရေတွေကတော့ ခပ်နောက်နောက်ပဲ'

'ဘယ်လိုလုပ်ကြမလဲ'

'ဒီအထဲမှာ ငွေအိုးတွေရှိနေမလား မသိဘူး'

'ဒါဆိုရင် ဝါးလုံးနဲ့ထိုးကြည့်ရင် မကောင်းဘူးလား'

'ကောင်းတာပေါ့'

ဦးမောင်ချစ်လှတို့အုပ်စုသည် စိတ်တူကိုယ်တူ ထိုအနီးရှိ ဝါးပင်မှ ဝါးများကို ခုတ်ခဲ့ကြပါသည်။ အရှည်ဆုံးဝါးလုံးကိုယူပြီး ရေတွင်းထဲသို့ထိုးကြည့်ရာ ရေများမှာ မနက်ဘဲ ခါးလယ်ခန့်ရှိကြောင်း တွေ့ရှိရပါသည်။

'ရေကတော့ သိပ်မနက်ဘူး၊ ခါးစောင်းလောက်ပဲရှိမယ်'

'အေးပါ… ဝါးနဲ့များများထိုးကြည့်စမ်းပါ'

သူငယ်ချင်းသုံးဦးသည် ဝါးလုံးနှင့် ဟိုဟိုသည်သည် ထိုးကြည့်ကြပါသည်။ ဤတွင် တစ်နေရာသို့ ထိုးမိသောအခါ ရေတွင်းဟောင်းထဲမှ အသံများကို ကြားရပါသည်။

'ဟေ့ကောင်တွေ… ရေတွင်းထဲက အသံတွေ ကြားရတယ်'

'အေးကွ… ရေအိုးတွေ တစ်လုံးနဲ့တစ်လုံး တိုက်သံ၊ ထိသံတွေလိုပဲ ကြားနေရတယ်'



www.burmeseclassic.com

'ဟုတ်ပြီ… ဆက်ထိုးကြည့်ကြဟေ့'

ထိုသို့ဖြင့် ဝါးလုံးဖြင့်ဆက်၍ထိုးကြည့်ရာ အမှန်တကယ်ပင် အိုးများ တစ်လုံးနှင့်တစ်လုံး ထိခိုက်မိသည့်အသံများကို ကြားရပါသည်။

'ဟေ့ကောင် ချစ်လှ၊ မင်း ရေထဲဆင်းကြည့်စမ်း၊ ငါတို့က မင်းကို ကြိုးနဲ့ချည်ထားမယ်၊ တစ်ခုခုဖြစ်ရင် ကြိုးဆွဲပြီးတင်ပေးမယ်'

'အေး… ငါ ဆင်းပြီးကြည့်မယ်'

ထိုသို့ဖြင့် မောင်ချစ်လှတစ်ယောက် ရေတွင်းပျက်ကြီးအတွင်းသို့ ဆင်းခဲ့ပါသည်။ ရေတွင်းပျက်ကြီးအတွင်းသို့ ရောက်သောအခါ အသံကြားရသည့်နေရာသို့ တူးဆွကြည့်ခဲ့ပါသည်။

'ဟာ… အိုးကြီးတစ်လုံးတွေ့ပြီ၊ ကြိုးနဲ့ဆွဲတင်ဟေ့'

ရေညှိများတက်နေသည့် အိုးစိမ်းကြီးကို တွေ့ရသဖြင့် အပေါ်သို့ ဆွဲတင်လိုက်ကြပါသည်။ ထို့နောက် အိုးကြီးအား ခဲလုံးဖြင့် ခွဲကြည့်ရာ-

'ဟာ… ငွေအိုးကြီးဟေ့'

'ငွေအိုးဆိုရင် ငါတို့တော့ ပွတာပဲ'

'အိုးထဲမှာ လေးနေတယ်၊ တစ်ခုခုရှိဦးမယ်နဲ့တူတယ်'

ထိုသို့ဖြင့် အဖုံးကို ကလော်ကြည့်ရာ-

'ဟာ… ငွေဒင်္ဂါးတွေ အများကြီးပဲ'

'ဟေ့ကောင်… ချစ်လှ ဆက်တူးဦး၊ ရေတွင်းထဲမှာ ရှိဦးမယ်'

'အေးပါကွ'

မောင်ချစ်လှမှာလည်း ဆက်၍တူးရာ ငွေအိုးလေးလုံး ရရှိခဲ့





ပါသည်။ ၄င်းတို့သူငယ်ချင်းများစွာ ငွေအိုးလေးလုံးနှင့်အပြည့် ငွေဒင်္ဂါးများကို ရသည့်အတွက် အလွန်ပင် ပျော်ရွှင်သွားပါသည်။

'ငါတို့တော့ ငွေအိုးတွေအများကြီးရပြီ၊ သွားရောင်းရင် ပိုက်ဆံတွေအများကြီးရမယ်၊ ပျော်လိုက်တာ'

၄င်းတို့သူငယ်ချင်းသုံးဦးသည် ဝမ်းသာအားရဖြင့် ငွေအိုးများကို အိမ်သို့ယူဆောင်လာခဲ့ကြပါသည်။ အိမ်သို့ရောက်သောအခါ ငွေအိုးများကို ရေညှိများကပ်ညှိနေသဖြင့် ပွတ်တိုက်ကြည့်ရာ-

'ဤပစ္စည်းများကား နောင်ပွင့်တော်မူမည့် အရိမေတ္တယျ ဘုရားရှင်အား ရည်စူး၍ လှူဒါန်းပူဇော်ထားသည့် ဥစ္စာပစ္စည်းများဖြစ်ပါ၏။ ဤပစ္စည်းများကို တစ်စုံတစ်ယောက်သောသူသည် ကိုယ်ကျိုးအတွက် သုံးစွဲရန် ယူငင်မိပါက အန္တရာယ်အမျိုးမျိုးနှင့် တွေ့ကြုံရပါစေသား'

'ဟာ… ကြောက်စရာကျိန်စာအိုးကြီးတွေပဲ'

ငွေအိုးပေါ်တွင် ရေးထိုးထားသည့်စာကြောင့် သူငယ်ချင်းနှစ်ဦးမှာ လွန်စွာထိတ်လန့်ကြောက်ရွံ့သွားကြပါသည်။ မောင်ချစ်လှနှင့် ဝင်းထွေးမှာ ကြောက်လန့်ပြီး ပြန်ထားမည်ပြုရာ မြင့်သောင်းမှာ မထားလိုသည့်အမူအရာ ဖြစ်နေပါသည်။

'ဟေ့ကောင် မြင့်သောင်း၊ ဒီငွေအိုးတွေက နောင်ပွင့်တော်မူမယ့် ဘုရားရှင်ကိုရည်စူးပြီး လှူထားတဲ့ပစ္စည်းတဲ့၊ ဒါကိုယူရင် အန္တရာယ်ဖြစ်မယ်ဆိုပဲ။ တို့ပြန်ထားရင် ကောင်းမယ်နဲ့တူတယ်'

ဤတွင် မြင့်သောင်းမှာ စိတ်ကြမ်းကိုယ်ကြမ်း ခပ်မိုက်မိုက် စိတ်ထားရှိသူဖြစ်သည့်အပြင် အလိုဘောဘရမ္မက်ကြီးစွာထွက်သူဖြစ်သည့်အလျောက်-



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

'မင်းတို့ကြောက်ရင် မယူနဲ့၊ ငါတစ်ယောက်ပဲ ယူမယ်'

'မြင့်သောင်း… မင်း လောဘမထွက်နဲ့၊ ဒီပစ္စည်းတွေကိုယူရင် အန္တရာယ်ဆိုးတစ်ခုခုနဲ့ တွေ့လိမ့်မယ်'

'မင်းတို့သာကြောက်တာ၊ ငါ မကြောက်ဘူး၊ ဒီပစ္စည်းတွေကို လွယ်လွယ်ကူကူနဲ့ ရခဲ့တာမဟုတ်ဘူး'

'အေးပါ… ငါတို့ အတူလုပ်ခဲ့တဲ့အတွက် မလွယ်ကူမှန်း သိတာပေါ့'

'ငါဟာ ဆင်းရဲတယ်၊ ဘာပဲပြောပြော ဒီပစ္စည်းတွေကို ထုခွဲလိုက်ရင် တော်တော်အဆင်ပြေသွားမယ်။ ဒီတော့ ဒီလောက်ခက်ခက်ခဲခဲနဲ့ ရတဲ့ပစ္စည်းကို ပြန်မထားနိုင်ဘူး'

'ခက်တာပဲ၊ ဘုရားပစ္စည်းကို ယူတဲ့လူဟာ အဝီစိကို ချီးကပ်မယ့်လူပဲ'

'ဒါတွေ လာမပြောနဲ့၊ ကိုယ့်သဘောကိုယ်ဆောင်တာပဲ။ မင်းတို့လည်း ယူချင်ရင် သုံးပုံတစ်ပုံစီ ယူနိုင်တယ်၊ မယူချင်နေပေါ့။ အရေးကြီးတာက ဒီဘဝချမ်းသာဖို့ လိုအပ်တယ်'

'မင်းပဲယူပါ သူငယ်ချင်း၊ ငါတို့ကတော့ ဘုရားပစ္စည်းကို ကြောက်တယ်၊ မယူဘူး'

'ကြိုက်တယ်… မင်းတို့သဘောထားကို သိပ်ကြိုက်တယ်'

ထိုသို့ပြောဆိုကာ ငွေအိုးများအားလုံးကို ၎င်း၏အိမ်သို့ယူဆောင်သွားပါတော့သည်။ မောင်ချစ်လှနှင့် တင်ထွေးတို့မှာ ငွေအိုးများနှင့် အထဲမှ ငွေဒင်္ဂါးများကို လိုချင်သော်လည်း ကျိန်စာတိုက်ထားသည့် ပစ္စည်းဖြစ်၍ မယူရဲဘဲနေလိုက်ကြပါသည်။

မြင့်သောင်းမှာ ငွေအိုးများနှင့် ငွေဒင်္ဂါးများရသဖြင့် ဝမ်းသာ





ပီတိဖြစ်၍ ငွေအိုးများကိုပိုက်ပြီး အိပ်ပျော်သွားပါသည်။

သန်းခေါင်ကျော်ခန့်အချိန်တွင် တစ်ကိုယ်လုံး ယားယံလာပါသည်။ နေ့ခင်းက အလုပ်ကြမ်းလုပ်ထားသည့်အချိန်ကြောင့် အလွန်ပင် အိပ်ချင်နေသဖြင့် အိပ်ပျော်လိုက်၊ ယားသဖြင့် ပြန်နိုးလိုက်ဖြစ်နေပါသည်။

မှေးခနဲ အိပ်ပျော်စဉ်တစ်ခဏ၌ အိပ်မက်ထဲတွင်…

'ဤငွေအိုးများကား ဘုရားရှင်အတွက် ရည်မှန်းပူဇော်ထားသည့် ပစ္စည်းဖြစ်၍ လူသားများယူငင်သုံးစွဲရန် မထိုက်ပါ၊ သည်ပစ္စည်းများအား မူလနေရာ၌ ပြန်ထားပါ၊ မထားပါက အသင့်တစ်ကိုယ်လုံး မီးလောင်မှုများ ဖြစ်သွားပေလိမ့်မည်'

ထိုသို့ပြောသည့်အသံကို ကြားရပြီး လန့်နိုးလာခဲ့ပါသည်။ ထို့နောက် တစ်ကိုယ်လုံးမှာ ယားယံပြီး အဖုကြီးများ ဖြစ်ပေါ်လာပါသည်။ ဤတွင် မြင့်သောင်းမှာ အလွန်ကြောက်လန့်တကြားဖြစ်ပြီး မောင်ချစ်လှနှင့် တင်ထွေးတို့အား လာခေါ်ခဲ့ပါသည်။ ထို့နောက် အိပ်မက်နှင့်တကွ ၎င်း၏တစ်ကိုယ်လုံးတွင် ယားယံသည့်အဖုကြီးများ ဖြစ်ပေါ်နေကြောင်း ပြောဆိုပြသပါသည်။ ဤတွင် မောင်တင်ထွေး၏ အဘိုးကို ပြောပြရာ-

'ရှေးခေတ်က လူတွေဟာ အလှူအတန်းမှာ စင်ကြယ်တော့ တခြားသူမဖျက်ဆီးရအောင် ကျိန်စာတိုက်ထားကြတယ်။ ဒါကြောင့် ဒီပစ္စည်းတွေကို နဂိုနေရာမှာ ပြန်ထားလိုက်ပါ သားတို့ရယ်'

မောင်တင်ထွေး၏အဘိုးမှ သို့ ဆုံးမသည့်အတွက် ထိုငွေအိုးကြီးများနှင့် ငွေဒင်္ဂါးကြီးများအား ရေတွင်းပျက်ကြီးအတွင်း ပြန်ထားခဲ့ရပါသည်။ ရေတွင်းကြီးကိုလည်း အခြားသူများ မတွေ့စေရန် ချုံကွယ်



www.burmeseclassic.com

www.burmeseclassic.com



ပင်များဖြင့် ပြန်၍ဖုံးထားခဲ့ကြပါသည်။ ဤသည်ကား အဘိုးဦးချစ်လှ ပြောပြသည့် ငှင်း၏ကိုယ်တွေ့အဖြစ်အပျက်ကလေး ဖြစ်ပါသည်။

တချို့သော တောလိုက်သွားသည့်လူများလည်း တစ်ခါတစ်ရံ မျက်စိလည်ကာ ထိုဘုရားကုန်းကို ရောက်သွားတတ်ပါသည်။ ထို့နောက် ရေတွင်းထဲမှ ရေအိုးများ တစ်လုံးနှင့်တစ်လုံး ထိသံ၊ တိုက်မိသံများကို ကြားသည်ဟူ၍ ပြောစမှတ်တွင်ခဲ့ပါတော့သတည်း။

■

# အံ့ဖွယ်ထွင့်ဒေါင်
# ရှင်သူငယ်တောင်

www.burmeseclassic.com

www.burmeseclassic.com



# အံ့ဖွယ်ထွင့်ခေါင်
# ရှင်သူငယ်တောင်

ရှင်သူငယ်တောင်...

ဤတောင်ကား မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်အတွင်း ရေထွက်ကျေးရွာအုပ်စုအပိုင်တွင် ရှိပါသည်။ ထိုတောင်မှာ ရန်ကင်းတောင်၏အရှေ့ဘက်တွင်တည်ရှိပြီး တောင်ပုလုကောင်နှင့် ရေတံခွန်တောင်အနီးတွင် တည်ရှိပါသည်။ ရန်ကင်းတောင်ကို ယခင်က ငါးရံ့မင်းတောင်ဟုခေါ်ပြီး ထိုတောင်တော်အတွင်း ဘုရားရှင် နုစဉ်အခါက ငါးရံ့မင်းဖြစ်ခဲ့ဖူးသည်ကို အစွဲပြု၍ ငါးရံ့မင်းရုပ်တုတော်များ ထားရှိပါသည်။ ဘုရားများ တည်ထားသဖြင့် ဤရန်ကင်းတောင်သည် ကောင်းမြတ်သောတောင်တော် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေတံခွန်တောင်ကား ရေတံခွန်များ ယခင်ကရှိခဲ့ဖူးသည့်အတွက် ရေတံခွန်တောင်ဟု ခေါ်ဝေါ်ကြပါသည်။ တောင်ပုလုတောင်ကား တောင်ပုလုဆရာတော်ကြီး တစ်ခါက သီတင်းသုံးတော်မူရာတောင်ဖြစ်၍ ထင်ရှားပါသည်။ တောင်ပုလုတောင်အနီးရှိ ရှင်သူငယ်တောင်သည် ရှင်သူငယ်သီတင်းသုံးရာ နေရာတစ်ခုဖြစ်ပြီး ထူးခြားမှုအဖုံဖုံ ပြောမကုန်အောင် ရှိလှပါသည်။

ရှင်သူငယ်တောင်၏အောက်ခြေတွင် သစ်ပင်ချုံနွယ်များ ထူထပ်ပြီး လူတစ်ရပ်ကျော်မျှရှိပါသည်။ ထိုစဉ်က ဘုရားကျောင်းကန်တစ်ခုမျှ မရှိသေးပေ။ ရှေးလူကြီးများ၏ အဆိုအရ ဤတောင်တန်းသည် ရှေးပဝေသဏီက နဂါးတို့နေထိုင်ရာအရပ်ဖြစ်ပြီး နဂါးဓာတ်ရှိသည်ဟု ပြောစမှတ်ပြုခဲ့ကြပါသည်။ ထိုတောင်တော်သည် ထူးခြားဆန်းကြယ်မှုများစွာ၊ ဖြစ်ရပ်ဆန်းများစွာ ပြည့်နှက်နေပါသည်။ ထိုတောင်ပေါ်တွင် ဆေးမြစ်ရှာသွားသူများသည် (၇)နှစ်သားအရွယ်ကိုရင်လေးတစ်ပါးကို မကြာခဏ တွေ့ကြရသည်ဟု ဆိုပါသည်။ သို့သော်လည်း ထိုတောင်၏အမည်နာမကိုမူ မည်သူမျှ မသိကြသေးပေ။ ဤတွင် ဤတောင်တော်၏ အမည်နာမသည် ထူးခြားစွာပေါ်ထွက်လာရန် အကြောင်းဖန်လာခဲ့ပါသည်။

ရှင်သူငယ်တောင်ကို ရှေးယခင်က ရှင်သူငယ်တောင်မှန်း မသိကြချေ။ ဤအကြောင်းကား အောင်လံမြို့နယ်အတွင်း အင်းမကျေးရွာမှ ကိုလှမောင်မှ အစပြုခဲ့သည်ဟု ဆိုရပေမည်။

ကိုလှမောင်သည် ၎င်းရွာ၏ အနောက်ဘက်ရှိ တောကြီးကိုဖြတ်၍ မြစ်ချောင်းအနီးတွင် ငါးရှာထွက်လေ့ရှိပါသည်။ ကိုလှမောင်သည် ရှာ၍ရသော ငါးများကို ၎င်းရွာတွင် ပြန်ရောင်းကာ အသက်





မွေးဝမ်းကျောင်းပြုနေသူတစ်ဦး ဖြစ်ပါသည်။ တံငါအလုပ်ဖြင့် အသက်မွေးရသော်လည်း ၎င်းသည် ဘုရားတရား ကြည်ညိုလေးစားပြီး စိတ်ကောင်းရှိသူတစ်ဦး ဖြစ်ပါသည်။

တစ်နေ့သောအခါ ကိုလှမောင်သည် နံနက်စောစောထကာ ရွာအနောက်ဘက်ရှိ တောကြီးကိုဖြတ်ကာ ငါးရှာထွက်ခဲ့ပါသည်။ ထိုတောအုပ်ကြီးထဲသို့ဖြတ်စဉ် သစ်ပင်ကြီးတစ်ပင်၏ အမြစ်ဆုံပေါ်တွင် ကိုရင်ကလေးတစ်ပါးသည် သပိတ်ကိုပိုက်ရင်း ထိုင်နေသည်ကို တွေ့လိုက်ရပါသည်။ ဤတွင် ကိုလှမောင်၏စိတ်တွင်-

'ဒီတောကြီးထဲမှာ ဒီ ကိုရင်ကလေးက တစ်ယောက်တည်း ဘာလုပ်နေပါလိမ့်'

ထိုသို့ အတွေးဝင်လာခဲ့ပါသည်။

'အင်း··· ဒီကိုရင်ကလေးကို မေးမြန်းပြီး စကားပြောနေရင် အချိန်လင့်ပြီး ငါးမရဘဲဖြစ်တော့မယ်'

ဦးလှမောင်သည် ဤသို့စဉ်းစားမိကာ မည်သည့်စကားမှမဆိုဘဲ ငါးရှာထွက်ခဲ့ပါသည်။ ထိုသို့ဖြင့် နောက်တစ်နေ့တွင်လည်း မနေ့ကတွေ့ခဲ့သည့် သစ်ပင်အောက်၌ ထိုင်နေသည်ကို တွေ့ရပါသည်။ ထိုနေ့၌လည်း ကိုရင်လေးကို စကားမပြောဖြစ်ခဲ့ပေ။ တတိယမြောက်နေ့တွင် ကိုရင်ကလေးကို ပထမနေ့မှ တွေ့ခဲ့သည့်နေရာတွင် သပိတ်ပိုက်လျက် ထပ်မံတွေ့ရှိခဲ့ရပါသည်။

ပထမနှစ်ရက်က အမှတ်တမဲ့ နေမိသော်လည်း ဤမျှငယ်ရွယ်သော ကိုရင်ကလေးသည် ဤတောကြီးအတွင်း တစ်ယောက်တည်း အဖော်မပါရှိနေသည်မှာ ထူးဆန်းနေသဖြင့် မည်သို့မျှမအောင့်အီးနိုင်ဘဲ ကိုလှမောင်တစ်ယောက် မေးမြန်းခဲ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုရင်လေး… ဒီနေရာမှာတွေ့တာ သုံးရက်ရှိပြီ၊ ဘာလုပ်နေတာလဲ'

'ဒကာကြီးကို ပြောစရာရှိလို့စောင့်နေတာ သုံးရက်ရှိပြီ'

ကိုရင်ကလေးမှာ ကလေးသာသာအရွယ်ပင် ဖြစ်သော်လည်း မျက်လွှာချကာ တည်တည်ငြိမ်ငြိမ် ပြောလိုက်သည့်အတွက် ကိုလှမောင်လည်း များစွာအံ့ဩသွားခဲ့ပါသည်။

'တပည့်တော်ကို ဘာများပြောစရာရှိပါသလဲဘုရား'

ထိုသို့ ကိုရင်ကလေးအား ပြန်မေးခဲ့မိပါသည်။

'ဒကာကြီး… ဒီမကောင်းမှုကိုစွန့်၍ ရှင်သူငယ်တောင်တန်း၌ ရဟန်းဝတ်ပါလော့'

'တပည့်တော်က ဘာလို့ရဟန်းဝတ်မှာလဲ၊ မဝတ်ချင်ပါဘူး'

'တစ်နေ့ကျရင် ရဟန်းဝတ်ချင်တဲ့စိတ် ပေါ်လာပါလိမ့်မယ်။ အဲဒီလို ရဟန်းဝတ်ချင်တဲ့စိတ်ဖြစ်လာရင် ကျုပ်ဆီကိုလာခဲ့ပါ'

'ကိုရင်ကလေးက ဘယ်မှာသီတင်းသုံးလို့ တပည့်တော်က ဘယ်လိုလာရမလဲ'

'ကျုပ်က ရှင်သူငယ်တောင်မှာ သီတင်းသုံးတယ်၊ ရှင်သူငယ်တောင်ကို လာခဲ့ပေါ့'

'ရှင်သူငယ်တောင်က ဘယ်နားမှာလဲ'

'ဒကာကြီးလာရင် မန္တလေးက ရန်ကင်းတောင်ကို လာခဲ့ပေါ့။ အဲဒီနားရောက်ရင် မေးပါ။ ရှင်သူငယ်တောင်ကို တွေ့လိမ့်မယ်'

'တင်ပါ့ဘုရား'

ထိုသို့ပြောဆိုပြီးနောက် ကိုရင်ကလေးမှာ သပိတ်ပိုက်ကာ ရှေ့သို့ဈာရှု ထသွားပါတော့သည်။ ကိုလှမောင်သည် ကိုရင်ကလေး





ပြောသွားသော စကားများကို စဉ်းစားပြီး လွန်စွာအံ့ဩသွားပါတော့သည်။

'အင်း… ငါ့ကို တံငါသည်ဘဝကို စွန့်လွှတ်နိုင်းပြီး ဘာကြောင့်ရဟန်းဝတ်ခိုင်းတာလဲ မသိဘူး'

ဦးလှမောင်သည် အိမ်ပြန်ရောက်သည့်တိုင် ကိုရင်ကလေး ပြောသွားသည့်စကားကို ကြားယောင်မိပါသည်။

'ကိုရင်ကလေးကိုကြည့်ရတာ တစ်ခုခုကို သိနေသလိုပဲ။ ဒါပေမဲ့ ငါက ဘာဖြစ်လို့ရဟန်းဝတ်ရမှာလဲ၊ ငါ့အလုပ်နဲ့ငါတောင် မအားဘူး'

ထိုသို့ဖြင့် ကိုရင်ကလေး၏စကားကို မယုံခဲ့ပေ။ ထိုသို့ဖြင့် နေ့စဉ် ဝမ်းစာရေးအတွက် ငါးဖမ်းထွက်ခဲ့ရပါသည်။ ကိုရင်ကလေးနှင့်တွေ့ပြီးသည့်အချိန်မှစပြီး ငါးဖမ်းရသည်ကို ယခင်ကလို စိတ်မပါတော့ပေ။

ထိုကိုရင်ကလေးနှင့်တွေ့ပြီး (၆)လခန့်အကြာတွင်-

ငါးဖမ်းရန် အိမ်မှထွက်အလာ တောအုပ်နားအရောက်၌ လွန်စွာခေါင်းကိုက်လာပါသည်။

'အမလေး… အရမ်းခေါင်းကိုက်တာပဲ'

ထိုတောအုပ်၌ ခေတ္တနားကာ ထိုင်နေလိုက်ပါသည်။ ငါးဖမ်းမည်ဟု စိတ်ကူးသည်နှင့်တပြိုင်နက် ခေါင်းပိုမိုကိုက်လာသည့်အတွက် သုနေစောင်းသည့်တိုင် နားနေခဲ့ရပါသည်။ အချိန်နှောင်းသွားသည့်အတွက် ငါးမရှာဖြစ်ဘဲ အိမ်သို့ပြန်ခဲ့ရပါသည်။ ထိုသို့ဖြင့် ငါးဖမ်းမည်ဟု အိမ်မှထွက်လျှင် စိတ်လေးခြင်း၊ ခေါင်းမူးခေါင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာ ဖြစ်လာပါသည်။ ဤသို့ဖြင့် ဦးလှမောင်အစ



www.burmeseclassic.com

www.burmeseclassic.com

ယောက် ငါးဖမ်းရမည်ကိုပင် ကြောက်နေပါတော့သည်။

ထို့အပြင် ဦးလှမောင်မှာ ညနေစောင်းအချိန်လောက်တွင် အဖျားတက်လာပါသည်။ ဦးလှမောင်သည် တစ်ယောက်တည်းသမား ဖိဖိ အဖျားကိုလည်း ဂရုမစိုက်ဘဲ ပေပေတေတေနေခဲ့ရာမှအစ တစ်စ တစ်စ ကျန်းမာရေးချို့ယွင်းလာပြီး အိပ်ရာထဲတွင် ဘုန်းဘုန်းလဲသည် အထိ ဖြစ်လာပါသည်။

ဦးလှမောင် နေမကောင်းဖြစ်နေသည်ကို အိမ်နီးချင်းများက မနေနိုင်၍ ဆေးဆရာခေါ်ပြီး ကုသပေးခဲ့ပါသည်။ ထိုသို့ကုသပေးရာ ပထမတွင် မသက်သာပါ။ အခြေအနေမှာ လွန်စွာပင် ဆိုးဝါးလာပါသည်။ ဤတွင် ဦးလှမောင်မှာ တောအုပ်ထဲတွင် တွေ့ခဲ့ရသော ကိုရင်ကလေး၏စကားကို သတိရလာခဲ့ပါသည်။

'တစ်နေ့ကျရင် ရဟန်းဝတ်ချင်တဲ့စိတ် ပေါ်လာလိမ့်မယ်။ အဲဒီလို ရဟန်းဝတ်ချင်တဲ့စိတ်ဖြစ်လာရင် ကျုပ်ဆီကိုလာခဲ့ပါ'

ထိုစကားကိုသတိရကာ ရဟန်းဝတ်ချင်တဲ့စိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့ပါသည်။

'ကိုရင်လေးရယ်... ကျုပ်တော့ သေတော့မယ်နဲ့တူတယ်။ မကောင်းမှုတွေ လုပ်ထားတဲ့သူမို့ မသေခင် ရဟန်းဝတ်ချင်လိုက်တာ။ ဒါပေမဲ့ ကျန်းမာရေးက ဒီလောက်တောင်ချူချာတော့ ရဟန်းမဝတ်နိုင်ဘဲ သေမယ်ထင်ပါရဲ့'

ထိုသို့ စိတ်ကူးနှင့်ပြောမိနေပါသည်။

'အင်း... တကယ်လို့ ဒီရောဂါသက်သာရင် တစ်သက်လုံး ရဟန်းပဲဝတ်တော့မယ်'

ဦးလှမောင်လည်း ကျန်းမာချင်သည့်ဇောဖြင့် ဤသို့ပြောခဲ့ပါ





သည်။

ထိုသို့ပြောဆိုပြီးနောက် အဖျားရောဂါမှာ တဖြည်းဖြည်း ကျလာခဲ့ပါသည်။ သို့သော် ကောင်းစွာလမ်းမလျှောက်နိုင်သေးပေ။ ကောင်းစွာနေကောင်းလျှင် ရဟန်းဝတ်ပြီး ရှင်သူငယ်တောင်သို့သွားမည်ဟု အဓိဋ္ဌာန်ခဲ့ပါသည်။

ဦးလှမောင်သည် (၃)လခန့် ဆေးကုသမှုခံယူပြီးနောက် အတော်ပင် ကျန်းမာလာခဲ့ပါသည်။ ၎င်း၏အိမ်နီးနားချင်းများကို ဤအကြောင်းပြောဆိုကာ အကူအညီတောင်းကြည့်ရာ ထိုသူများက စုပေါင်းလှူကာ ဦးလှမောင်ကို ရဟန်းဝတ်ပေးသည့်အပြင် ရှင်သူငယ်တောင်သို့သွားရန် ဝတ္ထုများလှူဒါန်းခဲ့ပါသည်။

ဦးလှမောင်လည်း ကိုရင်ကလေး၏စကားအတိုင်း ပထမဦးစွာ မန္တလေးသို့ လာခဲ့ပါသည်။ ထိုမှတဆင့် ရန်ကင်းတောင်သို့ ခရီးဆက်ခဲ့ပါသည်။ ရန်ကင်းတောင်သို့ ရောက်သောအခါ ရှင်သူငယ်တောင်အား ရှာသော်လည်း မတွေ့ပေ။ အနီးအနားရှိ လူများအား မေးသော်လည်း မည်သူမျှ အတပ်မပြောနိုင်ပေ။

'အင်း... ကိုရင်ကလေးကပြောတော့ ရန်ကင်းတောင်ရောက်ရင် မေးပါလို့ပြောတယ်။ အခုမေးတော့လည်း ဘယ်သူမှမသိကြဘူး။ ငါ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

ထိုသို့စဉ်းစားကာ ရန်ကင်းတောင်ရှိဘုရားတွင် ပူဇော်ကန်တော့ကာ ခေတ္တနားနေခဲ့ပါသည်။ ထို့နောက် ရန်ကင်းတောင်မှ လှမ်းကြည့်ရာ အရှေ့ဘက်တွင် တောင်များကို မြင်တွေ့ရပါသည်။ ၎င်း၏စိတ်ထဲတွင် ထိုတောင်များဆီသို့ သွားချင်သည့်စိတ်များ ပေါ်ပေါက်လာခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဟိုအရှေ့မှာ တောင်တွေတော့တွေ့တာပဲ။ သွားကြည့်ဦးမှပဲ'

ထိုသို့စိတ်ကူးရင်း တစ်ကိုယ်တည်း တောင်များရှိရာသို့ လှမ်းလာခဲ့ပါသည်။ ပထမတောင်ကို ဦးလှမောင်တွေ့သော်လည်း ထိုတောင်ပေါ်သို့ တက်ချင်သည့်စိတ် မဖြစ်ပေါ်ခဲ့ပေ။ ဒုတိယတောင်ကို တွေ့ပြန်သော်လည်း ၎င်း၏စိတ်၌ မတက်လိုပေ။

နောက်ဆုံးတောင်ကား သစ်ပင်အုပ်များစိမ်းညို့ညို့နှင့် ကြည့်လိုက်စဉ် ၎င်း၏စိတ်တွင် တောင်ပေါ်သို့သွားချင်သည့်စိတ်များ တဖွားဖွားပေါ်လာပါတော့သည်။ ထို့ကြောင့် ထိုတောင်ပေါ်သို့တက်ရန် တောင်ခြေသို့ လာခဲ့ပါသည်။ တောင်ခြေနှင့်လူသွားလမ်းမှာ အတော်ဝေးပါသည်။ တောင်ခြေတွင် လူတစ်ရပ်ကျော်ကျော်ခန့်ရှိသော ချုံပုတ်များ၊ သစ်ပင်များ ရှိပါသည်။

ဦးပဥ္စင်း ဦးလှမောင်သည် လူသွားလမ်းကလေးအတိုင်း လျှောက်လာရာ အနည်းငယ်မောပန်းသဖြင့် တောင်ခြေရှိ ချုံပုတ်ကလေးအနီး၌ထိုင်ကာ အမောဖြေခဲ့ပါသည်။ ထိုသို့ ထိုင်နေစဉ် တစ်ခဏ၌ တောင်ပေါ်မှဆင်းလာသည့် ကိုရင်ကလေးတစ်ပါးကို တွေ့ရသည့်အတွက် ဤတောင်၏အမည်ကိုမေးရန် ကိုရင်ကလေးဆီသို့ သွားလိုက်ပါသည်။

'ကိုရင်ကလေး… ကိုရင်ကလေး၊ ခေတ္တရပ်ပါဦး'

ထိုကိုရင်ကလေးမှာ ဦးပဥ္စင်းဦးလှမောင်၏စကားသံကြောင့် ရပ်တန့်နေပါသည်။ ဦးပဥ္စင်းဦးလှမောင်မှာ ကိုရင်ကလေးအနီးသို့ ရောက်၍ ကိုရင်၏မျက်နှာကို သေချာစွာကြည့်လိုက်သောအခါ လွန်စွာဝမ်းသာသွားပါသည်။ အဘယ်ကြောင့်ဆိုသော် ဦးပဥ္စင်းဦးလှမောင်





တွေ့လိုက်ရသည့် ကိုရင်ကလေးမှာ တစ်ခါက တောကြိုးထဲတွင် တွေ့ခဲ့သည့် ကိုရင်ကလေးဖြစ်နေသောကြောင့်ပင်။

'ကိုရင်ကလေးပြောတဲ့အတိုင်း ကျုပ် ရဟန်းဝတ်ခဲ့ပါပြီ။ ရှင်သူငယ်တောင်ကို လာခဲ့ပါဆိုလို့ အခုလာခဲ့ပြီ။ ဒါပေမဲ့ ရှင်သူငယ်တောင်ကို အခုအထိ ရှာလို့မတွေ့သေးဘူး။ ကိုရင်ကလေးသိရင် ပြောပြပါ။ ရှင်သူငယ်တောင်ဟာ ဘယ်တောင်လဲ'

ထိုအခါ ကိုရင်ကလေးမှာ ရှေ့တည့်တည့်၌ရှိသောတောင်ကို လက်ညှိုးထိုးပြပြီး-

'ရှင်သူငယ်တောင်… ရှင်သူငယ်တောင်'ဟုပြောပြီး ရှေ့သို့ဆက်၍ ကြွသွားပါတော့သည်။ ဦးပဥ္စင်းဦးလှမောင်လည်း ထိုတောင်ပေါ်သို့ တက်မည်အပြုတွင် အိပ်မက်အရ ဘုရားတည်ရန် ရှင်သူငယ်တောင်အား ရှာဖွေနေသော ဖနီးမောင်နှံနှစ်ဦးနှင့် တွေ့ဆုံခဲ့ပါသည်။

'အရှင်ဘုရား… ရှင်သူငယ်တောင်ဆိုတာ ကြားဖူးပါသလားဘုရား'

'ခုနကတင်ပဲ ရှင်သူငယ်တောင်ဟာ ဒီတောင်ပဲလို့ ကိုရင်လေးတစ်ပါး ပြောသွားတာပဲ။ ရှင်သူငယ်တောင်ကို ဘာဖြစ်လို့ လိုက်ရှာတာလဲ'

'တပည့်တော်တို့ အိပ်မက်ထဲမှာ ရှင်ကုသိုလ်ဆိုတဲ့ ပုဂ္ဂိုလ်က ရှင်သူငယ်တောင်မှာ ဘုရားတည်ရမယ်လို့ မိန့်တော်မူတဲ့အတွက် ဒီတောင်ကို လိုက်ရှာနေတာပါဘုရား'

ဘုရားအစ်မ ဒေါ်ခင်စိန်မှ ဤသို့လျှောက်ထားခဲ့ပါသည်။

'ပထမ အိပ်မက်မက်စဉ်မှာ တပည့်တော်မတို့မှာ ငွေကြေးမပြည့်စုံလို့ ဘယ်လိုလုပ်ရမှန်းမသိအောင် ဖြစ်နေပါတယ်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ မျှားမကြာမီမှာ ဘုရားတည်ဖို့ ငွေကြေးပြည့်စုံလာတဲ့အတွက် အခြား မည်သူ့ကိုမှ အလှူမခံဘဲ တပည့်တော်တို့ ဘုရားတည်ဖို့ ရှင်သူငယ်တောင်ကို လာရှာတာပါဘုရား'

'အခုတော့ ရှင်သူငယ်တောင်ကို တွေ့ပြီမဟုတ်လား'

'တင်ပါ့ဘုရား… ရှင်သူငယ်တောင်ကိုတွေ့ပြီဆိုတော့ ဘုရားတည်ဖို့ စတင်ပါတော့မယ်ဘုရား'

ထိုသို့ပြောဆိုပြီး ထိုတောင်ပေါ်တွင် ဘုရားဒါယကာကြီးနှင့် ဇနီးဒေါ်ခင်စိန်တို့မှာ ကမ္ဘာ့ငြိမ်းအေး ကျိုက်ထီးရိုးစေတီတော်ကို တည်တော်မူခဲ့ပါသည်။ ဦးပဥ္စင်းမှာလည်း ဆွမ်းကိစ္စမပူပင်ရဘဲ ထိုတောင်တော်၌ သီတင်းသုံးခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ၎င်းအပြင် အိပ်မက်အရ ဤဘုရားအား စောင့်ရှောက်မည့် ကျောက်မိကျောင်းကြီးနှစ်ရုပ်ထုပေးပါဟု မက်သဖြင့် ဘုရားစောင်းတန်းတွင် ကျောက်မိကျောင်းရုပ်ကြီးနှစ်ရုပ် ထုလုပ်ပေးခဲ့ပါသည်။

စောင်းတန်း၌ ကျောက်မိကျောင်းရုပ်ကြီးနှစ်ရုပ်ကို ထုလုပ်ခဲ့သော်လည်း အမှတ်တမဲ့ပင် နေခဲ့ကြပါသည်။ ထိုကျောက်မိကျောင်းနှင့်ပတ်သက်သော ထူးခြားမှုကား ဘပေါင်းလ ဘုရားပွဲတော်တွင် ဖြစ်ပွားခဲ့ပါသည်။ ဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလ၌ ပြုလုပ်လေ့ရှိပါသည်။ ဘုရားပွဲတော်ည၌ ကာလသားတစ်ဦးသည် ကျောက်မိကျောင်းရုပ်၏ နံဘေးတွင် အပေါ့စွန့်ပြီး ရှန့်ရင်းကြမ်းတမ်းသော စကားများကို ပြောဆိုကာ အိမ်သို့ပြန်သွားခဲ့ပါသည်။ အိမ်သို့ရောက်ပြီး မကြာမီ လူမှန်းသူမှန်းမသိတော့ဘဲ မိကျောင်းတစ်ကောင်အလား တွားသွားကာ အော်ဟစ်နေရပါသည်။

၎င်း၏စကားတွင်-





'ကျောက်မိကျောင်း… ကျောက်မိကျောင်း'ဟု ပါသဖြင့် လူကြီးသူမများက ၎င်း၏သူငယ်ချင်းများကိုမေးရာ ကျောက်မိကျောင်းရုပ်အနီး၌ မဖွယ်မရာပြုလုပ်မိကြောင်း သိရှိခဲ့ကြပါသည်။ ထို့ကြောင့် ၎င်းကျောက်မိကျောင်းရုပ်ကြီးရှေ့တွင် အုန်းပွဲ၊ ငှက်ပျောပွဲများတင်၍ မသိနားမလည်၍ မှားမိကြောင်းနှင့် နောက်နောင် ဤကဲ့သို့ ရိုင်းစိုင်းခြင်းမပြုပါဟု ဝန်ချတောင်းပန်ခဲ့ကြပါသည်။ တစ်ခဏအကြာတွင် ထိုလူငယ်မှာ ကောင်းစွာသတိပြန်ရလာပါသည်။

ထိုအခါမှစ၍ ကျောက်မိကျောင်းကြီးအနီးတွင် မသန့်ရှင်းသောအမှုကို မပြုလုပ်ကြတော့ပေ။ ထိုသို့ ထူးခြားချက်အဖုံဖုံရှိသည့်အပြင် ပဋ္ဌာန်းဆက်ရှိသူများ၊ အဓိဋ္ဌာန်ပြုသူများလည်း ထိုတောင်တော်သို့ ရောက်လာတတ်ပါသည်။ ထိုသို့ ကမ္ဘာ့ငြိမ်းအေးစေတီတော်အား သွားရောက်ဖူးမြော်သူ များသဖြင့် စာရေးသူလည်း ထူးခြားအံ့ဖွယ်သော ဖြစ်ရပ်ဆန်းများရှိသော ရှင်သူငယ်တောင်ရှိ ဤစေတီသို့ သွားရောက်ခဲ့ပါသည်။ စာရေးသူတို့ အုပ်စုထဲတွင် အမျိုးသား၊ အမျိုးသမီး (၁၀)ယောက်ခန့် ပါဝင်ပါသည်။ ထိုဘုရားဖူးများအနက် ကိုဘဦးသည် ထူးခြားသည့်အိပ်မက်တစ်ခု မက်ပါသည်။

အိပ်မက်ထဲတွင် ကိုဘဦးမှာ ကျောက်မိကျောင်းကြီးအနီး လှေကားထစ်နား၌ ထိုင်နေစဉ် အမျိုးသမီးတစ်ဦးသည် သားကလေးတစ်ယောက်အား လက်ဆွဲလာပြီး ကိုဘဦးအနီးတွင် ထိုင်လိုက်ပါသည်။ ကိုဘဦးသည် ထိုအမျိုးသမီးအား လှည့်ကြည့်ရာ ၎င်းအလွန်မြင်ဖူးလှသည်ဟု ထင်လိုက်ပါသည်။ ဤတွင် ထိုအမျိုးသမီးမှ-

'ရှင် ကျွန်မကို မှတ်မိလား'

'မြင်ဖူးသလိုလိုပဲ၊ သိပ်တော့ မမှတ်မိဘူး'


www.burmeseclassic.com

www.burmeseclassic.com

'သဲသရာဆိုတဲ့ ချားရဟတ်မှာ ခဏ တစ်ရေးအိပ်လိုက်စဉ် လူတွေဟာ အားလုံးကို မေ့သွားတော့တာပဲ'

'ခင်ဗျားပြောတာ ကျွန်တော် နားမလည်ဘူး'

'ကျွန်မကတော့ ဒီဘဝမှာ ကျန်ရစ်ခဲ့သူမို့ အားလုံးကို သိနေပါတယ်။ ဘဝခြားတဲ့လူကတော့ ကျွန်မတို့သားအမိကို မမှတ်မိတော့ဘူးပေါ့'

ထိုအမျိုးသမီးမှ ဤသို့ပြောလိုက်ရာ ကိုဘဦးမှာ ဘဝခြားမှ ၄င်း၏ဇနီးနှင့် သားဟူသောအသိကို သိရှိလိုက်သလို ခံစားလိုက်ရပါသည်။

'ကျွန်မရဲ့သားကလေးကို ရှင်ပြုတော့မယ်'

'ဩော်… ရှင်ပြုတာ ကောင်းတာပေါ့'

'ရှင့်ကို ကျွန်မ တစ်ခုပြောလိုက်မယ်။ အခု ရှင့်မှာ အကြံအစည်တစ်ခု ပြုလုပ်ထားတယ်။ မကြာခင် အောင်မြင်လိမ့်မယ်။ အဲဒီအခါမှာ ကျွန်မနဲ့ သားကလေးကို အမျှဝေပေးပါ'

'အေးပါ… အမျှဝေပေးပါ့မယ်'

'ဒါဆို ကျွန်မ သွားတော့မယ်'

ထိုအမျိုးသမီးသည် ဤသို့ပြောဆိုကာ သားကလေးကိုလက်ဆွဲပြီး တောင်ခြေရှိ လူတစ်ရပ်ကျော်မြင့်သည့် ချုံနွယ်ပင်များကြားထဲသို့ တိုးဝင်ပျောက်ကွယ်သွားပါသည်။ ကိုဘဦးလည်း နိုးလာပြီး ထိုကျောင်းရှိ ဦးပဥ္စင်းအား လျှောက်ထားရာ-

'ဟိုဘဝက ပဋ္ဌာန်းဆက်တွေ ဖြစ်မှာပေါ့ ဒကာကြီး။ ကြံစည်ထားတဲ့ကိစ္စ အောင်မြင်ရင်သာ ပဋ္ဌာန်းဆက်များကို အမျှအတန်းပေးဝေပါ'

ကိုဘဦးလည်း ရန်ကုန်ပြန်ရောက်ပြီး မကြာမီ အကြံအစည်





အောင်သဖြင့် ၄င်း၏ပဋ္ဌာန်းဆက်များကို အမျှအတန်းပေးဝေခဲ့ပါသည်။ ယခုအခါ ကမ္ဘာ့ငြိမ်းအေးစေတီတော်မှာ ဘုရားဖူးသူများနှင့် စည်ကားနေပါသည်။ စာရေးသူလည်း တစ်ခါက ရောက်ခဲ့ဖူးသော ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်များနှင့် ပြည့်နှက်နေသော ရှင်သူငယ်တောင်အကြောင်း တင်ပြလိုက်ရပါသည်။


■

ရီရီမြေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# ဂိဂိဌေး

## နဂါးနက်ရေအိုင်

နှင့်

အခြားဝတ္ထုတိုများ

www.burmeseclassic.com